# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၈၃)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

၂၀၁၅ ခုနှစ်၊ မေ ၁ ရက်၊ ဗုဒ္ဓဟူးနေ့။


**စည်းလုံးညီညွတ်ပါက ဘေးရန်အန္တရာယ်ကို ကြံကြံခံပြီး ကျော်လွှားနိုင်။**

**စည်းလုံးညီညွတ်မှုပြိုကွဲပါက အသက်အန္တရာယ်အထိ ကျရောက်နိုင်။**

(မြတ်ဗုဒ္ဓ၏ ဝဋ္ဋကဇာတ်တော်)

## မြန်မာ့ငြိမ်းချမ်းရေးသမိုင်းကို ဖန်တီးပေးသူ၊ ဖော်ဆောင်ပေးသူများ



ဓာတ်ပုံ-သတင်းစဉ်

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မူကြမ်း အတည်ပြုချက် လက်မှတ်ရေးထိုး

စာမျက်နှာ ➢ ၃

## ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက် ရောင်ခြည်တင်မက၊ အလင်းတန်းတွေ ပေါ်လာပြီ

စာမျက်နှာ ➢ ၈

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

စာမျက်နှာ ➢ ၉

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း (Final Draft) ကို နှစ်ဖက်သဘောတူညှိနှိုင်း ပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်

စာမျက်နှာ ➢ ၉

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မျှော်လင့်ချက်ရောင်ခြည်အလင်းတန်း (သို့မဟုတ်) ငြိမ်းချမ်းရေးအတွက် သမိုင်းဝင်မည့်ပထမခြေလှမ်း

ငြိမ်းချမ်းရေးသည် ယနေ့မြန်မာပြည်သူတို့ အလိုလား အတောင့်တဆုံးသောအရာ၊ အလိုချင်ဆုံးသောဆန္ဒ ဖြစ်သည်။ ထို့ပြင် ငြိမ်းချမ်းရေးသည် မြန်မာပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက်လည်းဖြစ်သည်။ ယခုတော့ ပြည်သူတို့၏ မျှော်လင့်ချက် ရောင်ခြည်အလင်းတန်းတို့ လင်းလက်တောက်ပခဲ့ပြီ။ အလင်းရောက်သောအခါ အမှောင်သည်လည်း ပါးလျားခဲ့ရပြီဖြစ်သည်။

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)တွင် ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်း ပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ရာ ငြိမ်းချမ်းရေးပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်းနိုင်မည့် တံခါးတစ်ချပ်ကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် မူကြမ်းရရှိရေးအတွက် UPWC နှင့် NCCT တို့အကြား ဆွေးနွေးပွဲများကို ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၄ရက်နေ့မှစတင်ကာ ပြည်တွင်းပြည်ပတွင် အလွတ်သဘော ၂၂ကြိမ်၊ တရားဝင် ခုနစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရပြီး တစ်နှစ်ကျော်ကြာ မာရသွန်ဆွေးနွေးပွဲများအတွင်း တစ်ဖက်နှင့်တစ်ဖက် ပွင့်လင်းရိုးသားမှု၊ နားလည်စာနာမှု၊ အပြန်အလှန်လေးစားမှု၊ သည်းခံလိုက်လျောမှုတို့ဖြင့် စေ့စပ်ညှိနှိုင်းခဲ့ကြရခြင်းဖြစ်ကြောင်းသိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစု ရေးဆွဲပြီးစီးကြောင်း အတည်ပြုသည့်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ငြိမ်းချမ်းရေးသည် ပြည်သူများ၏လိုလားချက်၊ ဆန္ဒနှင့် မျှော်လင့်ချက်ပင်ဖြစ်ပါကြောင်း၊ မျှော်လင့် ချက်များနှင့် စောင့်စားနေကြသည့်ပြည်သူများအတွက် ငြိမ်းချမ်းရေး ရရှိနိုင်ရန် ဆောင်ကြဉ်းပေးနိုင်သူများသည် မိမိတို့အားလုံးပင် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

စင်စစ်အားဖြင့် နိုင်ငံရေးကို အခြားနည်းဖြင့် အဖြေရှာရာမှ ဖြစ်ပေါ်လာခဲ့ရသည့် စစ်ပွဲများမှာ မိမိတို့နိုင်ငံတွင် ရာစုနှစ်ထက်ဝက်မက ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထိုစစ်ပွဲများ၏ မြေစာပင်များမှာ စစ်မက်ဖြစ်ပွားရာဒေသများမှအပြစ်မဲ့ ပြည်သူများပင် ဖြစ်သည်။ ထို့ပြင် စစ်မြေပြင်တွင် လက်နက်ဆွဲကိုင် တိုက်ခိုက်ကြရသူများမှာ နိုင်ငံ၏ အနာဂတ် တည်ဆောက်ရေးအင်အားဖြစ်လာရမည့် လူငယ်များဖြစ်သည်။ တက်ဘလက်ကိုင်ကာ ပညာသင်လိုသူတောတွင်း လက်နက်ကိုင် လူငယ်တစ်ဦး၏ ဆန္ဒကို နိုင်ငံတော်သမ္မတကိုယ်တိုင် ကြင်နာမှု၊ စာနာမှုတို့ဖြင့် တစ်ခါက ထောက်ပြခဲ့ဖူးသည်။ ယခုတော့ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်အလင်းတန်းတို့ တောက်ပလာခဲ့ပြီဖြစ်သည်။ နိုင်ငံရေးကို နိုင်ငံရေး နည်းလမ်းဖြင့် စားပွဲဝိုင်းတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာရန် တံခါးပွင့်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နေရာအသီးသီးမှ ပါဝင်ခွင့်ရရှိနေကြသူများမှာ အနာဂတ်မြန်မာ့သမိုင်းကို လှပစွာကမ္ပည်းရေးထိုးပေးသူများအဖြစ် မှတ်တမ်းကျန်ရှိမည့်သူများဖြစ်သည်။ အောက်ခြေအထောက်အကူပြုဝန်ထမ်းမှစ၍ အဆုံးအဖြတ်ပေးသည့် ခေါင်းဆောင်များအားလုံးအထိ မြန်မာ့ငြိမ်းချမ်းရေး၏ သူရဲကောင်းများဖြစ်ကြသည်။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ထာဝရငြိမ်းချမ်းရေးကို သူရဲကောင်းတို့၏ နှလုံးသားဖြင့် ရယူဆောင်ကြဉ်းပေးနိုင်ကြပါစေကြောင်း မြန်မာ့အလင်းက ဆုမွန်တောင်းကာ ဆန္ဒပြုအပ်ပါသည်။ ။

ပြည်တွင်းသတင်း

# တနင်္သာရီကမ်းလွန်လုပ်ကွက် M-15 ထုတ်လုပ်မှု ခွဲဝေခံစားရေးစာချုပ် လက်မှတ်ထိုး

**နေပြည်တော် မတ် ၃၁**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဩစတြေးလျနိုင်ငံတွင် အခြေစိုက်ပြီး စင်ကာပူနိုင်ငံ၌ မှတ်ပုံတင်ထားသည့် TRG M-15 Pte ., Ltd. နှင့် ကနေဒါနိုင်ငံ၌ အခြေစိုက်ပြီး စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် CFG Energy Pte .,Ltd .နှင့် မြန်မာ နိုင်ငံမှ Century Bright Gold Co., Ltd. တို့သည်တနင်္သာရီ ကမ်းလွန်လုပ်ကွက် M-15 အတွက် ထုတ်လုပ်မှု အပေါ်ခွဲဝေခံစားရေး စာချုပ်ကို မတ် ၃၀ရက်က နေပြည်တော်ရှိ Hilton ဟိုတယ်၌ လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**



အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးငွေးအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီးများ မြန်မာနိုင်ငံ ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ် ကြီး H.E. Mr. Nicholas Coppel၊ TRGM-15 Pte.,Ltd.မှ Managing Director Mr. Simon Trevisan၊ CFG Energy Pte., Ltd မှ Chair- man Mr. Songing Shen နှင့် Century Bright Gold Co.,Ltd.တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြား၍ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Mr. Simon Trevisan Mr. Song- ning Shen တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူ စာချုပ်များကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Mr. Simon Trevisan၊ Mr. Songning Shen နှင့် ဦးကျော်သူရတို့က လက်မှတ်ရေးထိုးကြသည်။

ယခု တနင်္သာရီကမ်းလွန် လုပ်ကွက် M-15 လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် အဌမမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။ အဆိုပါ စာချုပ်လက်မှတ်ရေးထိုး ခြင်းမှာ Signature Bonus အမေရိကန်ဒေါ်လာ ၅၁သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ ဝဒသမ ၃၅ သန်းရရှိမည်ဖြစ်သည်။

ယခု လက်မှတ်ရေးထိုးသည့် CFG ကုမ္ပဏီသည် လုပ်ငန်းအတွေ့အကြုံများစွာရှိပြီး လုပ်ငန်းစီမံခန့်ခွဲမှု၊ ငွေကြေး အင်အားတောင့်တင်းခိုင်မာမှုနှင့် နည်းပညာမြင့်မားသည့် ကုမ္ပဏီတစ်ခုဖြစ်ပါကြောင်း၊ TRG ကုမ္ပဏီသည် နိုင်ငံတကာရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအဖွဲ့အစည်းများ၏ Strong track record ရရှိထားပြီး လုပ်ငန်းအတွေ့အကြုံ နှစ် ၃၀ ကျော် ရှိပါကြောင်းနှင့် ဩစတြေးလျ၊ အာဖရိက၊ အာရှ ဥရောပ၊ တောင်နှင့်မြောက် အမေရိကနိုင်ငံများ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းများ အောင်မြင်စွာဆောင်ရွက်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) ပူဇော်

**နတ်မောက် မတ် ၃၁**

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၅) ကြိမ်မြောက် နတ်မောက်နွယ်ဖွား သံဃာတော်များ၊ စာအောင်သံဃာတော်များ ပူဇော်ပွဲ၊ သက်ကြီးနာယကများ ကန်တော့ပွဲနှင့် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ ကြည့်မြင်တိုင်နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာစုပရိယတ္တိစာသင်တိုက်ကြီး၌ မတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပူဇော်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ခြောက်ထပ်ကြီးကျောင်းတိုက် သိဂီဦးကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ အမှူးပြုသော နတ်မောက်နွယ်ဖွား သံဃာတော်များ၊ သက်ကြီးနာယက အဘိုးအဘွားများ၊ တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ စုံညီစွာတက်ရောက်၍ ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**အောင်သန်းထွန်း (နတ်မောက်)**

# ဖိတ်ခေါ်ဖလား ပိုက်ကျော်ခြင်း ပြိုင်ပွဲကျင်းပ

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် 4TV တို့ပူးပေါင်း၍ Sepak Takraw 4TV Cup 2015 ဖိတ်ခေါ်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲကို မတ် ၃၀ ရက်က သုဝဏ္ဏအမျိုးသား အားကစားပြိုင်ပွဲရုံ(၁)၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ Forever Group Co.,Ltd. မှ CEO ဦးဝင်းမော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါပြိုင်ပွဲတွင် အလွတ်တန်းအမျိုးသားပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမား ၂၉၀ နှင့် အသက် ၁၆ နှစ်အောက် (အမျိုးသား)ပြိုင်ပွဲတွင် ၁၁၀ စုစု ပေါင်း ၄၀၀ တို့ပါဝင်ပြီး ၁၆ နှစ်အောက် ၂၂ သင်းနှင့် အလွတ်တန်း ၅၈ သင်း စုစုပေါင်း အသင်းပေါင်း ၈၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ဧပြီ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများကို အခမဲ့လာရောက်ကြည့်ရှုနိုင်ပြီး For Sport ရုပ်သံလိုင်းနှင့် Channel 7 ရုပ်သံလိုင်းတို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၇၈-၁၀၈၂ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၆၅၀၀-၁၆၈၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |

| | | |
|---|---|---|
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၃၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၁၀၀-၁၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၇၀၀-၁၇၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၅၀-၈၂၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၁၀၀-၃၁၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၆၂၀၀-၆၅၀၀ |
| သကြား | တစ်ပိဿာ | ၈၂၀-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်း အတည်ပြုချက် လက်မှတ်ရေးထိုး

နေပြည်တော်   မတ်   ၃၁

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) ၌ ကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတကပြောကြားရာတွင် ယခုကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်များနှင့် စုံလင်စွာတွေ့ရသည့်အတွက် ဝမ်းသာနှင့် Political Dialog အတွက် တံခါးပေါက် ပွင့်သွားပြီဖြစ်ပါကြောင်း၊ ကြားကာလအတွင်း တွေ့ကြုံရမည့် အခက်အခဲနှင့် ပြဿနာများကို နှစ်ဖက်ညှိနှိုင်း ကျော်လွှားသွားကြရမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အားလုံးသည် မြန်မာငြိမ်းချမ်းရေး၏ သမိုင်းကို ဖန်တီးဖော်ဆောင်ပေးသူများဖြစ်သည့်အပြင် တည်ဆောက်ပေးသူများအဖြစ်လည်း မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ကျန်ရှိခဲ့မည့်သူများဖြစ်ပါကြောင်း၊ ယခု ဆောင်ရွက်ချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့်အောင်မြင်မှု၊ တစ်နည်းအားဖြင့် "ဒုတိယပင်လုံ၏ အောင်ပွဲ" အဖြစ် ပြောစမှတ်ပြုကြမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတ၏ ရှေ့မှောက်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစု ရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC) မှ ဦးအောင်မင်း၊ ဦးသိန်းဇော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်တို့နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT) မှ ဦးနိုင်ဟံသာ၊ ပဒိုစောကွယ်ထူးဝင်း၊ ဗိုလ်ချုပ်ဂွမ်မော်၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဗိုလ်မှူးကြီးခွန်ဥက္ကာတို့က လက်မှတ်ရေးထိုးကြပြီး အဖွဲ့ခေါင်းဆောင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် နိုင်ဟံသာတို့က အပြန်အလှန်လဲလှယ်ကြပြီး အခမ်းအနားကို

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

(UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်း ပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား လက်မှတ်ရေးထိုးသည့်အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT) တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ (UPCC)၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT) တို့မှ အဖွဲ့ဝင်များပါကြောင်း၊ ပို၍ဝမ်းသာဖွယ်ရာကောင်းသည်မှာ ယမန်နေ့ည MRTV သတင်းတွင် ပြောကြားခဲ့သည့် တိုင်းရင်းသားခေါင်းဆောင်များ၏ဝမ်းသာဖွယ်ရာ ရင်တွင်းစကားများကို ကြားရသည့်အတွက်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူများ၏ လိုလားချက်၊ ဆန္ဒနှင့် မျှော်လင့်ချက်ပင်ဖြစ်ပါကြောင်း၊ မျှော်လင့်ချက်များနှင့်စောင့်စားနေကြသည့် ပြည်သူများအတွက် ငြိမ်းချမ်းရေးရရှိနိုင်ရန် ဆောင်ကြဉ်းပေးနိုင်သူများသည် ကျွန်တော်တို့အားလုံးပင် ဖြစ်ပါကြောင်း။

NCA စာချုပ်မူကြမ်းအား အကြိမ်ကြိမ်အခါခါ ဆွေးနွေးခဲ့ရပြီး ယမန်နေ့က သဘောတူညီချက်ရရှိပြီးဖြစ်ကြောင်းနှင့် ယခုလက်မှတ်ထိုးနိုင်ကြပြီဖြစ်ပါကြောင်း၊ ယခုသဘောတူညီချက်သည် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုဧပြီလအတွင်း NCA လက်မှတ်ရေးထိုးနိုင်ရေး ကျွန်တော်တို့ သေချာစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း။

NCA လက်မှတ်ရေးထိုးပြီးသည်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



ပြည်တွင်းသတင်း

# ငြိမ်းချမ်းရေးသည် ပြည်သူများ၏ လိုလားချက်၊ ဆန္ဒနှင့် မျှော်လင့်ချက်ပင်ဖြစ်

*စာမျက်နှာ ၃ မှ*

ရပ်နားလိုက်သည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT)တို့မှ အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC)၌ ခင်မင်ရင်းနှီးစွာ နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှေ့မှောက်၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့မှ တက်ရောက်ကြသူများ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

*❋ ကျောဖုံးမှ*

အသီးသီး ရှင်းလင်းတင်ပြခဲ့ကြပြီး ဒုတိယသမ္မတက အဆိုပါ ရှင်းလင်းချက်များအပေါ် ပြန်လည်သုံးသပ် မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးခဲ့ပြီး ဗီယင်ကျန်းပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများနှင့်အတူ နမ့်ငွမ်း(၁) ရေအားလျှပ်စစ်စက်ရုံ အတွင်းရှိ ရေအားလျှပ်စစ်ထုတ်လုပ်နေမှုအား ကြည့်ရှုလေ့လာသည်။

ထို့နောက် နမ့်ငွမ်းဆည် ရေလှောင်ကန်အတွင်း ခရီးသွားလာမှု လုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိမှု အခြေအနေတို့အား ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် ဗီယင်ကျန်းပြည်နယ် အုပ်ချုပ်ရေးမှူးက ရေယာဉ်ပေါ်တွင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

လာအိုနိုင်ငံ၏ လျှပ်စစ်မီးရရှိမှု အခြေအနေသည် ၁၉၉၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ အိမ်ထောင်စုပေါင်း ၁၉ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် အိမ်ထောင်စုပေါင်း၏ ၈၈ ရာခိုင်နှုန်းအထိ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လာအိုနိုင်ငံ၏ လူတစ်ဦးချင်း လျှပ်စစ်သုံးစွဲမှုမှာ လွန်ခဲ့သည့် ၁၅ နှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှတိုးတက်မှု ၁၀ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ယခုလက်ရှိတွင် ကီလိုဝပ်နာရီ ၄၇၀ ရှိကြောင်း၊ နိုင်ငံ၏ ပို့ကုန်ဝင်ငွေစုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အားကို ပြည်ပသို့ တင်ပို့ရောင်းချမှုမှ ရရှိနေကြောင်းနှင့် ၂၀၂၀ ခုနှစ်တွင် ပြည်တွင်း အသားတင်ထုတ်လုပ်မှု၌ လျှပ်စစ်ကဏ္ဍ၏ ပါဝင်မှုကို ၁၆ ရာခိုင်နှုန်းအထိ တိုးတက်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် လျှပ်စစ်ထုတ်လုပ်ရန် စက်တပ်ဆင်မှုစွမ်းအား ၃၃၂၉ မဂ္ဂါဝပ်ရှိရာမှ ၂၀၂၀ ခုနှစ်တွင် ၉၅၁၄ မဂ္ဂါဝပ် အထိ တိုးတက်အောင် ရေအားလျှပ်စစ်ကို အဓိကထား၍ ဆောင်ရွက်ကာ ထွက်ရှိလာမည့် လျှပ်စစ်မှ ၈၅ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချသွားရန် စီမံထားကြောင်း၊ နမ့်ငွန်မြစ်ပေါ်တွင်ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စက်ရုံစီမံကိန်း (၅)ခုအနက် ယခုနမ့်ငွမ်းစက်ရုံမှာ တစ်ခုဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်၍ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညဏ်ထွန်း လာအိုနိုင်ငံ နမ့်ငွမ်း(၁)ရေအားလျှပ်စစ်စက်ရုံမှ တာဝန်ရှိသူများနှင့် လာအိုနိုင်ငံ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မေးမြန်းမှုများ ပြုလုပ်စဉ်။ (သတင်းစဉ်)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)အချောသပ်မူကြမ်း အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ



**ရန်ကုန် မတ် ၃၁**

UPWC ဘက်မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ NCCT ဘက်မှ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာ၊ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် ပဒိုစောကွယ်ထူးဝင်းနှင့် ဗိုလ်ချုပ် ဂွမ်မော်၊အဖွဲ့ဝင်ဗိုလ်မှူးကြီး ခွန်ဥက္ကာတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA ) အချောသပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ညနေ ၅ နာရီတွင် ကျင်းပသည်။

ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းနှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့(NCCT ) အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

UPWC အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်က အချက်(၅) ချက်ပါ နှစ်ဖက် ပူးတွဲထုတ်ပြန်ချက်ကို ကြေညာသည်။ NCCT အဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းက နှစ်ဖက်အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ပဋိပက္ခလျှော့ချရေးဆိုင်ရာ အချက်(၂)ချက်ပါ သဘောထား ထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းပြည်ပ သတင်းမီဒီယာသမား (၁၇၀) မှ သတင်းရယူခဲ့ကြသည်ဟု MPC မှ ထုတ်ပြန်သည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# ကုန်သွယ်ရေးနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပါကစ္စတန် ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူဟာမက်ဇာကော်လာ အဲန်အိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ပါကစ္စတန် ရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး Mr. Ehsan Ullah Batth လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ပိုမိုမြှင့်တင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဩစတြေးလျသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၃၁**

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီး H.E.Mr . Nicholas Coppel အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးစောမော်ထွန်း၊ ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးစိုးမြင့်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



❍ *ကျောဖုံးမှ*

မြန်မာအသင်းမှာ အခြားအသင်းများ၏ ရလဒ်ကိုစောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းတွင် အမာခံကစားသမားများဖြစ်ကြသည့် လှိုင်းဘိုဘိုပွဲပယ်ခံထားရသလို ဇော်ရဲထွန်း၊ သီဟဇော်တို့မှာလည်း ဒဏ်ရာရနေ၍ ပွဲထွက်လူစာရင်းကို အနည်းငယ်ပြောင်းခဲ့သည်။ မြန်မာအသင်းသည် ပေးဂိုးနည်းရန် ကြိုးပမ်းခဲ့သော်လည်း ဩစတြေးလျတိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ ၁၀၊ ၁၃၊ ၅၉၊ ၆၈၊ ၆၉ မိနစ်တို့တွင် ဂိုးများပေးခဲ့ရသည်။ မြန်မာအသင်းအတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ၈၇ မိနစ်တွင် ကောင်းဆက်နိုင်က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စု သုံးပွဲကစားအပြီးတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ်ဖြင့် ဒုတိယနေရာရရှိခဲ့သည်။ ယခုပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် သွင်းဂိုး ငါးဂိုး၊ ပေးဂိုး ငါးဂိုးဖြင့် ဂိုးကွာခြားချက်တွင် သုညဖြစ်သွားရာ အကောင်းဆုံးအုပ်စုဒုတိယ ငါးသင်းအတွင်းဝင်ရန် အခွင့်အလမ်း အလွန်နည်းသွားပြီ ဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ပညာဒါနသင်တန်းများ ဖွင့်လှစ်လျက်ရှိ

**ရန်ကုန် မတ် ၃၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သရပါစာကြည့်တိုက်တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် နွေရာသီ အင်္ဂလိပ်စာပညာဒါန အခြေခံသင်တန်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလမြို့နယ်၊ လှိုင်မြို့နယ်၊ သာကေတမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ သန်လျင်မြို့နယ်နှင့် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများ၌ ၂၀၁၅ ခုနှစ် မတ် ၉ ရက်မှစ၍ စတင်ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းသည် အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာ အခြေခံတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၄ ခုနှစ် နွေရာသီ ကျောင်းအားလပ်ချိန်များမှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်သည် ဒုတိယအကြိမ် စီစဉ်ဖွင့်လှစ်သည့် သင်တန်းများဖြစ်သည်။

အဆိုပါသင်တန်းများသို့ အခြေခံပညာအလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူ ၃၅၃ ဦး တက်ရောက်လျက်ရှိပြီး မတ် ၂၉ ရက်မှစ၍ အခြေခံပညာအထက်တန်း ဖြေဆိုထားသည့် ကျောင်းသားကျောင်းသူများနှင့် တက္ကသိုလ်/ကောလိပ်အသီးသီး၌ တက်ရောက်လျက်ရှိသည့် ကျောင်းသားကျောင်းသူများအတွက် လမ်းမတော်မြို့နယ်နှင့် သန်လျင်မြို့နယ်များတွင် ထပ်မံစီစဉ်ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထူးချွန်မသန်စွမ်း မစုပုံချစ်အား ဆန္ဒဖော်ထုတ်ပွဲမှာပါဝင်လို့ တိုက်ခန်းပြန်အပ်ခိုင်းခြင်းဆိုသည်မှာ မှန်ကန်မှုမရှိ

သတင်းများရေးသားဖော်ပြရာတွင် အချက်အလက်တိကျမှန်ကန်စေရေး၊ သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်နှင့် အာဘော်များ လုံးဝမပါရှိစေရေး သတင်းမီဒီယာဥပဒေမှ သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များတွင် လေ့လာမှတ်သားရပါသည်။

သို့သော်လည်း မစုပုံချစ်နေထိုင်သည်ဆိုသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနပိုင် ရွှေဂုံတိုင်ဝန်ထမ်းအိမ်ရာ တိုက်-အေ အခန်း-၂၀၃နှင့် ပတ်သက်သည့်သတင်းကို သတင်းစာ၊ ဂျာနယ် အချို့နှင့် လူမှုကွန်ရက်သတင်းများတွင် သတင်းအချက်အလက်များယွင်းစွာဖြင့် ဖော်ပြနေသည်ကို တွေ့မြင်နေရသည်။

"အဲဒီမှာ ဖော်ပြထားသလို သမီးလေး စုပုံချစ်ကို ဖေဖော်ဝါရီလပိုင်းက ကျောင်းသားတွေ ဆန္ဒထုတ်ဖော်ခဲ့ကြတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှု ဆန္ဒထုတ်ဖော်ပွဲမှာပါဝင်လို့ တိုက်ခန်းကိုပြန်အပ်ခိုင်းတယ်ဆိုတာ မမှန်ကန်ပါဘူး။ ဟုတ်လည်းမဟုတ်ပါဘူး။ သမီးလေးဟာ ကျွန်မတို့ဌာနရဲ့ ဝန်ထမ်းမဟုတ်ပါဘူး။ အဲဒီတိုက်ခန်းကို ကျွန်မတို့ဝန်ထမ်းတွေ နေရာချထားဖို့အတွက် ကျွန်မတို့က သမီးစုပုံချစ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်နေ့ကတည်းက ပထမအကြိမ် တရားဝင် အကြောင်းကြားခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ နောက်မှာလည်း နှစ်ကြိမ်ထပ်မံပြီး အကြောင်းကြားခဲ့ပါသေးတယ်။ ဆန္ဒဖော်ထုတ်ပွဲတွေ မစခင်ကတည်းက အကြောင်းကြားခဲ့တဲ့ကိစ္စကို အဲဒီနောက်မှ ဖေဖော်ဝါရီလအတွင်းမှာ စတင်ဖြစ်ပွားခဲ့တဲ့ ဆန္ဒဖော်ထုတ်ပွဲတွေမှာ ပါဝင်လို့ တိုက်ခန်းကနေ ဖယ်ခိုင်းတယ်ဆိုတာ ဘယ်လိုမှ မသက်ဆိုင်ပါဘူး"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနွယ်က ပြောသည်။

လူမှုကွန်ရက်ပါ မစုပုံချစ်ကို နေထိုင်ခွင့်ပြုထားသည့် ရန်ကုန်မြို့ရှိတိုက်ခန်းသည် ပညာရည်ထူးချွန်သည့် မစုပုံချစ်အား ပညာသင်ကြားရာတွင် လွယ်ကူချောမွေ့စေရန် ရွှေဂုံတိုင်ဝန်ထမ်းအိမ်ရာများမှ တိုက်ခန်းတစ်ခန်းတွင် ခေတ္တနေထိုင်ခွင့်ပြုခဲ့ခြင်းသာဖြစ်သည်ဟု သိရသည်။

"ကျွန်မတို့ဝန်ကြီးဌာနက ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့မှာ ထူးချွန်မသန်စွမ်းစာရင်းတွေကို သက်ဆိုင်ရာကဏ္ဍအလိုက် တောင်းခံတဲ့အခါ သမီးလေး စုပုံချစ်လည်း ပါဝင်ခဲ့တယ်။ သမီးက ညောင်တုန်းက ဖြစ်တယ်။ ဒါကြောင့် သမီးလေး ပညာဆက်လက်သင်ကြားတဲ့နေရာမှာ လွယ်ကူစေဖို့ ရန်ကုန်က ဌာနပိုင်ဝန်ထမ်းအိမ်ရာတိုက်ခန်းမှာ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလကတည်းက ခေတ္တနေထိုင်ခွင့်ပြုခဲ့ခြင်းသာဖြစ်ပါတယ်။ အခုဟာကလည်း ကျွန်မတို့ဝန်ကြီးဌာနက ရန်ကုန်မှာ ပြည်သူ့အကျိုးပြုစောင့်ရှောက်ရေး ဂေဟာတွေ၊ ဌာနတွေပါ တိုးချဲ့ဖွင့်လှစ်တဲ့အတွက် နိုင်ငံ့တာဝန်ထမ်းဆောင်မယ့် ဝန်ထမ်းတွေနေထိုင်ဖို့အတွက် ခေတ္တနေထိုင်ခွင့်ပြုထားတဲ့ သမီးလေး စုပုံချစ်ကို ဖယ်ရှားပေးဖို့ ဌာနအနေနဲ့ တောင်းဆိုခဲ့ရခြင်း ဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။



**ဒေါ်သင်းသင်းနွယ်**
**ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ယခင်က ရန်ကုန်မြို့ပေါ်၌ လူမှုဝန်ထမ်းဦးစီးဌာနမှ မူလတန်းကြိုကျောင်းများ၊ လူငယ်သင်တန်းကျောင်းများ၊ ကလေးပြုစုရေးဌာနများသာ ရှိခဲ့သော်လည်း ယခုအခါ ယင်းဌာနများအပြင် ဘိုးဘွားများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရင်းအမြစ်ဌာနနှင့် နားမကြားသောကလေးများ ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ထိုသို့ ဌာနများ တိုးချဲ့ဖွင့်လှစ်မှုနှင့် အတူ ဝန်ထမ်းအင်အားမှာလည်း ယခင်က ၈၅၀သာရှိခဲ့ရာမှ ယခုအခါဝန်ထမ်းအင်အားမှာ ၁၀၀၉ ဦးထိ တိုးချဲ့ခန့်ထားခြင်းကြောင့် ဝန်ထမ်းများ နေထိုင်ခွင့်ပြုရန် စီစဉ်ဆောင်ရွက်နေရကြောင်း သိရသည်။

**မောင်ဇော်(ကလေး)**

ပြည်တွင်းသတင်း

# သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိကြသောတပ်မတော်သားများကို ပြည်သူများကဂုဏ်ယူလျက်ရှိ

ပြင်ဦးလွင် မတ် ၃၁

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးထွဋ်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်တပ်နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ ( ခုတင် ၇၀၀) ဧည့်ခန်းမတွင် ဆေးရုံတပ်မှူးနှင့် ဆရာဝန်၊ သူနာပြုများအား တွေ့ဆုံသည်။



တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တပ်မတော်အနေဖြင့် နိုင်ငံတော်၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သစ္စာလေးချက်ကို ဦးထိပ်ပန်ဆင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားအများအကျိုးအတွက် ဆောင်ရွက်နေသည့် တပ်မတော်ဖြစ်၍ နိုင်ငံသားများနည်းတူလွှတ်တော်ကလည်း လေးစားဂုဏ်ယူလျက်ရှိပါကြောင်း၊ ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် အသက်ကိုမငဲ့ကွက်ဘဲ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိကြသော တပ်မတော်သားများကို ပြည်သူများကချစ်ခင်လေးစားပြီး ဂုဏ်ယူလျက်ရှိပါကြောင်း၊ အများအကျိုးအတွက် တိုင်းပြည်အတွက် တပ်မတော်၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုပါကြောင်း။

ယနေ့ လာရောက်ရခြင်းမှာ ပြည်သူများ၏ကိုယ်စား လွှတ်တော်က ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့တွင် တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ မည်သည့်ပါတီပင်ဖြစ်စေ တပ်မတော်အပေါ် လေးစားချစ်ခင်ယုံကြည်လျက်ရှိပါကြောင်း၊ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်လျက်ရှိရာ တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်မှသာ နယ်မြေအေးချမ်းသာယာရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ခိုင်မာစွာ တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ ဒုတိယဥက္ကဋ္ဌ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကိုတို့က လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား တပ်မတော်သားများ၏ ရဲဝံ့စွန့်စားဆောင်ရွက်မှုတို့ကို ဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လတ်တလောကာလအတွင်း လောက်ကိုင်ဒေသတိုက်ပွဲများတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား တိုက်ပွဲဝင်ကြရာမှ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြပြီး ဆေးကုသမှု ခံယူလျက်ရှိကြသော တပ်မတော်သားအရာရှိ၊ စစ်သည်များအား တစ်ဦးချင်းစီတွေ့ဆုံအားပေးကာ **(ဝဲပုံ)** ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

# တစ်ကမ္ဘာလုံးအပေါ် ခြိမ်းခြောက်နေသောအကြမ်းဖက်နှိမ်နင်းရေးကဏ္ဍများတွင် အတွေ့အကြုံများဖလှယ်၍ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၃၁

**မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးသည် ရှည်လျားကောင်းမွန်သောဆက်ဆံရေးရှိပါကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစတင်၍ ခေါင်းဆောင်များတည်ဆောက်ခဲ့သော ကောင်းမွန်သည့် မိတ်ဆွေနိုင်ငံဆက်ဆံရေးအား ဆက်လက်ထိန်းသိမ်း၍ ပိုမိုအရှိန်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ပါကစ္စတန် ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်ဇာကော်လာအဲန်အိုင်အား လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားသည်။** (ယာပုံ)



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ပါကစ္စတန်ရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Ehsan Ullah Baath၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပါကစ္စတန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအပေါ် အလေးအနက်ထားမှုနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်လိုသော သဘောထားအပေါ် ကြိုဆိုဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် အာဆီယံအကြား ဆက်စပ်ပေါင်းကူးပေးသောနိုင်ငံဖြစ်၍ ပါကစ္စတန်နှင့် အာဆီယံအကြား ပိုမိုချစ်ကြည် ပူးပေါင်းဆောင်ရွက်နိုင်ရေး ထောက်ခံကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ-ပါကစ္စတန်သာမက ပါကစ္စတန်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ရေတပ်ပိုင်းဆိုင်ရာတွင်သာမက အခြားသောကဏ္ဍများနှင့် တစ်ကမ္ဘာလုံးအပေါ် ခြိမ်းခြောက်နေသော အကြမ်းဖက်နှိမ်နင်းရေးကဏ္ဍများတွင် အတွေ့အကြုံများဖလှယ်၍ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဧည့်သည်တော်က မြန်မာ-ပါကစ္စတန်နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးမှာ နက်ရှိုင်းစွာ ကောင်းမွန်သည့်အပြင် ပါကစ္စတန်နိုင်ငံတွင် ပထမဆုံးခန့်အပ်သည့် သံအမတ်ကြီးမှာလည်း မြန်မာနိုင်ငံ သံအမတ်ကြီးပင်ဖြစ်ပါကြောင်း၊ ပါကစ္စတန်နိုင်ငံ လွတ်လပ်ရေးရပြီးစ နိုင်ငံတည်ငြိမ်မှု တည်ဆောက်ချိန် မြန်မာနိုင်ငံ၏ ထောက်ခံကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပါကစ္စတန်နိုင်ငံအား အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ထောက်ခံအားပေးမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားသာမက နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးတို့တွင် အကန့်အသတ်မရှိ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော် (ရေ)အကြား ဆက်ဆံရေးအပြင် တပ်မတော်(ကြည်း၊ လေ) ဆက်ဆံရေးများ တိုးမြှင့်ဆောင်ရွက်ရေး၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးနှင့် သင်တန်းများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပါကစ္စတန် ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက်ဇာကော်လာအဲန်အိုင်သည် ပါကစ္စတန်ရေတပ်အကယ်ဒမီကျောင်းမှ အကောင်းဆုံးကျောင်းသားဆုဖြင့် သင်တန်းဆင်းခဲ့သူဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ပါကစ္စတန်ရေတပ်၏ ၂၀ ဦးမြောက် ဗိုလ်ချုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရသူဖြစ်ကြောင်း သိရှိရသည်။

**(မြဝတီ)**

❖ *ကျောဖုံးမှ*

လူနာလေးဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ယင်းကုထုံးကို NEUROE DOVASCULRA THERAPY ခေါ်ဆိုပြီး ဦးနှောက်အတွင်း သွေးကြောဆိုင်ရာရောဂါများ ခံစားနေရသူများ ခွဲစိတ်စရာမလိုဘဲ ဝေဒနာကို သက်သာပျောက်ကင်းအောင် ကုသနိုင်သော ကုထုံးဖြစ်သည်။

"ကျွန်မတို့ JIMCO အဖွဲ့အနေနဲ့ မြန်မာနိုင်ငံမှာ Training Centre ဖွင့်လှစ်ပြီး ဒီကုထုံးနည်းပညာကို မြန်မာဆရာဝန်များထံ လက်ဆင့်ကမ်းပို့ချနိုင်အောင် စီစဉ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကဆေးရုံတွေမှာလည်း ကုသနိုင်မယ့် အစီအစဉ်ကို စီစဉ်ထားပါတယ်။ ဆောလျင်စွာ ဆေးဝါးကုသပေးရမယ့်အခြေအနေ ရောက်ရှိနေတဲ့ လူနာများအတွက် ရန်ကုန်ဆေးရုံကြီးမှာ ကုသပေးဖို့စီစဉ်ထားပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံမှာ သွားရောက်ကုသဖို့ လိုအပ်တယ်ဆိုရင်လည်း ကျွန်မတို့ဆေးရုံဖြစ်တဲ့ FUJITA HEALTH UNIVERSITY နဲ့ ဆက်သွယ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဂျပန်အပြည်ပြည်ဆိုင်ရာဆေးဘက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး Toshiko TAKAHASHI က မြန်မာ့အလင်းသို့ ပြောကြားသည်။

အဆိုပါ ဂျပန်နိုင်ငံ JIMCO အဖွဲ့မှ ပါမောက္ခဒေါက်တာ HARA-KAWA သည် သင်ကြားပို့ချခွင့်လက်မှတ် ကိုင်ဆောင်ထားသူဖြစ်ပြီး ဂျပန်နိုင်ငံ၌ ဆေးပညာရပ်များ သင်ကြားပို့ချလျက် ရှိသည့်အပြင် ပြည်ပနိုင်ငံများတွင်လည်း ဆေးပညာရပ်များ သင်ကြားပို့ချပေးနေသော ဆရာဝန်တစ်ဦးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အဆိုပါ ကုထုံးကို ဆရာဝန်များက ရရှိလိုက်မည်ဆိုပါက ကုသရန်ခက်ခဲသည့် ဦးနှောက်အတွင်း သွေးကြောဆိုင်ရာရောဂါများကို ခွဲစိတ်စရာမလိုဘဲ အလွယ်တကူ ကုသလာနိုင်မည်ဖြစ်သည်။

## မိုးလေဝသ အခြေအနေ

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။**

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။**

လွှတ်တော်ရေးရာ



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း လွှတ်တော်အတည်ပြု

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက် ရယူခဲ့သည်။

ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဥပဒေကြမ်း တစ်ရပ်လုံးကိုအတည်ပြုနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမြဲတမ်းအတွင်းဝန်များ ခန့်နိုင်ရေးအား ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# လိုအပ်ချက်များပေါ် မူတည်၍ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃၁**

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၇ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **ကြံခင်းမြို့နယ် အလုံကျေးရွာနှင့် ထိန်ပင်မြောင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)များအား အခြေခံပညာ အလယ်တန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆင့်တိုးမြှင့်ပေးရန် ကျောင်းသားဦးရေပြည့်မီခြင်း ရှိ/မရှိ၊ ကျောင်းအဆောက်အအုံ ပရိဘောဂပြည့်စုံမှု ရှိ/မရှိ၊ ကျောင်းအဆောက်အအုံ



**ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြေကြားစဉ်။** (သတင်းစဉ်)

မြေနေရာ ရှိ/မရှိ၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စသည့်လိုအပ်ချက်များပေါ် မူတည်၍ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအဆင့်တိုးမြှင့်ပေးရန် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ပေးပို့သော တန်းစီဇယားတွင် အလုံကျေးရွာကို အမှတ်စဉ်(၄၅)နှင့် ထိန်ပင်မြောင်ကျေးရွာကို အမှတ်စဉ်(၁၅၈)ဖြင့် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မှ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ပေးရန် ထည့်သွင်းလျာထားပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်ငွေက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **ချောက်မြို့နယ် ပြည့်ပင်ကျေးရွာကျေးလက်ဒေသ မီးလင်းရေးအတွက် ခွင့်ပြုပေးထားသော ဆိုလာမီးလင်းရေးလုပ်ငန်းမှ လျှပ်စစ်မီးလင်းရေးလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ်ရှိ ကျေးရွာ(၅)ရွာရှိ အိမ်ခြေ(၆၆၂)အိမ်



**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ မေးမြန်းစဉ်။** (သတင်းစဉ်)

ဆိုလာမီးလင်းရေးအတွက် စုစုပေါင်း ကုန်ကျငွေကျပ် သန်း ၁၃၂ ဒသမ ၄ သန်းဖြင့် ခွင့်ပြုခဲ့ပါကြောင်း၊ ပြည့်ပင်ကျေးရွာ ဆိုလာမီးလင်းရေးမှ လျှပ်စစ်မီးလင်းရေးလုပ်ငန်းသို့ ပြောင်းလဲဆောင်ရွက်ခွင့်ပြုထားပြီး ရန်ပုံငွေကို ကျေးရွာမီးလင်းရေး ကော်မတီသို့ လွှဲပြောင်းပေး၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်၏ **ပလက်ဝမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာများတွင် လူကူးကြိုးတံတားနှင့် ချောင်းကူးတံတားများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပလက်ဝမြို့နယ်အတွင်းရှိ ကြိုးတံတားလေးစင်းနှင့် သစ်သားတံတားလေးစင်းကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် **အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်များ**နှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုပါ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို လစဉ်ချီးမြှင့်ငွေကျပ် ခြောက်သိန်း၊ တည်းခို နေထိုင်စရိတ်တစ်ရက်လျှင် ငွေကျပ်ငါးထောင်၊ အခြားအသုံးစရိတ်တစ်ရက်လျှင် ငွေကျပ်ငါးထောင်၊ စားသောက်စရိတ်တစ်ရက်လျှင် ငွေကျပ်တစ်သောင်းနှုန်းဖြင့် ၂၀၁၅ ခုနှစ် ဧပြီလ ၁ရက်မှစတင် ခံစားခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ **တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများ**ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက **ပြည်သူများ၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိန်းသိမ်းရေးတို့အတွက် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး၊ကင်းစင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး အသိရှိရှိ ပါဝင်လာအောင် ဆောင်ရွက်ပေးရန်** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

# သမ္မတအိမ်တော် သတင်းထောက်များသတင်းရယူနိုင်ရေး ရှင်းလင်းဆွေးနွေး

**နေပြည်တော် မတ် ၃၁**

သမ္မတအိမ်တော် သတင်းထောက်များ သတင်းရယူနိုင်ရေး ရှင်းလင်းဆွေးနွေးခြင်းကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က နိုင်ငံတော်သမ္မတအိမ်တော်သို့ သတင်းဝင်ရောက်ရယူနိုင်ရန် သတ်မှတ်ထားသော သတင်းထောက်များသည် ဧပြီ ၁ ရက်မှ စတင်ပြီး သတင်းရယူနိုင်တော့မည် ဖြစ်ပါကြောင်း၊ သတင်းထုတ်ပြန်/ရယူနိုင်ရေးအတွက် ရုံးခန်းနေရာ စီစဉ်ထားရှိမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးက သမ္မတအိမ်တော်အတွင်း သတင်းရယူရေးဆိုင်ရာ စည်းကမ်းချက်များနှင့် ဆောင်ရွက်ပေးမည့် အစီအစဉ်များ



ကိုရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ထူးက နိုင်ငံတော်သမ္မတအိမ်တော်သို့ ဝင်ထွက်ခွင့်ကတ်များနှင့် လုံခြုံရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့်ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ သမ္မတအိမ်တော်အတွင်း ဝင်ရောက်သတင်းရယူခွင့်ပြုထားသော သတင်းထောက်များ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ သတင်းထောက်များသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ အဝင်အထွက်ပြုလုပ်ရမည့် လမ်းကြောင်းနှင့်သတင်းရယူရမည့်နေရာ၊ ယာဉ်ရပ်နားရန်နေရာများကို သွားရောက်လေ့လာ ကြည့်ရှုကြသည်။

သမ္မတအိမ်တော် သတင်းထောက်အဖြစ် လျှောက်ထားသူများအနက် ပြည်တွင်း/ ပြည်ပ သတင်းထောက် ၄၅ ဦးအား ခွင့်ပြုပေးထားပြီး အချက်အလက်မပြည့်စုံသော ရှစ်ဦးအတွက် လိုအပ်ချက်များ တောင်းခံ၍ ဆက်လက်စိစစ်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး နိုင်ငံရေးပါတီဝင်များ လာရောက်လေ့လာ

**နေပြည်တော် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၁၁၀၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဗန်းမော်မြို့နှင့် အင်ဂျန်းယန်မြို့တို့မှ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီဝင် လူငယ်မောင်မယ် ၂၈ ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မိသားစုဝင်ကိုးဦး စုစုပေါင်း ၁၄၇ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ ကျင်းပနေပုံနှင့် လွှတ်တော် အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် လူထုအသိပညာပေး ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)မှကြီးမှူး၍ ၂၀၁၅ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော **"ထုတ်လုပ်မှသည် စားသောက်သည်အထိ အဆင့်ဆင့်သန့်ရှင်း ရောဂါကင်း၏"** ဟူသော ခေါင်းစဉ်ဖြင့် အစားအသောက် ဘေးအန္တရာယ်ကင်းရေး လူထုအသိပညာပေးဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဧပြီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲထိ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ သို့ပါ၍ အစားအသောက်ထုတ်လုပ်သူများနှင့် စားသုံးသူပြည်သူလူထု မည်သူမဆို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

တွေ့ဆုံမေးမြန်းခြင်း

# “ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်တင် မကပါဘူး၊ အလင်းတန်းတွေ ပေါ်လာပြီဖြစ်တယ်လို့ ကျွန်တော်တို့ပြောလို့ရပါပြီ” နိုင်ငံတော်သမ္မတ

ရန်ကုန် မတ် ၃၁

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်အား ယနေ့နံနက်ပိုင်းတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ပြည်သူအများ၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ကို အကောင်အထည်ဖော်မည့် ခြေလှမ်းသစ်ဖြစ်သည့် ယနေ့အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့မှုများကို မြန်မာ့သတင်းစဉ်မှ စုစည်းဖော်ပြလိုက်ပါသည်။**



**နိုင်ငံတော်သမ္မတဦးသိန်းစိန်**

ဒီနေ့ကတော့ မင်္ဂလာရှိတဲ့နေ့တစ်နေ့ပါ။ **ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်ခြည်တင်မကပါဘူး၊ အလင်းတန်းတွေ ပေါ်လာပြီဖြစ်တယ်လို့ ကျွန်တော်တို့ပြောလို့ရပါပြီ။** မကြာခင် ငြိမ်းချမ်းရေးရဖို့လည်း အားလုံးဝိုင်းပြီး ဆုတောင်းပေးကြပါ။

**ဦးရဲထွဋ်**
**ပြည်ထောင်စုဝန်ကြီး**



ဒီနေ့ကတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ သမိုင်းတွင်တဲ့ အဖြစ်အပျက်နှစ်ခုရှိတဲ့နေ့လို့ ပြောလို့ရပါပြီ။ နိုင်ငံတော်သမ္မတကြီးက ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်က နိုင်ငံတော်သမ္မတအဖြစ် စတင် တာဝန်ထမ်းဆောင်တဲ့အချိန်မှာ ပြောခဲ့တဲ့မိန့်ခွန်းထဲမှာ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးကို စတော့မယ်လို့ ပြောကြားခဲ့ပါတယ်။ ဒီလိုပြောခဲ့ပြီး လေးနှစ်မြောက်တဲ့ ဒီနေ့မှာ ငြိမ်းချမ်းရေးတံခါးကိုပွင့်စေတဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ဒါကြောင့်မို့ ဒီနေ့က သမိုင်းဝင်တဲ့ ဖြစ်ရပ်နှစ်ခုရှိတဲ့နေ့လို့ ပြောချင်ပါတယ်။ ဒါ့အပြင် **ကမ္ဘာ့သမိုင်းမှာ စစ်ပွဲကို အောင်နိုင်တဲ့ သမ္မတတွေ၊ ဗိုလ်ချုပ်တွေအများကြီးရှိတယ်။ သို့သော် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ စစ်ခေါင်းဆောင်တွေက လက်ချိုးရေလို့ ရပါတယ်။ ဒီနေ့မှာတော့ နိုင်ငံခေါင်းဆောင် နိုင်ငံတော်သမ္မတကြီးနှင့် တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်တဲ့ ရှားရှားပါးပါး နိုင်ငံ့ခေါင်းဆောင်၊ တပ်မတော် ခေါင်းဆောင်များအဖြစ် သမိုင်းဝင်သွားပြီ** လို့ ပြောလို့ရပါတယ်။

ဒီစာချုပ်မူကြမ်းကို မကြာခင်မှာ တိုင်းရင်းသားခေါင်းဆောင်တွေက စဉ်းစားပြီး လက်ခံသဘောတူရင် လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲတွေ ဆက်ပြီးလုပ်ရမှာပါ။ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်တဲ့အခါမှာလည်း အားလုံးက စိတ်ရှည်သည်းခံပြီး ဆောင်ရွက်ရမှာပေါ့၊ ဒီလိုဆောင်ရွက်နိုင်ပြီဆိုရင်တော့ ပြည်သူအားလုံးမျှော်လင့်တဲ့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားအားလုံးရဲ့ အခွင့်အရေးကို အပြည့်အဝ ကျင့်သုံးနိုင်တဲ့ ပြည်ထောင်စုစနစ်ကြီးကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

မြန်မာ့သမိုင်းမှာ ပဋိပက္ခတွေ စပြီးဖြစ်ကတည်းက ငြိမ်းချမ်းရေးရနိုင်ဖို့အတွက် အစိုးရအဆက်ဆက်က ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားခဲ့ကြတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ တာဝန်ယူပြီး ဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုကတော့ အရင်တုန်းက ဆောင်ရွက်ခဲ့ပုံနဲ့ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းလည်း ကွာခြားတယ်။ နောက်တစ်ခါ ပါဝင်တဲ့အရေအတွက်လည်း အရမ်းများတယ်။ အမျိုးမျိုးသောအဖွဲ့အစည်းတွေက စုစည်းပြီး ဒီလိုမျိုးသဘောတူနိုင်တဲ့အတွက် **ဒီမှာပါဝင်ခဲ့တဲ့ အောက်ခြေက အထောက်အကူပြု ဝန်ထမ်းကနေစပြီး အဆုံးအဖြတ်ပေးတဲ့ ခေါင်းဆောင်တွေအားလုံးဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးသူရဲကောင်းတွေပါ** လို့ ကျွန်တော်ပြောချင်ပါတယ်။

**ကမ္ဘာ့သမိုင်းမှာ စစ်ပွဲကိုအောင်နိုင်တဲ့ သမ္မတတွေ၊ ဗိုလ်ချုပ်တွေ အများကြီးရှိတယ်။ သို့သော် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ စစ်ခေါင်းဆောင်တွေက လက်ချိုးရေလို့ ရပါတယ်။ ဒီနေ့မှာတော့ နိုင်ငံခေါင်းဆောင် နိုင်ငံတော်သမ္မတကြီးနှင့် တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့က ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်တဲ့ ရှားရှားပါးပါး နိုင်ငံ့ခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်များအဖြစ် သမိုင်းဝင်သွားပြီ**

**ဦးခင်ရီ**
**ပြည်ထောင်စုဝန်ကြီး**

ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းကော်မတီမှာ အဖွဲ့ဝင်တစ်ဦးပါ။ အခုလို တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး အစည်းအဝေးတွေစခဲ့ကတည်းက ပါဝင်ခဲ့ပြီး အခုလို သဘောတူစာချုပ်မူကြမ်းရတဲ့အထိ တော်တော်လေးကြိုးစားခဲ့ရပါတယ်။ ပါဝင်တဲ့အဖွဲ့အစည်းတွေရဲ့ ငြိမ်းချမ်းရေးလိုချင်တဲ့စိတ်၊ အထက်အကြီးအကဲများရဲ့ ငြိမ်းချမ်းရေးအတွက် ချမှတ်ပေးတဲ့ မူဝါဒလမ်းစဉ်အပေါ်မှာ ကြိုးစားပမ်းစား လေးနှစ်နီးပါးဆောင်ရွက်ခဲ့ပါတယ်။ ဒီနေ့မှာ မူကြမ်းကြီးကို သဘောတူညီမှုရရှိတာ အလွန်ဝမ်းသာစရာ ကောင်းပါတယ်။



ကျွန်တော်တို့နိုင်ငံမှာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲတော့မယ်။ ဒါပြီးရင် လာမယ့် နိုင်ငံရေး ဆွေးနွေးပွဲတွေအတွက် အလွန်ဝမ်းသာစရာ ကောင်းပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းရေးက ဆက်စပ်နေတယ်။ ငြိမ်းချမ်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်အောင် လုပ်လို့မရဘူး။ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ငြိမ်းချမ်းရေးက အဓိကကျတယ်။ **ငြိမ်းချမ်းရေးမှာ အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးက ပထမဆုံး အဆင့်ပဲ။ ဒီအဆင့်ကို လှမ်းနိုင်ပြီဖြစ်တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစလို့ ပြောချင်**ပါတယ်။

ဒုတိယအဆင့် သဘောတူ ညီချက်ဖြစ်တဲ့ NCA တစ်ခုလုံး ပေါ်ထွက်လာဖို့အတွက် UPWC နှင့် NCCT တို့ရဲ့ Final Draft ကို ဒီနေ့ အတည်ပြုခဲ့ပြီးပါပြီ။ ဒါကို ခေါင်းဆောင်တွေကို ကျွန်တော်တို့ တင်ပြပြီးရင် သတ်မှတ်ရက်တွေအတိုင်း NCA စာချုပ်ကြီးကို လက်မှတ်ထိုးမှာပါ။ NCA လက်မှတ်ထိုးပြီး ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးစောကွယ်ထူးဝင်း**
**ကရင်အမျိုးသားအစည်းအရုံး**

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မူကြမ်းကို ဒီနေ့မှာ လက်မှတ်ရေးထိုးတာဖြစ်ပါတယ်။ ဒီစာချုပ်ရရှိဖို့က တစ်နှစ်ကျော်မှာကြိုးစားလာခဲ့တဲ့ **တစ်ဖက်နဲ့တစ်ဖက် နားလည်မှုရတဲ့ ရလဒ်ပဲဖြစ်တယ်။ တစ်ပြည်လုံးငြိမ်းချမ်းရေးရရှိဖို့အတွက် ပထမခြေလှမ်းလည်း ဖြစ်တယ်။** ပြည်သူပြည်သားတစ်ရပ်လုံး ရယူလိုတဲ့ ငြိမ်းချမ်းရေးအတွက် ဆက်လက်ပြီး ဆွေးနွေးသွားဖို့ဖြစ်ပါတယ်။ **နိုင်ငံတော်အတွက် ရှေ့အလားအလာကောင်းတဲ့ ပြုပြင်ပြောင်းလဲရေးတွေ ဆက်လက်ဆောင်ရွက်နိုင်မယ်။**

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(အဖွဲ့ဝင်)**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့(NCCT)**

ကျွန်တော်တို့ ဒီအစည်းအဝေးဆွေးနွေးလာတာ တော်တော်လေးကြာပြီ။ တရားဝင် (၇)ကြိမ်။ အဲဒီထဲမှာ ကျွန်တော်တို့ သဘောတူထားတဲ့ ဆုံးဖြတ်ချက်တွေ အများကြီးရှိပါတယ်။ အဲဒီဆုံးဖြတ်ချက်တွေကလည်း ရှေ့ဆက်လုပ်ငန်းစဉ်တွေ အကောင်ထည်ဖော်တဲ့နေရာမှာ တရားဝင်သုံးဖို့၊ ကိုးကားဖို့ ဖြစ်ပါတယ်။ ဒီတိုင်းပြည်မှာ ပြည်တွင်းစစ်ဖြစ်နေတာ နှစ်ပေါင်း(၆၀)ကျော်ပြီ။ နှစ်ပေါင်း(၆၀)ကျော်ပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို ရပ်စဲဖို့အတွက် အပေါ်ယံနဲ့ လုပ်လို့မရပါဘူး။ ပြည်တွင်းစစ်ရဲ့ တကယ့်ပြဿနာကို စတင်ဖြစ်ပွားစေတဲ့ အကြောင်းအရင်းတွေကို ဘယ်လိုကိုင်တွယ်ရမလဲ။ ဘယ်လိုဖြေရှင်းရမလဲဆိုတာတွေကိုအသေးစိတ်ဆွေးနွေးရပါတယ်။ အဲဒါကြောင့် အခု ကျွန်တော်တို့ သဘောတူနိုင်တဲ့ စာချုပ်မူကြမ်းဟာ သာမန်သဘောတူစာချုပ်မူကြမ်းမဟုတ်ဘဲ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို အကောင်းဆုံးဖြစ်အောင် ဘယ်လို ပြန်လည်ထူထောင်မလဲဆိုတဲ့ အပိုင်းပါတယ်။ ပြီးရင် နိုင်ငံရေးဆွေးနွေးပွဲကို ဘယ်လိုဆွေးနွေးကြမလဲ၊ ဘာအကြောင်းအရာတွေ ဆွေးနွေးကြမလဲဆိုတာပါတယ်။ ဆွေးနွေးပွဲကာလမှာ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍကဘယ်လို ဖြစ်မလဲ။ လက်နက်ကိုင်တော်လှန်ရေးတွေရဲ့ ရပ်တည်ရေးက ဘယ်ပုံစံဖြစ်မလဲဆိုတာကို ဘက်ပေါင်းစုံကဆွေးနွေးရပါတယ်။ အဓိကအရေးကြီးဆုံးက အပစ်အခတ်ရပ်စဲရေးကာလမှာ နှစ်ဖက်တပ်က လိုက်နာရမယ့် အဆင့်တွေ၊ စစ်သည်တော်တွေရဲ့ ကျင့်ဝတ်၊ ပြဿနာမဖြစ်အောင် နှစ်ဖက်လုံးက ကြိုးစားပြီးဆောင်ရွက်ရမှာဖြစ်တယ်။ တစ်ခုခုဖြစ်ရင် နှစ်ဖက် စလုံးက ချက်ချင်းပူးပေါင်းပြီး စောင့်ကြည့်ဖို့လိုတယ်။ ချက်ချင်းဖြေရှင်းဖို့ လိုတယ်။ အဲဒီအတွက် ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ဘယ်လိုဖွဲ့စည်းရမလဲ အဲဒါတွေကအစ ကျွန်တော်တို့ အသေးစိတ်သဘောတူထားပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ အခုသဘောတူထားတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းဟာ ဒီတိုင်းပြည်ရဲ့ ပြဿနာတစ်ခုလုံးကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမယ်ဆိုတာ အသေးစိတ်ပါတဲ့အတွက် အင်မတန်မှပြည့်စုံတဲ့ သဘောတူစာချုပ်ဖြစ်တယ်လို့ ပြောချင်တယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေနဲ့ ငြိမ်းချမ်းရေးကို အလေးအနက်ထားပြီး ဆောင်ရွက်တယ်ဆိုတာကို ကျွန်တော်တို့အနေနဲ့ သတိထားမိပါတယ်။ ကြိုဆိုတယ်။ ဘာလို့လဲဆိုတော့ ၂၀၁၁ ဩဂုတ်လမှာ သမ္မတဦးသိန်းစိန်က အပစ်ခတ်ရပ်စဲရေးလုပ်မယ် ဖိတ်ခေါ်တော့ ကျွန်တော်တို့ ရေးတဲ့စာတွေကို သတိထားမိကြမှာပါ။ အစိုးရက တကယ်လုပ်ပါ့မလားလို့ အများကြီးသံသယတွေရှိခဲ့တယ်။ အခုလုပ်ရင်းနဲ့ သမ္မတကြီးကိုယ်တိုင် ပါဝင်ပတ်သက်တာကို တွေ့ရတော့ အစိုးရဘက်က ဒီအစိုးရအနေနဲ့ တကယ် ငြိမ်းချမ်းရေးလိုလားပြီး ဆောင်ရွက်ချင်တယ်ဆိုတာ သက်သေသဘောနဲ့ မြင်ရတဲ့အတွက် ဝမ်းသာပါတယ်။

ပြည်သူလူထုတစ်ရပ်လုံးကို ပြောချင်တာကအခုသဘောတူစာချုပ်ကပထမအဆင့်ပဲ ရှိသေးတယ်။ ရှေ့ဆက်သွားရမယ့် ကဏ္ဍအသီးသီးမှာ လူထုရဲ့အားပေးမှုကို ကျွန်တော်တို့ လိုလားပါတယ်။ ဒီတိုင်းပြည်ငြိမ်းချမ်းဖို့ကို ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့ အစိုးရသက်သက်ပဲလုပ်လို့မရပါဘူး။ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ပတ်သက်မှ ငြိမ်းချမ်းရေးဆောင်ရွက်နိုင်ပါတယ်။ လူထုရဲ့အားပေးမှုကို မေတ္တာရပ်ခံချင်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေ ထိပ်သီးညီလာခံခေါ်နိုင်ဖို့ အမြန်ဆုံး၊ အတတ်နိုင်ဆုံး ကြိုးစားပါမယ်။ အမြန်ဆုံးလုပ်ဖို့ ပြင်ဆင်ပါမယ်။ ဒီနေ့ပြီးရင် မနက်ဖြန်နားပြီး လာမယ့်နှစ်ရက်အတွင်းမှာ NCCT အစည်းအဝေးလုပ်ပါမယ်။ ဒီအစည်းအဝေးမှာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးခေါင်းဆောင်တွေ ထိပ်သီးအစည်းဝေး ဘယ်တော့ခေါ်မယ်ဆိုတာကိုဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမြန်ဆုံးခေါ်ချင်တယ်။ အမြန်ဆုံးဆွေးနွေးချင်တယ်။

မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)

စာမျက်နှာ ၁၀ သို့

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်**
**တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏**
**ပူးတွဲသတင်းထုတ်ပြန်ချက်**

၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်
ရန်ကုန်မြို့

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)တို့အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) မူကြမ်းရရှိနိုင်ရန် သတ္တမအကြိမ်မြောက် နှစ်ဖက်ညှိနှိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)တွင် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ မှ ၂၂ ရက်နေ့အထိ ကျင်းပခဲ့ပြီး မတ်လ ၃၀ နှင့် ၃၁ ရက်များ၌ ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ သတ္တမအကြိမ်ဆွေးနွေးပွဲအပြီးတွင် အခန်း ၇ ခန်း၊ အပိုဒ်(၃၃)ပိုဒ်ပါ သဘောတူစာချုပ် (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှုရရှိခဲ့ပြီး ဖြစ်ပါသည်။

၃။ ဤဆွေးနွေးပွဲမှ ရရှိထားသော သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီက ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီသို့လည်းကောင်း၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့က သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံသို့လည်းကောင်း တင်ပြအတည်ပြုချက် ရယူကြမည်ဖြစ်ပါသည်။

၄။ အတည်ပြုချက်များရယူပြီးနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို တရားဝင်လက်မှတ်ရေးထိုးမည့်အချိန်၊ နေရာနှင့် ပါဝင်လက်မှတ်ရေးထိုးမည့်သူများ၏ အမည်စာရင်းကို နှစ်ဖက်ဆက်လက်ညှိနှိုင်းသတ်မှတ်သွားမည်ဖြစ်ပါသည်။

၅။ ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရန် နှစ်ဖက်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း(Final Draft)ကို နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့်**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏**
**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်မူကြမ်း(Final Draft)ကို**
**နှစ်ဖက်သဘောတူညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်းအတည်ပြုချက်**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (Union Peace-Making Central Committee-UPCC) ၏တာဝန်ပေးချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (Union Peace-Making Work Committee- UPWC) နှင့် လိုင်ဇာတွင်ပြုလုပ်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ညီလာခံမှ ဖွဲ့စည်းတာဝန်ပေးသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(Nationwide Ceasefire Coordination Team-NCCT)တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းတစ်စောင်ရရှိရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၂။ အဆိုပါတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မူကြမ်းရရှိရေးအတွက် မြစ်ကြီးနားမြို့တွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်နေ့၌ UPWC နှင့် NCCT တို့အကြား ပထမဆုံးအကြိမ် စတင်ဆွေးနွေးခဲ့ပြီး ပြည်တွင်းပြည်ပတွင် အလွတ်သဘော (၂၂)ကြိမ်၊ တရားဝင် (၇)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ယခုကဲ့သို့ UPWC နှင့် NCCT အကြား နှစ်ဖက်သဘောတူညီသည့်စာချုပ်မူကြမ်းကို ပြုစုနိုင်ခဲ့ခြင်းဖြစ်ပါသည်။

၃။ အဆိုပါ UPWC နှင့် NCCT တို့အကြား နှစ်ဖက်သဘောတူညီသည့် စာချုပ်မူကြမ်းကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံ ပြန်လည်တင်ပြ အတည်ပြုချက်ရယူကြမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များထံမှ အတည်ပြုချက်ရယူပြီးပါက နှစ်ဖက်ကိုယ်စားပြုသူများမှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ပါသည်။

၅။ (၇)ကြိမ်မြောက် ဆွေးနွေးပွဲမှ သဘောတူရရှိသည့် စာချုပ်မူကြမ်းကို ပူးတွဲ(က)အဖြစ်လည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များကို ပူးတွဲ(ခ)အဖြစ်လည်းကောင်း ဖော်ပြထားပါသည်။

၆။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မူကြမ်း(NCA)ကို နှစ်ဖက်သဘောတူ ညှိနှိုင်းပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုပါသည်။

**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)**

**တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)**

**ဦးအောင်မင်း**
ပြည်ထောင်စုဝန်ကြီး
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

**နိုင်ဟံသာ**
အဖွဲ့ခေါင်းဆောင်
တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး
ဆိုင်ရာညှိနှိုင်းရေးအဖွဲ့

**ဦးသိန်းဇော်**
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

**ပဒိုစောကွယ်ထူးဝင်း**
ဒုတိယအဖွဲ့ခေါင်းဆောင်(၁)
တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး
ဆိုင်ရာညှိနှိုင်းရေးအဖွဲ့

**ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး**
အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

**ဗိုလ်ချုပ် ဂွန်မော်**
ဒုတိယအဖွဲ့ခေါင်းဆောင်(၂)
တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး
ဆိုင်ရာညှိနှိုင်းရေးအဖွဲ့

**ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း**
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန
အဖွဲ့ဝင်
ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**
အဖွဲ့ဝင်
တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး
ဆိုင်ရာညှိနှိုင်းရေးအဖွဲ့

**ဦးခက်ထိန်နန်**
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

**ဗိုလ်မှူးကြီး ခွန်ဥက္ကာ**
အဖွဲ့ဝင်
တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး
ဆိုင်ရာညှိနှိုင်းရေးအဖွဲ့

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မတ်လ (၃၁)ရက်
နေရာ၊ ရန်ကုန်မြို့

## ပြည်တွင်းသတင်း

*စာမျက်နှာ ၈ မှ*

**ဦးနိုင်ဟံသာ(အဖွဲ့ခေါင်းဆောင်)**
**တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)**

ကျွန်တော်တို့ ပြည်ထောင်စုကြီးမှာ နှစ်ပေါင်း (၇၀)နီးပါး အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြားမှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခဟာ နိုင်ငံရေးပြဿနာပေါ်မှာ အခြေခံတာဖြစ်ပါတယ်။ နိုင်ငံရေးနည်းနဲ့ တွေ့ဆုံဆွေးနွေးဖြေရှင်းဖို့အတွက် လက်နက်ကိုင်ပဋိပက္ခကို ဦးစွာရပ်စဲဖို့လိုပါတယ်။ **တိုက်ပွဲတွေ ဆက်ဖြစ်နေရင် တွေ့ဆုံဆွေးနွေးပွဲဟာ အောင်မြင်ဖို့မလွယ်ဘူး။ ဒါကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်ရပ်ဖို့ အစိုးရကိုယ်စားလှယ် UPWC နဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေရဲ့ ကိုယ်စားလှယ် ကျွန်တော်တို့နဲ့ NCCT တို့ ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။**

### ငြိမ်းချမ်းရေးမှာ အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေးက ပထမဆုံးအဆင့်ပဲ။ ဒီအဆင့်ကို လှမ်းနိုင်ပြီဖြစ်တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လမ်းစလို့ပြောချင်

ကျွန်တော်တို့ ဆွေးနွေးလာကြတာ အချိန်ကာလအားဖြင့် တစ်နှစ်နဲ့ ငါးလ၊ အကြိမ်ပေါင်းအားဖြင့် တရားဝင် (၇)ကြိမ်နဲ့ အလွတ်သဘော အကြိမ်(၂၀)ကျော် ဆွေးနွေးခဲ့ကြတာ ဖြစ်တယ်။ ဒီလို အချိန်ကာလကြာမြင့်စွာနဲ့ အကြိမ်ပေါင်းများစွာ ဆွေးနွေးပြီးတဲ့အခါမှ NCCT နဲ့ UPWC အကြား အကြိုအဆင့် သဘောတူညီမှုရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ NCCT ကို ၂၀၁၃ လိုင်ဇာမှာ တိုင်းရင်းသားလက်နက်ကိုင်ညီလာခံက ဖွဲ့စည်းတာဝန်ပေးခဲ့တာဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့(၁၆)ဖွဲ့မှ တစ်ဖွဲ့ကို ကိုယ်စားလှယ်တစ်ဦးကျနဲ့ ဖွဲ့စည်းထားတဲ့ NCCT ဟာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရေးအတွက် အစိုးရနဲ့ ညှိနှိုင်းဆွေးနွေးတဲ့ အလုပ်အဖွဲ့သာဖြစ်ပါတယ်။ NCCT ဟာ တိုင်းရင်းသားလက်နက်ကိုင် ညီလာခံက ချမှတ်ထားတဲ့ အခြေခံ မူတွေအပေါ်မှာ ရပ်တည်ပြီး ညှိနှိုင်းဆွေးနွေးနေတာ ဖြစ်ပါတယ်။ အခု NCCT အနေနဲ့ ညှိနှိုင်းရရှိထားတဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်ဟာ ပဏာမအဆင့် သဘောတူညီချက်ပဲဖြစ်ပါတယ်။ NCCT က ကိုယ်စားလှယ်အဖွဲ့သာဖြစ်ပြီး တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲခြင်း အခြေခံလုပ်ပိုင်ခွင့် မူဘောင်အောက်မှာ လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ ဒီရရှိထားတဲ့ သဘောတူညီချက်တွေကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးမှာ တင်ပြပြီးတော့ အဲဒီအစည်းအဝေးကနေ သဘောတူ



ဦးစောကွယ်ထူးဝင်း



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ဦးနိုင်ဟံသာ



ဒေါက်တာကျော်ရင်လှိုင်

လက်ခံမှ အပြီးသတ် အတည်ဖြစ်မှာ ဖြစ်ပါတယ်။ အဲဒီ ထိပ်သီးအစည်းဝေးကြီးကနေ ပြင်ဆင်ဖြည့်စွက်စရာ အနည်းငယ်ရှိပါလိမ့်မယ်။ အဖွဲ့အစည်းအသီးသီးက ထိပ်သီးခေါင်းဆောင်များ သဘောတူလက်ခံလာအောင် ကျွန်တော်တို့ NCCT အဖွဲ့ဝင်များက ကြိုးစားပြီးတော့ ရှင်းလင်းတင်ပြရပါဦးမယ်။

**ဒေါက်တာကျော်ရင်လှိုင်**
**ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ်(ဒါရိုက်တာ)**
**မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) နဲ့ ပတ်သက်ရင် လွန်ခဲ့တဲ့ ၁၈ လ လောက်မှာ ရာပေါင်းများစွာသော အစည်းအဝေးတွေနဲ့ အပင်ပန်းခံပြီး နှစ်ဦးနှစ်ဖက်က ကြိုးစားခဲ့တော့ ဒီနေ့ကတော့ အဲဒီကြိုးစားမှုတွေရဲ့ အသီးအပွင့်အဖြစ်နဲ့ ကျွန်တော်တို့ကတော့ အရမ်းဝမ်းသာပါတယ်။ ဖော်မပြနိုင်လောက်အောင်ပါပဲ။ တိုင်းပြည်အတွက်လည်း အရမ်းပဲကောင်းသွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

အခက်အခဲတွေကျော်ဖြတ်ရတယ်ဆိုတာက တစ်ခါတစ်ခါကျရင် တစ်ဖက်နဲ့ တစ်ဖက်က issue တွေအပေါ်မှာ နားလည်မှု ပုံစံချင်းမတူညီတဲ့ အပိုင်းလေးတွေရှိပါတယ်။ အဲဒီ အပိုင်းလေးတွေနဲ့ပတ်သက်ပြီးတော့ အပြန်အလှန်ဆွေးနွေးပြီးတော့ Common and distended ပေါ့။ တူညီတဲ့နားလည်မှုရအောင် လုပ်ရတဲ့အပိုင်း။ အဲဒီအပိုင်းတွေက အစပိုင်းမှာတော့ ခက်ခဲပါတယ်။ နောက်ပိုင်း တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးမှုတွေရှိလာတဲ့အခါကျတော့ နှစ်ဖက်က ဟိုဘက်ဒီဘက်ပုံစံမျိုးမဟုတ်ဘဲနဲ့ နှစ်ဦးနှစ်ဖက် အားလုံးလက်ခံနိုင်တဲ့ သဘောတူညီချက်ကြီးကို စပြီးတော့ကြိုးစားတဲ့အခါမှာတော့ အခက်အခဲတွေရှိသော်ငြားလည်း အားလုံးကို ကျော်လွှားသွားနိုင်ပါတယ်။ မဖြစ်မနေလောက်ကို ကြီးမားတဲ့အခက်အခဲဆိုတာကို ကျွန်တော့်အနေနဲ့တော့ မတွေ့ခဲ့ပါဘူး။ ကျော်လွှားနိုင်လို့ ဒါတွေမရှိခဲ့လို့လည်း ကျွန်တော်တို့ ဒီနေ့ တကယ့်သဘောတူညီချက်ကြီးကို ရခဲ့တာဖြစ်ပါတယ်။

အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်မယ့် အချိန်အတိအကျကိုတော့ ပြောဖို့ခက်ပါတယ်။ သို့သော်လည်း ကြည့်လိုက်မယ်ဆိုလို့ရှိရင် တစ်နေ့ကထက်စာရင် အဲဒီလက်မှတ်ရေးထိုးဖို့က တအားနီးသွားပြီ။ ဒီတော့ လာမယ့်တစ်လအတွင်းမှာ ဒါတွေ ဖြစ်တန်ကောင်းရယ်လို့တော့ မျှော်လင့်ပါတယ်။ သူတို့အနေနဲ့ကလည်း ဒါက အစိုးရတစ်ဖွဲ့တည်းကို။ တိုင်းရင်းသားတွေဘက်မှာက အဖွဲ့ပေါင်းမြောက်မြားစွာရှိတယ်ဆိုတော့ ဒီအဖွဲ့တွေစုစည်းပြီးတော့ ဒီကိစ္စကို ပြန်ပြီးတော့ပြောကြ၊ ဆိုကြမယ်ဆိုတော့ အချက်တစ်ချက်အနေနဲ့ လုပ်ကြရတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ထင်ပါတယ်။ **မဝေးတော့တဲ့ ကာလတစ်ခုမှာ သဘောတူညီချက်ကြီးကို အောင်အောင်မြင်မြင်နဲ့ လက်မှတ်ရေးထိုးသွားနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။**

**ဒီနေ့ သဘောတူညီချက်လက်မှတ်ရေးထိုးတာဟာ အများကြီး အကျိုးသက်ရောက်မှုတွေ ရှိနိုင်ပါတယ်။ လက်မှတ်ရေးထိုးပွဲပြီးသွားလို့ရှိရင် ကျွန်တော်တို့က အပြန်အလှန်စောင့်ကြည့်တဲ့အဖွဲ့တွေ။ ဒါအားလုံးနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဆိုတော့ ဒါတွေဆောင်ရွက်တာနဲ့ အမျှ ပြည်နယ်တွေမှာ ပိုပြီးငြိမ်းချမ်းလာမယ်။ ငြိမ်းချမ်းလာတာနဲ့အမျှ အခြား အဖွဲ့တွေမှာလည်း ဒီရဲ့ အကျိုးသက်ရောက်မှုတွေ အများကြီးရလာမှာ ဖြစ်ပါတယ်။**

### တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုရတဲ့ ရလဒ်ပဲဖြစ်တယ်။ တစ်ပြည်လုံး ငြိမ်းချမ်းရေးရရှိဖို့အတွက် ပထမခြေလှမ်းလည်းဖြစ်တယ်။

### နိုင်ငံတော်အတွက် ရှေ့အလားအလာကောင်းတဲ့ ပြုပြင်ပြောင်းလဲရေးတွေ ဆက်လက်ဆောင်ရွက်နိုင်မယ်။

# မွန်မြတ်သောခွန်အား၊ မှန်ကန်သောလက်ရုံးရည်ဖြင့် ငြိမ်းချမ်းမှုတည်ဆောက်မည်

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံအရပ်ရပ်ရှိလူငယ်များ လူမျိုးရေး၊ ဘာသာရေးတင်းမာမှုများကို လျော့ကျလာစေရန်အတွက် ငြိမ်းချမ်းရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ သဘောထားများကို အခြေခံ၍ ပြည်သူလူထုများ သိမြင်လာစေရန် အနုပညာစွမ်းအင်ဖြင့် လုပ်ဆောင်လျက်ရှိသော ကလျာဏမိတ္တဖောင်ဒေးရှင်းငြိမ်းချမ်းရေးစီမံကိန်းမှ ဦးဆောင်ကျင်းပသည့် လူငယ်ငြိမ်းချမ်းရေးပွဲတော်အခမ်းအနားကို မတ် ၃၁ ရက်က ရန်ကုန်မြို့ရှိ ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ အခမ်းအနားတွင် နိုင်ငံတစ်ဝန်းမှ လူငယ်များ တက်ရောက်ခဲ့ကြပြီး ဘာသာပေါင်းစုံမှအတွေ့အကြုံရှိ ဆရာများက ငြိမ်းချမ်းစွာအတူနေထိုင်ခြင်း၏ အကျိုး၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရားများ၏ မွန်မြတ်ကောင်းမွန်သည့် အယူအဆများနှင့် အပြန်အလှန်ယုံကြည်နားလည်မှုအတွေးအခေါ်များ၊ အသိစိတ်ဓာတ်များ ပျံ့နှံ့မှုရှိစေရေးအကြောင်းအရာများကို မျှဝေခဲ့ကြသည်။

"မတူညီတဲ့ယုံကြည်မှု ဘာသာတရားတွေကြားမှာ အပြန်အလှန်နားလည်မှု၊ လေးစားတန်ဖိုးထားမှု၊ သံသယများ အမုန်းတရားများကင်းပြီး မျှတငြိမ်းချမ်းတဲ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေဖို့ရည်ရွယ်ချက်နဲ့ ကလျာဏမိတ္တငြိမ်းချမ်းရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့တွေအနေနဲ့ တစ်နိုင်ငံလုံးအနှံ့သွားပြီး လူငယ်လူရွယ်တွေအတွက် ကောင်းမွန်ပြည့်ဝတဲ့ မှန်ကန်တဲ့ကိုယ်ပိုင်အယူအဆတွေ ဖော်ထုတ်နိုင်ဖို့ တစ်ပတ်သင်တန်း၊ နောက်တစ်လသင်တန်းတွေ ဖွင့်လှစ်ခဲ့တယ်။ ဒီလိုဖွင့်လှစ်တဲ့ တကယ့်အကြောင်းရင်းကို သိသွားတဲ့အခါ ဘာသာရေးအဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ ရပ်ရွာအကြီးအကဲတွေက အားတက်သရော ကူညီမှုတွေ ပြုလုပ်လာတာတွေ့ရတယ်။ သင်တန်းမှာ ဘာသာပေါင်းစုံက အတွေ့အကြုံရှိသူတွေက ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုတွေ၊ လူမှုရေးနဲ့ပတ်သက်တဲ့ အသိပညာတွေ မျှဝေခဲ့ကြတယ်။ တက်ရောက်တဲ့သူတွေကလည်း စိတ်ဝင်စားကြပြီး မိမိတို့ရပ်ရွာတွေမှာ သင်တန်းပေးတာပဲဖြစ်ဖြစ်၊ ပြဇာတ်ကတာပဲဖြစ်ဖြစ် နားလည်သဘောပေါက်မှု၊ အသိဉာဏ်ဖွံ့ဖြိုးမှုတွေကို ထပ်ဆင့်ဖြန့်ဝေခဲ့ကြတဲ့အတွက် အောင်မြင်မှုရရှိခဲ့ပါတယ်။ အများအကျိုးသယ်ပိုးဆောင်ရွက်လိုတဲ့ အသိစိတ်ဓာတ်တွေ ပျံ့နှံ့လာကြပါတယ်" ဟု ကလျာဏမိတ္တဖောင်ဒေးရှင်းမှ သင်တန်းမှူး ကိုဖြိုးက ပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ဆွေးနွေးမှုများ၊ ပြဇာတ်များ၊ တေးသီချင်းများ၊ အတွေ့အကြုံများကို ပြုလုပ်ခဲ့ကြသည်။

"ယနေ့ ကမ္ဘာမှာအကြမ်းဖက်မှုတွေ၊ အစွန်းရောက်မှုတွေ၊ လက်နက်ဆွဲကိုင်တိုက်ခိုက်မှုတွေက ဖြစ်ပေါ်ကြတယ်။ လူတွေ အထူးသဖြင့် နိုင်ငံခေါင်းဆောင်တွေအနေနဲ့ မှန်ကန်တဲ့လက်ရုံးရည်နဲ့ မွန်မြတ်သောခွန်အားကို အသုံးပြုပြီး ပဋိပက္ခတွေကို ဖြေရှင်းရင် မှန်ကန်တဲ့၊ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ရရှိလိမ့်မယ်" ဟု ဆွေးနွေးပွဲမှ ဆရာတစ်ဦးက ပြောကြားသည်။

"လူသားတိုင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ထိခိုက်မှုမရှိတဲ့ အကြမ်းမဖက်သောနည်းနဲ့ ရယူနိုင်ရမယ်။ ဒီလိုဆောင်ရွက်ရာမှာ မိမိကိုယ်တိုင် ငြိမ်းချမ်းစွာနေထိုင်မှုကနေ မိမိအဖွဲ့အစည်း၊ ပတ်ဝန်းကျင်ကနေ နိုင်ငံကိုပါ ငြိမ်းချမ်းစေဖို့ ဖော်ဆောင်ရင်း တစ်ထောင့်တစ်နေရာကနေ အားတစ်ရပ်ဖြစ်စေဖို့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်"ဟု ပါဝင်ဆွေးနွေးသည့် ဆွေသဟာအဖွဲ့အစည်းမှ ဆရာဂျက်ဖရီဆန်ကပြောကြားသည်။

နိုင်ငံတွင်းရှိလူငယ်များအတွင်း ပရဟိတစိတ်ဓာတ်များ ဖွံ့ဖြိုးလာအောင်ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့အများအပြားက လူမှုရေးအသိပညာနှင့် ဆင်ခြင်တုံ တရားဆိုင်ရာ အချက်အလက်များကို မျှဝေသည့်အနေဖြင့် သင်တန်းများ၊ ပြဇာတ်များ ပြုလုပ်နေကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်၊ ဓာတ်ပုံ-မွန်းဦးနဒီ**

## ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် မတ် ၃၁**

၂၀၁၄-၂၀၁၅ခုနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၁ ဒသမ ၇၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၅ ဒသမ ၀၆ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၆ ဒသမ ၈၁ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၉ ဒသမ ၄၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၂၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၃ ဒသမ ၆၆ သန်း ဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၂၆ ဒသမ ၈၅ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၁၇ ဒသမ ၂၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၀၂ ဒသမ ၈၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၀၄၂၀ ဒသမ ၁၃ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၉၁၈ ဒသမ ၄၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၉၀ ဒသမ ၇၄ သန်းနှင့်စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၀၉ ဒသမ ၁၇ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၆၈၉ ဒသမ ၀၄ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

# နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား ငွေကြေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်တွေ့ဆုံ၊ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများလေ့လာ



နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**ရန်ကုန် မတ် ၃၁**

နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယံ ဟိုတယ်၌ ငွေကြေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံသားများအားလုံး ပါဝင်သည့် ငွေကြေးကဏ္ဍ လမ်းပြမြေပုံနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးပွဲတွင် UNCDF, IFC, WB, GIZ, LIFT, USAID, IMF, JICA, EU နှင့် CGAP အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် နံနက် ၁၀ နာရီခွဲတွင် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရားသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား လူတိုင်းအကျုံးဝင်သော ငွေကြေးကဏ္ဍ တည်ဆောက်ရေးဆိုင်ရာ မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာရှိ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသည့် World Vision သို့ သွားရောက်လေ့လာသည်။

ရှေးဦးစွာ နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား မက်ဆီမာသည် မြောင်းတကာကျေးလက် ကျန်းမာရေးဌာန၌ အသေးစား ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေသည့် World Vision၊ မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အသေးစားဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။

ယင်းနောက် နယ်သာလန်နိုင်ငံ ဘုရင့်မိဖုရား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြောင်းတကာဈေးအတွင်း လှည့်လည်ကြည့်ရှုပြီး ဈေးသူဈေးသားများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

World Vision သည် မှော်ဘီမြို့နယ်ရှိ ကျေးရွာ၊ ရပ်ကွက် (၁၀) ခုတွင် အတိုးနှုန်း ၂ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အရင်းဆပ်၊ အတိုးလျော့စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပါကစ္စတန်ရေတပ်ဦးစီးချုပ်၏ဇနီးတွေ့ဆုံ

**နေပြည်တော် မတ် ၃၁**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံ ရေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူဟာမက်ဇာကော်လာအဲန်အိုင်၏ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများက ပါကစ္စတန်နိုင်ငံ ရေတပ်ဦးစီးချုပ်၏ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်၊ အဖွဲ့ချုပ်ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပါကစ္စတန်နိုင်ငံ ရေတပ်ဦးစီးချုပ်၏ ဇနီးက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်တင်တင်လတ်၊ ဒေါ်ခင်မေစိုး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာအေးမြတ်လွင်နှင့် အတွင်းရေးမှူး ဒေါ်သီတာတင်တို့အား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

အဆိုပါ တွေ့ဆုံပွဲအပြီးတွင် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ပြခန်းတွင် မြန်မာ့လက်မှုပစ္စည်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံများ ခင်းကျင်းပြသထားမှု၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့၏ လူမှုရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ၊ အသေးစားချေးငွေဖြင့်ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံအားပေးကြည့်ရှုပြီး မှတ်တမ်းစာအုပ်တွင် အမှတ်တရ လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးမြို့တော်ဝန်မဏ္ဍပ်တွင် ကျောင်းသူအင်အား ၃၀၀၀ ပါဝင်ဆင်နွှဲမည်

**မန္တလေး မတ် ၃၁**

ယခုနှစ် မန္တလေးမြို့ မြို့တော်ဝန် မဏ္ဍပ်တွင် သင်္ကြန်ပွဲတော်အတွက် အခြေခံပညာကျောင်းပေါင်း ၄၉ ကျောင်းမှ ကျောင်းသူ ၃၀၀၀ ပါဝင်ဆင်နွှဲမည်ဖြစ်ပြီး နိုင်ငံကျော် အဆိုတော်များလည်း ပါဝင်ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသတင်းနှင့် ပြန်ကြားရေးဌာနမှ သိရသည်။

မန္တလေးမြို့တော်ဝန် မဏ္ဍပ်ဖွင့်ပွဲတွင် အခြေခံပညာကျောင်းများမှ ကျောင်းသူများပါဝင် ကပြဖျော်ဖြေမည့်အပြင် မန်းစည်ပင် ခေတ်ပေါ်တေးဂီတနှင့် မြန်မာ့ဆိုင်းဝိုင်းများ၊ ယဉ်ကျေးမှုဦးစီးဌာနမှ မင်္ဂလာစည်တော်အဖွဲ့များက နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ပါဝင်တင်ဆက်ကြမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ယမန်နှစ်က မန္တလေးမြို့တော်ဝန်မဏ္ဍပ်၌ မဟာသင်္ကြန်ပွဲ ကျင်းပစဉ်။

"နေ့လယ်ပိုင်းမှာ မန္တလေးအခြေစိုက်တီးဝိုင်းတွေဖြစ်တဲ့ ဂျော်နီ၊ ဝင်းနားနဲ့ ပါဝါပလက်စတဲ့ တီးဝိုင်းတွေကလည်း အလှည့်ကျဖျော်ဖြေသွားမှာပါ။ စည်ပင်ဝန်ထမ်း ၃၄ ဦးကလည်း ကပြဖျော်ဖြေမယ့်အစီအစဉ်တွေပါဝင်ပါတယ်" ဟု ၎င်းက ပြောသည်။

နိုင်ငံကျော် အဆိုတော်များဖြစ်သည့် ဖြိုးကြီး၊ ဇော်ပိုင်၊ ဂရေဟမ်၊ စိုးပိုင်၊ သားစိုး၊ ဝေလျှံ၊ အယ်ဆိုင်းဇီ၊ ဆုန်သင်းပါ၊ ပိုပို၊ ဆူဇီ၊ ခင်စုစုနိုင်စတဲ့အနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကာ မဏ္ဍပ်အလှပြိုင်ပွဲ၊ အလှပြကားပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲများ ပါဝင်မည့်အပြင် သင်္ကြန်သံချပ်ပြိုင်ပွဲများလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုနှစ် သင်္ကြန်မဏ္ဍပ်များကို နန်းမြို့ရိုးကျုံးတောင်ဘက် ၂၆လမ်းတွင် မဏ္ဍပ် ၁၀ ခု၊ ကျုံးအရှေ့ဘက် ၆၆လမ်းတွင် မဏ္ဍပ် ၁၀ ခု၊ ကျုံးအနောက်ဘက် လမ်း ၈၀တွင် မဏ္ဍပ်သုံးခု၊ ကျုံးမြောက်ဘက် ၁၂ လမ်းတွင် မဏ္ဍပ်တစ်ခု၊ စုစုပေါင်း မဏ္ဍပ် ၂၄ ခု နေရာချထားပေးပြီးဖြစ်ကြောင်းနှင့် မြို့တွင်းတွင် မဏ္ဍပ်ငါးခု၊ ကန်တော်ကြီးတွင် မဏ္ဍပ်လေးခု ဆောက်လုပ်ခွင့်ပြုထားကြောင်း သိရသည်။

**မင်းထက်အောင်-မန်းကိုယ်ပွား**

# ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃၁**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ဆဋ္ဌမနေ့ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၀ တွင် စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၄၁၇၀ ပါးအနက် ၈၃၀၅ ပါး ဖြေဆိုကြသဖြင့် ၅၈ ဒသမ ၆၁ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်ထဲရေးဝန်ကြီးဌာန
## e-Passport ထုတ်လုပ်ရေး လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်အား MRP (Machine Rea-dable Passport)စနစ်မှ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည် e-Passport စနစ်သို့ ကူးပြောင်းထုတ်လုပ်ရေးအတွက် နည်းပညာဆိုင်ရာ စက်ပစ္စည်းများတပ်ဆင် အသုံးပြုခြင်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များ ဦးဆောင်သည့် နည်းပညာကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ e-Passportလုပ်ငန်းအား ဆောင်ရွက်လိုသော ပြည်တွင်း မြန်မာနိုင်ငံသား နည်းပညာကျွမ်းကျင်သည့် လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာကို ၂၀၁၅ ခုနှစ် ဧပြီ ၆ရက် (တနင်္လာနေ့)မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၈)တွင် ဝယ်ယူနိုင်ပြီး ၂၀၁၅ခုနှစ် ဧပြီ ၃၀ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် နောက်ဆုံးထား၍ ရုံးအမှတ် (၃၈)သို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။ နည်းပညာလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်၊ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပနည်းပညာကုမ္ပဏီများ၏ မှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့ကို တင်ပြရမည် ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်ကို နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည် ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်း နံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) သတင်းရဲတပ်ဖွဲ့ ဖုန်း-၀၆၇-၄၁၁၅၆၇၊ ၀၆၇-၄၁၁၅၈၀

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနခွဲ ဖုန်း-၀၁-၅၄၆၆၂၄





နိုင်ငံတကာသတင်း

# အမေရိကန်အမျိုးသားလုံခြုံရေး အေဂျင်စီလုံခြုံရေးဂိတ်သို့ ကားတစ်စီးအတွင်းဝင်ရောက်တိုက်ခိုက်၍ တစ်ဦးသေဆုံး




**ဝါရှင်တန် မတ် ၃၁**

ဝါရှင်တန်မြို့အနီးရှိ အမေရိကန် အမျိုးသားလုံခြုံရေး အေဂျင်စီ (NSA)ဌာနချုပ်၏ဝင်ပေါက်၌ ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ ကားတစ်စီးသည် အမိန့်ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိဘဲ လမ်းပေါ်၌ ပိတ်ဆို့ထားသောရဲကားတစ်စီးကို ရုတ်တရက် ဝင်ရောက် တိုက်ခိုက်ခဲ့သည့်အတွက် NSA အရာရှိတစ်ဦးက အဆိုပါကားကို ပစ်ခတ်ခဲ့သည်။

ကားအတွင်းမှ အမျိုးသားများသည် အမျိုးသမီးများကဲ့သို့ ရုပ်ဖျက်ဝတ်ဆင်လာသည်ဟု AP သတင်းဌာနသို့ အရာရှိတစ်ဦးက ပြောသည်။ ကားအတွင်းရှိ လူတစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိသည့်အတွက် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်မှာ ဒေသစံတော်ချိန် ၉ နာရီ၌ လူနှစ်ဦးလိုက်ပါလာသော ကားတစ်စီးသည် အမျိုးသားလုံခြုံရေးအေဂျင်စီအတွင်းသို့ အတင်းဝင်ရောက်ရန်ကြိုးပမ်းခဲ့ရာ ယာဉ်မောင်းမှာ NSA ရဲအရာရှိ၏ လုံခြုံရေး ဧရိယာအတွင်းမှ ထွက်ခွာရန် ပြောဆိုမှုကို လိုက်နာခြင်းမရှိဟု NSA က ဖော်ပြခဲ့သည်။

အဆိုပါကားသည် NSA မော်တော်ယာဉ်ကို တစ်ဟုန်ထိုးဝင်တိုက်ခဲ့သည်ဟု NSA က ပြောသည်။ စုံစမ်းစစ်ဆေးမှုများကို FBI က ဦးဆောင်ပြုလုပ်သွားမည် ဖြစ်သည်။

ယခုလအစောပိုင်း၌လည်း အဝေးပြေးလမ်းမကြီးအနီးရှိ အဆောက်အအုံကို ပျက်စီးစေသည့် ပစ်ခတ်မှုအတွက် လူတစ်ဦးကို FBI က ဖမ်းဆီးခဲ့သည်။ တိုက်ခိုက်မှုနှစ်ခု ဆက်စပ်မှုရှိသည်ဟုဖော်ပြထားခြင်း မရှိပေ။

**(ဘီဘီစီ)**

## မာလီ၌ ကြက်ခြေနီကားတစ်စီးကို အိုင်အက်စ်တို့ပစ်ခတ်ခဲ့

**ဘာမာကို မတ် ၃၁**

မာလီ၌အိုင်အက်စ်စစ်သွေးကြွဟု ယူဆရသူများ၏ သေနတ်ပစ်ခတ်မှုကြောင့် ကြက်ခြေနီလုပ်သားတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ကြက်ခြေနီအဖွဲ့က ပြောကြားခဲ့သည်။ ဆေးဝါးကုသမှုအကူအညီပေးရန် ဂါအိုမှ အိမ်နီးချင်းနိုင်ဂျီးရီးယားနိုင်ငံ နိုင်ယာမီသို့ ထွက်ခွာလာသည့် ယာဉ်တစ်စီးကို လက်နက်ကိုင်လူတစ်စုက သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့(ICRC)က ယင်းဖြစ်ရပ်သည် အကြီးအကျယ်တုန်လှုပ်ချောက်ချားစေသည့် ဖြစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ မူဂျာအို အစ္စလာမ့်စစ်သွေးကြွအုပ်စုက တိုက်ခိုက်မှုပြုလုပ်ကြောင်း AFP သို့ ပြောသည်။

သေဆုံးသူ ကြက်ခြေနီအဖွဲ့ဝင်သည် မည်သည့်နိုင်ငံသားဖြစ်ကြောင်း ဖော်ပြခြင်းမရှိသေးပေ။ ၄င်းသည် ဂါအိုဆေးရုံအတွက် လိုအပ်သည့် ဆေးပစ္စည်းများကို သွားရောက်သယ်ယူရန် မောင်းနှင်လာခဲ့သည်ဟု အာဖရိကမြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ ခွဲစိတ်ကုသမှုဆိုင်ရာ အကြီးအကဲ ရက်စ်မိုင်းပရာဇ်ဒက်ဆီမွတ်ဇ်က ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတွင် ကြက်ခြေနီအဖွဲ့ကြီးအတွက် ကြေကွဲဝမ်းနည်းစရာသာမက ထောင်ပေါင်းများစွာသောပြည်သူများ၏ အသက်နှင့် အကျိုးစီးပွားပါ ထိခိုက်လာမှာဖြစ်ကြောင်း ရက်စ်မိုင်းက ထပ်မံပြောခဲ့သည်။

ဒဏ်ရာရရှိသူအဖွဲ့ဝင်မှာ မာလီရှိကြက်ခြေနီအသင်းမှဖြစ်ပြီး ဆေးရုံ၌ စိတ်ချရသည့်အခြေအနေရှိကြောင်း သိရသည်။ ပြင်သစ်ဦးဆောင်သော စစ်ဆင်ရေးတစ်ရပ်က ၂၀၁၃ ခုနှစ်က IS တိုက်ခိုက်ရေးသမားများအား တိုက်ထုတ်ရန်ကြိုးပမ်းခဲ့သော်လည်း မာလီမြောက်ပိုင်းကန္တာရဒေသ၌ စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကိုခံနေရဆဲဖြစ်သည်။ **(ဘီဘီစီ)**

## နိုင်ဂျီးရီးယားရွေးကောက်ပွဲ စစ်ဘက်ခေါင်းဆောင်ဟောင်း မဲအသာရနေ

**လာဂို့စ် မတ် ၃၁**

နိုင်ဂျီးရီးယား ရွေးကောက်ပွဲ တစ်စိတ်တစ်ဒေသ ရလဒ်များအရ လက်ရှိသမ္မတ ဂွတ်လတ်ဂျိုနသန်ထက် စစ်ဘက်ခေါင်းဆောင်ဟောင်း မူဟမ္မာဒူဘူဟာရီက မဲသာလျက်ရှိသည်ဟု ဖော်ပြလျက်ရှိသည်။

သို့သော်လည်း လူဦးရေထူထပ်သော ပြည်နယ်များဖြစ်သည့် လာဂို့စ်နှင့် ရီဗာစ်တို့တွင်မူ မဲအရေအတွက် ကြေညာခြင်းမရှိသေးပေ။ နိုင်ဂျီးရီးယားရှိ ပြည်နယ်ထက်ဝက်ကျော်တွင် မဲအရေအတွက် ကြေညာခြင်းများ ပြုလုပ်ခဲ့ပြီး မစ္စတာ မူဟမ္မာဒူဘူဟာရီ၏ APC ပါတီသည် မဲအရေအတွက်နှစ်သန်းဖြင့် ဦးဆောင်ဖွယ်ရှိသည်ဟု ဆိုသည်။ ရလဒ်များကို အင်္ဂါနေ့ဒေသစံတော်ချိန် ၁၀ နာရီတွင်ကြေညာသွားမည်ဖြစ်သည်။

မြို့တော်အဘူဂျာနှင့် ပြည်နယ် ၁၈ခုတို့၌ ရလဒ်များကြေညာပြီးသည့်နောက် နိုင်ဂျီးရီးယားရွေးကောက်ပွဲကော်မရှင်သည် ရလဒ်များကိုကြေညာရန် တနင်္လာနေ့ညအထိ ဆိုင်းငံ့ထားခဲ့သည်။


မူဟမ္မာဒူဘူဟာရီ


လက်ရှိသမ္မတ ဂွတ်လတ်ဂျိုနသန်

သမ္မတမစ္စတာဂျိုနသန်၏ ပြည်သူ့ဒီမိုကရက်တစ်ပါတီက မဲအရေအတွက် ၆၄၈၈၂၁၀ရရှိခဲ့ပြီး မစ္စတာ Gen buhari'၏ APC ပါတီက မဲအရေအတွက် ၈၅၂၀၄၃၆ ရရှိခဲ့သည်။

သမ္မတမစ္စတာဂျိုနသန်ကို အဓိကထောက်ခံသော နိုင်ငံတောင်ပိုင်းရှိ အဓိကပြည်နယ်ကြီးများ၌မူ မဲအရေအတွက် ကြေညာခြင်းမရှိပေ။ ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းသည် နိုင်ဂျီးရီးယားပြည်နယ် ၃၆ ခု၏ သုံးပုံနှစ်ပုံတွင် မဲရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းရရှိထားလျှင် ထပ်မံမဲပေးမှုကို ရှောင်ရှားရမည်ဖြစ်သည်။ **(ဘီဘီစီ)**


### (၆၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

၁-၄-၂၀၁၅ရက်တွင် ကျရောက်သော ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း) မော်ကွန်းဝင် (ဒုတိယဆင့်) နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)နှင့် ဒေါ်ကြည်ကြည်ဦးတို့၏ (၆၉)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ သား၊ သမီး၊ မြေး၊ မြစ်များနှင့်အတူ သက်ရှည်၊ ကျန်းမာ၊ ပျော်ရွှင်စွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သား၊ သမီး မြေးမြစ်များ**

### ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက် သင်္ကြန်တွင်း ၁၀ရက် တရားစခန်းပွဲကျင်းပမည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်ရှိ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်း ကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မူလကသစ်ဝိုင်ဆရာတော်ကြီး၏ လမ်းစဉ်နှင့်အညီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ) ဦးစီး၍ (တန်ခူးလပြည့်ကျော် ၈ ရက်)၁၁-၄-၂၀၁၅ရက်မှ (ကဆုန်လဆန်း ၃ရက်)၂၀-၄-၂၀၁၅ရက်အထိ ၁၀ရက်တိုင်တိုင် ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပို့ချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသူ ယောဂီများအနေဖြင့် ၁၀-၄-၂၀၁၅ရက် ညနေတွင် စတင်ဝင်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၃၈၀၈၇၊ ၀၁-၉၆၉၉၁၆၃၊ ၀၉-၅၀၁၁၂၇၉ တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ပါသည်။

AYARWADDY LEGEND
TRAVELS & TOURS CO.,LTD
ကမ္ဘောဒီယား - ဘန်ကောက် (၅ ရက်ခရီးစဉ် )
( 13 /17April ) အထူးနှုန်း - 780,000ကျပ်
Phone - 01- 252007,252008,398303,09-421106452

**အမည်ပြောင်း**
ဦးမျိုးသီဟ၏ သမီး ကျောက်ပန်းတောင်းမြို့၊ အထက(၂) သတ္တမတန်းမှ မနှင်းကလျာအောင်အား ယနေ့မှစ၍ မမှူးမြတ်နွယ်ဟု ပြောင်းလဲခေါ်ပါရန်။
**မမှူးမြတ်နွယ်**

### ပျောက်ဆုံးခြင်း

ပျဉ်းမနားမြို့၊ ရန်အောင် (၂)ရပ်ကွက်၊ နယ်မြေ (၁၅)နေ ဦးအောင်ကိုမြင့် ၉/ပမန(နိုင်) ၂၄၂၂၇၀ ပိုင် ဒေါ်တင်တင်အေး ၁၀/THA HTA Na (N) 100754 အမည်ပါ သွင်းကုန်လိုင်စင်အမှတ် ISP IDV8 14-15 69497 31-12-14 နှင့် ဒေါ်ကြည်သန်း အမည်ပါသွင်းကုန်လိုင်စင်အမှတ် 7/WA MA NA(N)052257 ISP IDV8 14-15 60589 11-12-14 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**ဖုန်း-၀၉-၄၂၀၇၂၃၃၁၇၊ ၀၉-၂၅၆၃၉၉၅၈၂**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/ 3777၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

ရွှေနန်းတော် ငွေဆောင်၊ ချောင်းသာ (စား၊တည်း၊ငြိမ်း) ၅၅၀၀၀ိ/-
ရွှေစက်တော် (၃) ရက်၊ ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပါး (၃/၅) ရက်၊ အလောင်းတော်ကဿပ (၃/၆) ရက်၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ မိုးကုတ် (၅/၇) ရက်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော် (၄/၅/၇) ရက် အားလုံးပါ ဘုရားစုံ (၁၀) ရက်၊ (လားရှိုး၊ မူဆယ်၊ ရွှေလီ)၊ (မြဝတီ၊ မဲဆောက်)၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်၊ မြိတ်၊ ကန်ချုံမှုရိ၊ ကျိုက်ထီး၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ၊ (အင်းတော်ကြီး၊ မေဓာ၊ မလိခမြစ်ဆုံ၊ မြစ်ကြီးနား)၊ အကောက်တောင်၊ ကျိုက်ထီးရိုး၊ ဇလွန်။
ကားစီးလုံးငှားသည်။ အိမ်အရောက် လက်မှတ်ပို့သည်။ သင်္ကြန်ခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပြီ။ April 3/10/11/12/13/17/24
အမှတ်(၄၄၄/၁)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09253366299, 0930362112, 377921

### အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တောင်ကြီးမြို့၊ အေးသာယာတန်ဖိုးမျှပြည်သူ့ဝန်ထမ်းအိမ်ရာအား လမ်းတံတားဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ကျပ်သန်း ၉၀၀၀၀၀၀၀၀ ကျော်၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၂၄၆၈၀၉၆၄၀၀ ကျော်နှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းအတွက် ကျပ်သန်း ၄၁၈၇၈၇၄၀၀၀ ကျော် စုစုပေါင်းကျပ်သန်း ပေါင်း ၇၅၅၅၉၇၀၄၀၀ ကျော် ကျခံသုံးစွဲပြီး စီမံဖော်ထုတ်ပေးလျက်ရှိပါသည်။ တိုက်ခန်းဝယ်ယူခွင့်ရရှိမည့်သူများသည် အဆောက်အအုံ၏ အခန်းတန်ဖိုးကျသင့်ငွေကိုသာ ပေးချေရမည်ဖြစ်ပြီး ဝယ်ယူခွင့်လျှောက်လွှာများကို ၈-၄-၂၀၁၅ ရက် နံနက် ၈ နာရီ တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် ကော်မတီ(၃)ရပ်မှ ကိုယ်စားမဲနှိုက်သည့် မဲစနစ်ဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့ တောင်ကြီးမြို့**

ဆရာဒွေး အင်္ဂလိပ်စာ သဒ္ဒါ
အရေးသီးသန့် နှင့် Speaking
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ (၅)လတက်လျှင် ရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ Guide များအင်္ဂလိပ်သင်သည်။
ဧပြီလ(၂/၄)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon. Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

### အမည်ပြောင်း

မြန်အောင်မြို့၊ ပရိက္ခလမ်းနေ ဦးမောင်မောင်ချစ် ၅/မရန(နိုင်)၀၀၄၇၅၇၏သား မောင်ဂျိုးချစ် ၅/အတန(နိုင်)၀၉၅၀၉၃ အား မောင်ဘုန်းမြင့်ကိုကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းမြင့်ကိုကို**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် ပျဉ်ထောင်ကျောင်းကျေးရွာနေ ဦးအောင်လွင် ၁၂/သလန(နိုင်)၀၄၀၄၆၇-ဒေါ်မြင့်မြင့်ထား ၁၂/သလန(နိုင်)၀၄၄၅၇၅တို့၏ သမီး မချောစုလွင်(ခ)မချိုသီတာအောင် ၁၂/သလန(နိုင်)၁၁၂၁၉၆အား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။
**ဖခင်ဦးအောင်လွင်-မိခင်ဒေါ်မြင့်မြင့်ထား**

**ပျောက်ဆုံးကြောင်း**
ကျွန်မ ခင်ချိုလင်း (ဘ)ဦးသန်းထွန်း ၁၄/ကကန(နိုင်)၁၁၁၁၀၀ ပတ်စ်ပို့နံပါတ် A.317831မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၁၇၅၉၅၇**

## စွန့်ပစ်မြေစာပုံမှ မြေစာများ ရုတ်တရက်ပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူ ၃၀ ခန့် ပျောက်ဆုံးနေ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၁**

မတ် ၃၀ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားကန့်ပြည်သူ့ဆေးရုံသို့ မြေစာပိ၍ ဒဏ်ရာရရှိသူနှစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ဖားကန့်မြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဖားကန့် မြို့နယ် ဖားပြင်ကျေးရွာနေ သက်ပိုင်စိုး(၂၃နှစ်)နှင့် ဆိုင်းဂျာဘွန်ကျေးရွာနေ မြင့်မောင်(၁၉ နှစ်) တို့ ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် ယင်းနေ့ နံနက် ၃ နာရီခွဲခန့်က ဆွတ်အောင်ကျေးရွာအနီးရှိ ရာဇဌာနီကုမ္ပဏီမှ စွန့်ပစ်သည့် မြေစာပုံတွင် ရေမဆေးကျောက် ရှာဖွေနေစဉ် မြေစာပုံမှ အမြင့်ပေ ၃၀၀၊ အလျား ပေ ၈၀၀ ခန့်ရှိ မြေစာများ ရုတ်တရက်ပြိုကျခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် မြေစာများ ပြိုကျမှုကြောင့် ဒမ်းထရပ်အဝါရောင် မြေသယ်ယာဉ်တစ်စီးနှင့် ရေမဆေးကျောက် ရှာဖွေသူ ၃၀ ခန့် မြေစာများ ပိမိနေကြောင်း သိရသည်။

အဆိုပါ သတင်းအရ ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ ဆိပ်မူကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဆိပ်မူကျေးရွာ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဘက်ဟိုးယာဉ် ခြောက်စီးဖြင့် သွားရောက်ရှာဖွေခဲ့ရာ နံနက် ၁၀ နာရီ တွင် ဆွတ်အောင်ကျေးရွာနေ သိန်းလွင် (၂၈ နှစ်)ပါ အမျိုးသားငါးဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဖားကန့်ဆေးရုံသို့ပို့အပ်ကာ ဖားကန့်မြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးခဲ့သည်။

ထို့နောက် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေရာ ညနေ ၄ နာရီ ၃၂ မိနစ်တွင် မြေစာများ ပိနေသည့် မြေသယ်ယာဉ်နှင့် ကရင်ချောင်ကျေးရွာနေ ရဲလွင် (၂၄ နှစ်)ပါ အမျိုးသားလေးဦး၏ အလောင်းများကို တွေ့ရှိခဲ့သဖြင့် ဖားကန့်မြို့မရဲစခန်းက ထပ်မံအမှုဖွင့် စစ်ဆေးလျက်ရှိကြောင်းနှင့် ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ကိုရဲ**

ပြည်တွင်းသတင်း

## အပူချိန်မြင့်တက်၍ ပြည်သူများ ဂရုပြုနေထိုင်ကြရ

**ဘော်လခဲ မတ် ၃၁**

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုကြောင့် အပူချိန်မြင့်တက်လျက်ရှိသည်။

အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ဘော်လခဲမြို့နယ်အတွင်းတွင် အပူချိန်မှာ ၄၁ ဒီဂရီ/၄၂ ဒီဂရီဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ ရေနံချောင်း၊ ချောက်၊ စလေတို့နှင့် တူညီလျက်ရှိသည်။ အပူချိန်ကြောင့် တည်ဆောက်ရေးလုပ်သားများ၊ လမ်း/တံတား အလုပ်သမားများ၊ တောင်ယာစိုက်ပျိုးရေးအလုပ်သမားများ ပူပြင်းခြောက်သွေ့သော ရာသီဥတုဒဏ်ကို ခံစားရလျက်ရှိသည်။ မတ် ၂၃ ရက် ဘော်လခဲမြို့တွင်း ကယားပိုင်းရပ်ကွက်တွင် အပူချိန်မြင့်တက်မှုကြောင့် ဒေါ်ငဲမိန်း (၇၅ နှစ်)သည် အာရုံကြောပြတ်၍ နံနက် ၁၀ နာရီခွဲခန့်က ဘော်လခဲ ပွန်ချောင်းဘေးတွင် အဝတ်လျှော်ရင်း လဲကျပြီး ဆေးရုံပို့စဉ် သေဆုံးသွားခဲ့သည်။

အလားတူဖြစ်ရပ်မျိုး မဖြစ်ပေါ်ရန်အတွက် ပြည်သူများသည် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်ပါအတိုင်း လိုက်နာဆောင်ရွက်နေထိုင်ကြရကြောင်း သိရသည်။

**လှရွှေ (iprd)**

## တိုက်ဖောင်ဒေးရှင်းတူးရာမှ မြေပြို၍ လူပိ

**ရန်ကုန် မတ် ၃၁**

မတ် ၃၁ ရက် ညနေ ၇ နာရီခွဲခန့်က စမ်းချောင်းမြို့နယ် မြေနီကုန်း တောင်ရပ်ကွက် ဓမ္မာရုံလမ်း အမှတ် ၅၉ တွင် ကန်ထရိုက်တိုက်ဆောက်ရန် မြေတူးစဉ် မြေကြီးများ ပြိုကျလာ၍ မြေတူးသူတစ်ဦးမြေပိမှု ဖြစ်ပွားခဲ့သည်။

လှိုင်သာယာမြို့နယ် ရှမ်းကုန်း ရပ်ကွက် ဆိပ်ကမ်းသာ (၄) လမ်းနေ မြေတူးလုပ်သား ဦးမောင်ဝင်း (၃၄ နှစ်)သည် တိုက်တစ်လုံးနှင့် ဖျက်လက်စ လက်ကျန်ဖောင်ဒေးရှင်း အကြားတွင် ညနေပိုင်း၌ မြေတူးနေစဉ် ဖျက်လက်စ ဖောင်ဒေးရှင်းဘက်မှ ကွန်ကရစ်အပြားနှင့် အပိုင်းအစများ အိကျလာပြီး ဦးမောင်ဝင်း၏ ခါးအောက်ပိုင်းအထိ ပြိုကျသွားခြင်းဖြစ်သည်။

အခင်းဖြစ်ရာသို့ သတင်းရသည်နှင့် စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးက "အင်္ဂတေအပြားနှစ်ပြားအကြားမှ ကိုယ်တစ်ပိုင်းနစ်ပြီး ညပ်နေတဲ့အနေအထားပါ။ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေက Hydraulic Sprader နဲ့ တွန်းတင်ပြီး ခက်ခက်ခဲခဲကယ်တင်ခဲ့ရပါတယ်" ဟု မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြသည်။

ပိနေသူအား မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိပြည်သူများ၏ အကူအညီကြောင့် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် မြေပြင်ပေါ်သို့ ကယ်တင်ပေးနိုင်ခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ပေးနိုင်ခဲ့သည်။

ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသော်ဒါ ရောက်ရှိလာပြီး ပိနေသူအား အမြန်ဆုံးကယ်ဆယ်နိုင်ရေး အချိန်နှင့်တစ်ပြေးညီ ဆေးရုံသို့ပို့ဆောင်နိုင်ရေးအတွက် စီစဉ်မှုများပြုလုပ်ပေးခဲ့သည်။

မြေပြိုပိမှုကြောင့် ဦးမောင်ဝင်း၏ ညာဘက်ပေါင်ထိခိုက်မှုများ ရှိခဲ့ပြီး အချိန်မီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒဏ်ရာ အနေအထားအရ စိုးရိမ်စရာမရှိကြောင်း အနီးရှိ ကြည့်ရှုသူများက ဆိုကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



မီးသတ်တပ်ဖွဲ့ဝင်များက မြေတူးလုပ်သား ဦးမောင်ဝင်းအား ကယ်တင်နိုင်ရေး ဆောင်ရွက်ကြစဉ်။


ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်များ
ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770



ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) ရုံးသုံးစက်ကိရိယာများ
(ခ) လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ရုံးအသုံးအဆောင်ပစ္စည်းများ
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၄-၂၀၁၅ရက်၊ ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။
၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၉**
**သံသုမာလမ်း၊ မြင်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၇၃၁၀၆၊ ၀၁-၅၇၀၉၃၅၊ ၀၁-၅၇၃၁၀၇**



**မင်္ဂလာညှိခံပွဲကျေးဇူးတင်လွှာ**

ရန်ကုန်မြို့နေ အလ်ဟာဂျ် ခလီဖွာဟ်ဦးအေးလွင်(အုပ်ချုပ်ရေးကော်မတီဝင်-သံတမန်ကလေးများကျောင်း၊ ရန်ကုန်) - အလ်ဟာဂျာဟ် ဒေါ်စန်းစန်းတင့် (ဌာနမှူး၊ စာရင်းကိုင်အတတ်ပညာဌာန) အမှတ်(၁)ဒေသကောလိပ်၊ ရန်ကုန်၊ စာရင်းစစ်ချုပ်ရုံး(ငြိမ်း)တို့၏ သားဦး

**အလ်ဟာဂျ် ဒေါက်တာနေလင်းအောင်**
**M.B.,B.S (Ygn),M.D.**
**Resident Doctor , St.Elizabeth Hospital,**
**Utica, New York, U.S.A**

နှင့်

ကသာမြို့နေ (မုဟမ္မဒ်ဂျမာလွဒ္ဒိန်း @ ဦးသန်းမြင့်)-ဒေါ်စအီဒါ @ ဒေါ်ခင်ညိုဝင်းတို့၏သမီး

**မမေနှင်းသူ**
**B.Pharm (Mdy), CPhT(U.S.A)**
**Legal Assistant, Rana Law Firm, New York, U.S.A**

တို့၏ ၂၀-၂-၂၀၁၅ရက်တွင် Sule Shangri-La, Myanmar Ballroom ၌ ကျင်းပခဲ့သော "နေကာဟ်" ထိမ်းမြားမင်္ဂလာပွဲနှင့် ၂၂-၂-၂၀၁၅ရက်တွင် Sedona Hotel Grand Ballroom ၌ ကျင်းပခဲ့သော မင်္ဂလာညှိခံပွဲများသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများပေးပို့ပါသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော လူကြီးမင်းအပေါင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့် အလ်ဟာဂျ် ဒေါက်တာနေလင်းအောင်-မမေနှင်းသူ**






သကြိန်မှာ ရေကစားကြမယ့် အမျိုးသား၊ အမျိုးသမီးများအတွက် အသားအရေကို
ပြန်လည်ပြုပြင်ပေးမယ့် ငွေဆောင်နန်း စပီရူလိုင်းနား မျက်နှာပေါင်းတင်ဆေးကို
ကြိုတင်ဆောင်ထား လိုက်ရအောင်
Ygn: + 95 9 730 12000, 730 13000, 730 14000
Mdy: + 95 2 24490, 39985, 39725, 36122
www.junepharmaceuticals.com
http://www.facebook.com/MyanmarSpirulinaProducts

သင်္ကြန်အပြီး ငပလီ မှာနားမယ်ဆိုရင်
17 April – 20 April (တစ်ခန်းလျှင် 90000ks - 140000 Ks)
ph: 393203, 095102361, 0973160306, 09795295388

Amazing Myanmar Travel & Tours
ပုဂံသကြိန် 09-254418718,09-5097525
ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ (4N/5D)
ဧပြီ(၁၂)ရက်ညထွက်၊ (၁၆)ရက်ပြန်ရောက်
ဟိုတယ်+စား(ငြိမ်း) ၁၇၀၀၀၀ိ/

ကြော်ငြာ

**ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၏**

# Gandamar Grand Ballroom ကို

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်**

## Gandamar Wholesale Level (III)၌

**၁-၄-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။**




* အလျား ၂၀၀ ပေ × အနံ ၁၅၅ ပေ × အမြင့် ၂၀ ပေ (၃၁,၀၀၀ Sqft )ရှိ ခန်းမကြီးထဲတွင် မင်္ဂလာ ဧည့်ခံပွဲများအတွက် လူဦးရေ ၁၂၀၀ဦး နှင့် Conference, Meeting, Seminar, Workshop,Product Launch များအတွက် လူဦးရေ ၁၄၀၀ဦး အထိ လက်ခံကျင်းပ ပေးနိုင်ပါသည်။
* Fashion Show , Live Show, Stage Show များ ကျင်းပနိုင်ရန် ခေတ်မီ Lighting System များနှင့် JBL Line Array Sound System အပြင် ၂၀ ပေ × ၁၄ ပေနှင့် ၁၆ပေ × ၁၄ပေရှိ Large Format Display Screen ကြီး(၂)ခု တပ်ဆင်ပေးထားပါသည်။

  Dinner Party , Birthday Party , Staff Party နှင့် Gathering များလည်း ကျင်းပ ပေးနိုင်ပါသည်။
* Myanmar, Chinese, European, Indian အစားအစာ မျိုးစုံအား စားသုံးသူ စိတ်ကြိုက် ဆောင်ရွက်ပေး ပါသည်။

  ကားအစီးရေ ၄၀၀ ကျော် ရပ်နားနိုင်သော ကျယ်ဝန်းသည့် ကားပါကင် ထားရှိပေးပါသည်။

**Gandamar Wholesale Level-3, Mayangone Township, Yangon. Ph - (+95-1) 657834, 657311.**
**gandamargrandballroom @ gmail.com.**

# ထောင်စုနှစ်ပန်းတိုင်အရောက်လှမ်းလျှောက်မည့် ရေကြည်တစ်ပေါက်

ဒေါက်တာအောင်စိုး(ခ)အောင်ကျော်မိုး
အငြိမ်းစားပြည်နယ်ဆေးရုံအုပ်ကြီး

ကမ္ဘာတစ်ဝန်း နှစ်စဉ်လူပေါင်း၂ ဒသမ ၅ ဘီလီယံခန့်သည် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါ ခံစားလျက်ရှိရာ အဓိကအကြောင်းရင်းများက မသန့်ရှင်းသော သောက်ရေ၊ မပီပြင်သော ပတ်ဝန်းကျင်သန့်ရှင်းမှုစနစ်နှင့် မမှန်ကန်သော တစ်ကိုယ်ရေကျန်းမာရေးအမူအကျင့်၊ ဓလေ့စရိုက်များပင်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၌ ကျန်းမာရေးဝန်ကြီးဌာနလက်အောက်၊ ဆေးသုတေသနဦးစီးဌာနများသည် မိတ်ဖက်အဖွဲ့အစည်းဌာနများနှင့် ဆက်နွယ်ကာ ပြည်သူ့အကျိုးပြု သုတေသနလုပ်ငန်းအများအပြားကို ဆောင်ရွက်လျက်ရှိရာ သန့်ရှင်းသော သောက်ရေရရှိရေးဆိုင်ရာ သုတေသနများလည်း အပါအဝင်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် တင်သွင်းဖတ်ကြားခဲ့သည့် သုတေသနစာတမ်းတစ်ခုအရ မြို့တော်ရန်ကုန်၏ ဆင်ခြေဖုံးမြို့နယ်တစ်ခုဖြစ်သည့် မြောက်ဒဂုံမြို့နယ်ရှိ ရပ်ကွက်အချို့၌ ဝမ်းနှင့်ပတ်သက်သော ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားနေသဖြင့် သုတေသီများ အိမ်တိုင်ရာရောက် ကွင်းဆင်းသုတေသန ပြုလုပ်ခဲ့ကြောင်း ဖော်ပြပါရှိသည်။ မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ သုတေသီများအဖွဲ့သည် ထိုမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခုအား ရွေးချယ်ကာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း သောက်ရေတွင် ရောဂါပိုးပါရှိမှုကို ရှာဖွေလေ့လာခဲ့သည်။

စမ်းသပ်ခံအိမ်ထောင်စုအများစုမှာ သောက်ရေနှင့်သုံးရေကို သီးခြားမခွဲထားဘဲ ရောနှောသိုလှောင်သုံးစွဲကြသည်ကို တွေ့ရှိခဲ့သည်။ အိမ်ထောင်စုအသီးသီး၏ သောက်ရေနမူနာများကိုရယူကာ ဆေးသုတေသနဦးစီးဌာနရှိ

> **ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်းနှင့် ညီမျှသည့် လူသန်းပေါင်း ၁၁၀၀ ခန့်သည် သန့်ရှင်းသောရေ မရရှိကြပေ။ ဝမ်းလျှောဝမ်းပျက် ဖြစ်ရခြင်း၏ အကြောင်းရင်းအများအပြားရှိကြရာမှ ရေကောင်းရေသန့်မရရှိခြင်းသည်လည်း အရေးပါသည့် အကြောင်းရင်းတစ်ရပ်ဖြစ်နေ**

ပိုးမွှားဗေဒဓာတ်ခွဲခန်း၌ ဓာတ်ခွဲစမ်းသပ်ခဲ့သည်။ သောက်ရေနမူနာ ၁၃၇ ခုကို ဓာတ်ခွဲစမ်းသပ်ကြည့်ရာ အူလမ်းကြောင်း၌နေလေ့ရှိသော Coliform ဗက်တီးရီးယားပိုး ၁၃၀ ( ၉၄ ဒသမ ၉ ရာခိုင်နှုန်း- ၁၃၀/၁၃၇)၊ မစင်ထဲတွင်ရှိတတ်သော Foecal Coliform ဗက်တီးရီးယားရောဂါပိုး ၁၂၈ (၉၃ ဒသမ ၄ ရာခိုင်နှုန်း ၁၂၈/ ၁၃၇)ပါရှိကြောင်း တွေ့ရှိရပါသည်။

ထိုအထဲမှ Escherichia coli ပါရှိမှု (၄၅ ဒသမ ၃ ရာခိုင်နှုန်း ၅၈/ ၁၂၈)ရှိကြောင်း တွေ့ရပြန်သည်။ အထက်ဖော်ပြပါ သုတေသနရလဒ်က အိမ်ထောင်စုအများစု၏ သောက်ရေများတွင် မစင်ရောယှက်ပါဝင်နေကြောင်း ဖော်ညွှန်းလျက်ရှိသည်။ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ ထိုကဲ့သို့သော လက်တွေ့ကျသည့် လေ့လာမှုရလဒ်များသည် နောင်ပြည်သူ့ကျန်းမာရေးစီမံချက်များ ဖြည့်စွက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အထောက်အကူပြုမည့်အပြင် သောက်ရေနှင့် ပတ်သက်၍ ကျန်းမာရေးအတွက် စိန်ခေါ်မှုများကို လျော့ပါးစေမည့် "သောက်ရေသန့်ရှင်းစေမှုနှင့် ကျန်းမာရေးအတွက် လုံခြုံစိတ်ချရသော အိမ်သုံးသောက်ရေ သိုလှောင်မှု

မြို့တော်တွင်ပင် အိမ်တိုင်းစေ့သောက်သုံးရေအား ပိုးမွှားကင်းစင်အောင် မလုပ်နိုင်သေးကြောင်း၊ အိုင်ယာလန်နိုင်ငံ၏ စတုတ္ထအကြီးဆုံးမြို့တွင်ပင် မကြာသေးမီက မသန့်ရှင်းသောရေကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာကြီးပူနွေးလာမှုအပါအဝင် အကြောင်းကြောင်းကြောင့် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်လာရာမှ မြို့ပြနေလူထုသာမက ကျေးလက်နေလူထုပါ ရောဂါဘယပေါင်းစုံနှင့် ရင်ဆိုင်လာရပေသည်။ သာဓကအားဖြင့် မြို့ကြီးပြကြီးများနှင့် ကျေးလက်တောရွာများတွင် ယခင်က ရာသီဥတုမှန်ကန်၍ ရေစီးရေလာအလုံအလောက်ရှိခဲ့စဉ်က မြစ်ကြီးချောင်းကြီးများသည် အညစ်အကြေး သန့်စင်ဖယ်ရှားပေးနိုင်သည့် အကောင်းဆုံး သဘာဝသန့်စင်စက်ကြီးများသဖွယ် ရှိခဲ့သည်ဟု ပညာရှင်များက ဆိုထားသည်။ သို့ရာတွင် ရေဆိုးမြောင်းများ ချွတ်ယွင်းလာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် မြစ်ကြီးချောင်းကြီးများ တိမ်ကောခန်းခြောက် သေးငယ်လာခြင်းတို့ကြောင့် လူများ၏ အညစ်အကြေးများကို သန့်စင်ပေးနိုင်စွမ်းအားနည်းလာရာ ရေမှတစ်ဆင့်

အစီအစဉ် " (Intervention programmes for Household Drinking Water Treatment and Safe Storage-HWTS Strategies) အောင်မြင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုမည်ဟု ယုံကြည်ရပေသည်။

ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက် ပန်းတိုင်အမှတ်စဉ်(၇)အရ ရေကောင်းရေသန့်ရရှိမှုနှင့် အညစ်အကြေး စနစ်တကျစွန့်ပစ်သိမ်းဆည်းမှု လစ်ဟင်းခြင်းကို ၂၀၁၅ ခုနှစ်တွင် ၁၉၉၀ ပြည့်နှစ် ကိန်းဂဏန်း၏ ထက်ဝက်သို့လျှော့ချရန် လျာထားကြောင်း ပြည်သူအများစုက သိရှိပြီးဖြစ်သည်။ တစ်နည်းဆိုသော် ၂၀၁၅ ခုနှစ်တွင် လူသန်းပေါင်း ၇၅၀၀ အားရေကောင်းရေသန့်ရရှိစေရန် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်(၇)က ရည်ရွယ်ထားခြင်းဖြစ်သည်။ ထိုရည်မှန်းချက်ပန်းတိုင်သို့ ချီတက်ရာ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အထက်တွင်ဖော်ပြခဲ့သည့် HWTS အစီအစဉ်ကို အစပျိုးဆောင်ရွက်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် (လက်ရှိ ဆူးလေရှန်ဂရီလာဟိုတယ်)၌ ကျင်းပခဲ့သည့် "ရေနှင့်ဝမ်းပျက်ရောဂါ" Water and diarrhoea ပညာပေးအခမ်းအနား အစီအစဉ်တွင် အိုင်ယာလန်နိုင်ငံ Medentech Ltd. မှ Mr. Michael Gately ၏ ပြောကြားချက်အရ ရေကောင်းရေသန့်ရရှိသုံးစွဲရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများအတွက်ပါ အခက်အခဲပြဿနာတစ်ရပ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံတွင် နေထိုင်သူများ၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်သာ အိမ်တွင်းရေသန့်စင်စနစ် (Home Water Treatment System)ကို သုံးစွဲကြောင်း၊ အမေရိကန်နိုင်ငံသမ္မတနေထိုင်သည့် ဝါရှင်တန်

ပျံ့နှံ့တတ်သည့် ကူးစက်ရောဂါများ၏ဒဏ်ကို မလွဲမသွေ ပိုမိုခံစားလာကြရသည်ဟု Global Water Issue 2010 စာအုပ်တွင် ဖော်ပြပါရှိကြောင်း မှတ်သားခဲ့ရသည်။ အကျိုးဆက်အဖြစ် လူသန်းပေါင်းများစွာ သေကျေပျက်စီးရုံသာမက ကျန်းမာရေးနှင့်ညီညွတ်သော ရေကောင်းရေသန့်ရရှိရန်၊ ဆေးဝါးကုသရန်၊ ရောဂါကာကွယ်ရန်နှင့် အညစ်အကြေးများကို သန့်စင်ဖယ်ရှားရန် ငွေကုန်ကြေးကျများပြားသည်မှာ မျက်ဝါးထင်ထင်ပင်။ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ကမ္ဘာတွင် နှစ်စဉ် ကလေးသူငယ် ၁ ဒသမ ၅ သန်းခန့်သည် ဝမ်းလျှောဝမ်းပျက်ရောဂါကြောင့် သေဆုံးလျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေ၏ ၁၈ ရာခိုင်နှုန်းနှင့် ညီမျှသည့် လူသန်းပေါင်း ၁၁၀၀ ခန့်သည် သန့်ရှင်းသောရေမရရှိကြပေ။ ဝမ်းလျှောဝမ်းပျက်ဖြစ်ရခြင်း၏ အကြောင်းရင်းအများအပြားရှိကြရာမှ ရေကောင်းရေသန့်မရရှိခြင်းသည်လည်း အရေးပါသည့် အကြောင်းရင်းတစ်ရပ်ဖြစ်နေပေသည်။ ကမ္ဘာအနှံ့နှစ်စဉ် လူသန်းပေါင်း ၄၀၀၀ ခန့်သည် ဝမ်းလျှောဝမ်းပျက်ဝေဒနာကို မိမိသက်တမ်း၌ တစ်ကြိမ်မဟုတ် တစ်ကြိမ်ခံစားရပြီး ယင်းတို့အနက် ၁ ဒသမ ၂ သန်းကျော်မှာ ရေကောင်းရေသန့်မရရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ထိုဝမ်းလျှောဝမ်းပျက်ဖြစ်ပွားသူ သန်း ၄၀၀၀ ခန့်အနက်မှ ၃ ဒသမ ၅ သန်းခန့်သည် သေကျေပျက်စီးလျက်ရှိကြောင်း မှတ်သားခဲ့ရသည်မှာ စိတ်မချမ်းမြေ့စရာပင်။

မသန့်ရှင်းသော သောက်သုံးရေကြောင့် ဖြစ်ပေါ်လျက်ရှိသော လူမှုရေး၊ စီးပွားရေးပြဿနာများသည်လည်း ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ရင်ပေါင်တန်းလျက်ရှိနေပေသည်။ ဥပမာ-ကမ္ဘာအနှံ့ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူသူ လူနာဦးရေ၏ထက်ဝက်ခန့်သည် ရေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများကြောင့် ဖြစ်ကြောင်း၊ ဆေးရုံတက်ရခြင်းကြောင့် အလုပ်အကိုင်ပျက်ကွက်ခြင်း၊ စီးပွားရေးကျဆင်းခြင်း၊ မိသားစုဝင်ငွေလျော့ပါးခြင်း၊ စိတ်ဓာတ်ကျဆင်းခြင်း၊ လူထုတစ်ရပ်လုံး ဝင်ငွေထိခိုက်ခြင်း၊ ကျောင်းတက်ပျက်ကွက်ခြင်း စသည့် လူမှုစီးပွားပြဿနာများ ဖြစ်ပေါ်နေသကဲ့သို့ ကလေးငယ်များတွင် အူလမ်းကြောင်းတစ်လျှောက် အာဟာရစုပ်ယူနိုင်မှု လျော့ပါး၍ ကိုယ်ခံစွမ်းအားကျဆင်းခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ဖွံ့ဖြိုးမှုနှေးကွေးခြင်း စသည့် ကျန်းမာရေးဆိုင်ရာ အနိဋ္ဌာရုံများလည်း အထင်အရှားပင်ဖြစ်နေသည်။

ဝမ်းနှင့်ပတ်သက်သော ရောဂါပိုးများကင်းရှင်းပြီး သန့်ရှင်းစိတ်ချရသော ရေရရှိရေးအတွက် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံရုံဖြင့် အမေရိကန်ဒေါ်လာ ၆၀ ဖိုးခန့် ကုန်ကျစရိတ်သက်သာစေနိုင်ကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဘောဂဗေဒကျွမ်းကျင်သူများ၏ တွက်ချက်မှုအရ သိရှိရသည်။

ကာလဝမ်းရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ သန်ကောင်ကပ်စွဲခြင်းရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုအကြောသေရောဂါ စသည်များ မဖြစ်ပွားအောင် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲပါဝင်လှုပ်ရှားဆောင်ရွက်ရန် လိုအပ်ပေသည်။ တစ်ကိုယ်ရေကျန်းမာရေး၊ လက်ဆေးခြင်းအပါအဝင် သန့်လေးသန့်၊ ပတ်ဝန်းကျင်ကျန်းမာရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပိုးမွှားကင်းစင်ပြီး သန့်ရှင်းလုံခြုံစိတ်ချရသော သောက်ရေသုံးစွဲရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ရင်း မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနများ၏ ပြည်သူ့အကျိုးပြု လုပ်ဆောင်ချက်များကို ဂုဏ်ပြုရေးသား တင်ပြလိုက်ပါသည်။

## ကမ္ဘာ့အော်တစ်ဇင် အထိမ်းအမှတ်နေ့ အခမ်းအနားကျင်းပမည်

**ရန်ကုန် မတ် ၃၁**

မြန်မာ့အော်တစ်ဇင်အသင်း(ရန်ကုန်)မှ ပဉ္စမအကြိမ်မြောက်အဖြစ် ကမ္ဘာ့အော်တစ်ဇင်အထိမ်းအမှတ် အမှတ်တရနေ့အခမ်းအနားကို ဧပြီ ၂ ရက် ညနေ ၃ နာရီမှ စတင်၍ ည ၈ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်စမ်းချောင်းသာစကိတ်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ အော်တစ်ဇင်ကလေးများရှိကြသော မိဘများလာရောက်လေ့လာ၍ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနိုင်သည်။ ၎င်းအော်တစ်ဇင်ကလေးများ လမ်းလျှောက်ပွဲ၊ ဖျော်ဖြေကပြသီဆိုကြပြီး မိမိတို့ကျွမ်းကျင်သော ဝါသနာပါရာ အစွမ်းအစများဖြင့် စွမ်းရည်သတ္တိများကိုပြသကာ အနုပညာရှင်များကလည်း ပျော်ရွှင်ကြည်နူးဖွယ်ရာတေးသီချင်းများဖြင့် တက်ရောက်လာသော အော်တစ်ဇင်ကလေးများနှင့် မိဘပြည်သူများအား ဖျော်ဖြေတင်ဆက်၍ ဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အော်တစ်ဇင်ကလေးရှိသူ မိဘများနှင့် အော်တစ်ဇင်ကလေးများ၏ ဘဝရှေ့ရေး သာယာလှပ၍ ပျော်ရွှင်ဖွယ်ရာ ဘဝတစ်ခု လျှောက်လှမ်းနိုင်ရန် အကြံဉာဏ်များ တောင်းခံလို၍သော်လည်းကောင်း၊ အားပေးကူညီထောက်ပံ့လှူဒါန်းလိုသူများအနေဖြင့်သော်လည်းကောင်း၊ ဖုန်း ၀၉-၄၂၀၀၁၂၂၀၃၊ ၀၉-၄၄၈၀၂၁၄၁၇ သို့ ဆက်သွယ်နိုင်ကြောင်း Myanmar Autism Association မှ သိရှိရသည်။

**စန်းမောင်**

## (၂၁)ကြိမ်မြောက် စုပေါင်းရှင်ပြု၊ ရဟန်းခံ အလှူတော်မင်္ဂလာ လဟယ်မြို့၌ ကျင်းပ

**မုံရွာ မတ် ၃၁**

(၂၁)ကြိမ်မြောက် စုပေါင်းရှင်ပြု၊ ရဟန်းခံ၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ သာသနာ့ပါလ ဗိမာန်တော်တွင် မတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး သာသနာပြု ခေါင်းဆောင်ဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့က မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူသည်။

ဆက်လက်ပြီး နာဂဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှူစံကြူးက ဆရာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပြီး မြို့နယ်သာသနာပြု လက်ထောက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် အသိပေးနှိုးဆော်ချက်

တန်ခူး၊ ကဆုန်၊ နယုန်လ၊ (ဧပြီ၊ မေ၊ ဇွန်)များတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့် ပြည့်ဝနေသောရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်းရောက်စေပါသည်။ ရေချိုပုစွန်တုပ်ကြီးများ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်မကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် -၁/၉၂ ဖြင့် တားမြစ်ထုတ်ပြန်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက "ရေချိုငါးလုပ်ငန်းဥပဒေ"ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့စေရန်၊ မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံး ရေရှည်စဉ်ဆက်မပြတ် စားသုံးနိုင်ရန်အတွက် ယခုကဲ့သို့ ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန**

ပြည်တွင်းသတင်း



# တောင်သမန်ဖလား အားကစားပွဲတော် ဖွင့်ပွဲကျင်းပ

**မန္တလေး မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုံးအိုးကျေးရွာ အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူး၍ အမျိုးသားအလွှတ်တန်း ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ နွားအလှနှင့် နွားလှည်းဒုံးပြိုင်ပွဲ၊ တောင်သမန်ဖလား အားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက်က ဘုံးအိုးကျေးရွာ အားကစားကွင်း၌ ကျင်းပသည်။

အားကစားပွဲတော်ကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးနိုင်ကျော်၊ ပြိုင်ပွဲပံ့ပိုးအလှူရှင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အလှူရှင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အား/ကာ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝေဇင်က အားကစားပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့်အတူ နွားလှည်း ဒုံးပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ယှဉ်ပြိုင်မှုတို့ကို အားပေးကြည့်ရှုခဲ့ကြကြောင်းနှင့် အဆိုပါတောင်သမန်ဖလား အားကစားပွဲတော်တွင် ပိုက်ကျော်ခြင်း ပြိုင်ပွဲဝင် ၁၁ သင်း၊ ဘောလုံးပြိုင်ပွဲဝင် အသင်း ၂၀ နှင့် နွားလှည်း ဒုံးအကြီးတန်းပြိုင်ပွဲဝင် ၁၂ ရှဉ်း၊ အငယ်တန်း ပြိုင်ပွဲဝင် အရှဉ်း ၂၀ ပါဝင်ကြကာ မတ် ၃၁ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# လယ်ယာသုံးထွန်စက်များ အရစ်ကျစနစ်ဖြင့် ရောင်းချပေးအပ်ပွဲကျင်းပ

**နတ်မောက် မတ် ၃၁**

မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကိုရီးယားနိုင်ငံ ဒယ်ဒေါင်းကုမ္ပဏီထုတ် လယ်ယာသုံးထွန်စက်များ သရုပ်ပြပွဲနှင့် ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၉ ရက်က နတ်မောက်မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးရွှေမောက်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးဌေးလင်းအောင်က နတ်မောက်မြို့နယ်တွင် မြင်းကောင်ရေ ၅၀ အားနှစ်စီး၊ မြင်းကောင်ရေ ၆၀ အား ၁၀ စီးသာ စာချုပ် ချုပ်ဆိုရောက်ရှိနေပြီးဖြစ်ပါကြောင်း၊ ထွန်စက် တန်ဖိုးငွေကျပ်သိန်း ၂၀၀ အထက်ဖြစ်ပါက မူရင်းဈေး၏ ၁၀ ရာခိုင်နှုန်းကို လက်ငင်းပေးချေရပြီး တစ်နှစ်ပြည့်လျှင် ငါးရာခိုင်နှုန်းဖြင့် အတိုးကို ထပ်မံပေးချေရကာ ခြောက်လ တစ်ရစ်နှုန်းဖြင့် ၁၂ ရစ်ကို ခြောက်နှစ်အတွင်း အပြီးသတ်ပေးချေရမည်ဖြစ်ကြောင်း ငွေကျပ်သိန်း ၂၀၀ အောက်ဆိုလျှင် ခြောက်လ တစ်ရစ်နှုန်းဖြင့် ၁၀ ရစ်ကို အပြီးသတ်ပေးချေရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် စာချုပ်ချုပ်ဆိုပြီးသော လယ်ယာသုံးထွန်စက် ၁၂ စီးကို အသင်းသား တောင်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက ပေးအပ်သည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမအသင်းစု ရုံးဝင်းအတွင်း၌ ဒယ်ဒေါင်းကုမ္ပဏီထုတ် မြင်းကောင်ရေ ၅၀ အား လယ်ယာသုံးထွန်စက်နှင့် မြင်းကောင်ရေ ၆၀ အား လယ်ယာသုံးထွန်စက်များကို နတ်မောက်မြို့နယ်အတွင်းရှိ အသင်းသား တောင်သူများကို ကျယ်ပြန့်စွာသိရှိစေရန် မောင်းနှင်ပြသခဲ့ကြောင်း သိရသည်။

**ဇင်ဝေယံလင်း(နတ်မောက်)**

**သတင်းတို**

## တီဘီရောဂါတိုက်ဖျက်ရေးနေ့ ကျင်းပ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင်၌ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၃၀ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပပြီး ၂၀၁၄ခုနှစ်အတွင်း မြို့နယ် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သော ပထမဆုရ ခရမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ဒုတိယဆုရ သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# မျိုးဆက်သစ်ရတနာယဉ်ကျေးလိမ္မာသင်တန်း



**လှိုင်လင် မတ် ၃၁**

မျိုးဆက်သစ်ရတနာလေးများ ယဉ်ကျေးလိမ္မာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဒေသ အသီးသီးတွင် ယဉ်ကျေးလိမ္မာ သင်တန်းများကို နွေရာသီအားလပ်ရပ်၌ သင်ကြားပို့ချပေးလျက်ရှိသည်။ ထိုသို့သင်ကြားပို့ချပေးလျက်ရှိရာ လှိုင်လင်မြို့ဓမ္မစေတီကျောင်း၌ တန်ခူးလဆန်း ၃ ရက်မှ ၁၂ ရက်အထိ မထမအကြိမ် မျိုးဆက် သစ်ရတနာ ယဉ်ကျေးလိမ္မာ သင်တန်းကို သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းတွင် ဓမ္မစေတီကျောင်း ဆရာတော်ဘဒ္ဒန္တသုဘောဂါနန္ဒပဓာနနာယက ဆရာတော်ဦးစီး၍ လှိုင်လင်မြို့ နမ့်ပွန်းကျောင်းအုပ်ဆရာ ဦးကျော်သူဝင်းနှင့် ဝမ်နောင်ဝမ်ကုန်းကျောင်းအုပ်ဆရာ ဦးမြင့်သန်းတို့က ပအိုဝ်း၊ ရှမ်းနှင့် မြန်မာ ပါဝင်သည့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၇၃ ဦးကိုသင်ကြားပို့ချပေးသည်။ အရည်အချင်းစစ် စာမေးပွဲတွင် ဆုရရှိသူများကို ဆရာတော်မှ ဘုရားဆင်းတုတော်များကို ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်း- မေမိုးသဲ**
**ဓာတ်ပုံ- ခင်သူဇာ**

# ဝါးခယ်မ၌ မျက်စိဒါနဆေးရုံတည်ဆောက်မည်

**ဝါးခယ်မ မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မင်းပိုင်းရပ်ကွက် ကွမ်းခြံကုန်းကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဒွိပိဋကဓရ အရှင်ခေမစာရ ဦးဆောင်၍ မျက်စိဒါန ဆေးရုံတည်ဆောက်ရေးအတွက် မတည်အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းပွဲကို မတ် ၃၀ ရက်က ကျောင်းတိုက်အတွင်းကျင်းပရာ အလှူရှင်မိသားစုများနှင့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။ အဆိုပါ မျက်စိဒါနဆေးရုံကို နှစ်ထပ်ဆောင်အဖြစ် ငွေကျပ်သိန်း ၂၀၀ ကျော်ကုန်ကျခံတည်ဆောက်သွားမည်ဖြစ်ရာ စေတနာရှင်အလှူရှင်များက ဖုန်း-၀၉-၈၅၃၇၇၀၅၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှု သင်တန်းဖွင့်

**ထားဝယ် မတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းကို လောင်းလုံမြို့နယ် သာယာကုန်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း၌ မတ် ၂၈ ရက်က ဖွင့်လှစ်ရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးမှူး ဦးငွေသိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍သင်တန်းသားတောင်သူများအား လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံနည်းပညာများနှင့် လက်တွေ့ထွန်စက်ကြီး မောင်းနှင်မှုလက်တွန်းထွန်စက်မောင်းနှင်ထိန်းသိမ်းမှုတို့အား စာတွေ့လက်တွေ့ သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး တောင်သူ ၃၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ကသာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အောင်ချမ်းသာကျေးရွာတွင် မြို့နယ်သတင်းထောက်အဖွဲ့မှ ဦးစီးကျင်းပသော စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို မတ် ၂၉ ရက်က အောင်ချမ်းသာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စာပေရေးရာများကို နိုင်ကြီး(ကသာ)က လည်းကောင်း၊ မှုခင်းကျဆင်းရေးအကြောင်းအရာများကို ရဲမှူးအောင်ကျော်မြင့်က လည်းကောင်း၊ ဥပဒေရေးရာများကို ဒေါ်ဝင့်မာလာအောင်က လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အကြောင်းအရာများကို ယာဉ်ထိန်းတပ်ကြပ်ကြီး အောင်ဝင်းကလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း မိတ်ဆက်

**ပင်လည်ဘူး မတ် ၃၁**

မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၂၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ချောင်းဖျားကျေးရွာ၌ကျင်းပပြီး စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးကော်မတီဝင်များကို ရွေးချယ်ခဲ့ကြသည်။ ပင်လည်ဘူးမြို့နယ် ချောင်းဖျားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့်ကျေးရွာ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာကော်မတီများနှင့်အတူ ကျေးရွာပြည်သူများက ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြသ

**ရေး မတ် ၃၁**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာရှိရွာလယ်ကွင်း၌ မတ် ၂၈ ရက်နှင့် ၂၉ ရက်တို့က မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြသခဲ့သည်။

အဆိုပါ ခြင်းလုံးအလှခတ်ပြသရာတွင် မြန်မာ့ရိုးရာခြင်းလုံးပညာရှင်များ ဖြစ်ကြသော ကိုးတန်းကျောင်းသား ဂန္ထဝင်ရဲထက်ဝင်းသန်လျင် ရန်ကုန်၊ ၁၀ တန်းကျောင်းသား မျိုးဆက်ပိုင်(ခ)ခြင်းဘီလူး တောင်ငူတို့က အဓိကအလှခတ်ပြသကာ မွန်ပြည်နယ် ဦးသန်းဌေး ရာမညမောင်နှင့်အဖွဲ့၊ အစင်စံပြကျေးရွာ ဝါသနာရှင်များအဖွဲ့ကလည်းပါဝင်ပြသပြီး အဆိုပါပွဲကို ရှင်ပြုအလှူ မင်္ဂလာပွဲတွင် ဖိတ်ခေါ်အလှူရှင် ဒါယကာဒါယိကာမများ ဖြစ်ကြသော ဦးဖေအောင် ဒေါ်သန်းအေးမိသားစုတို့၏ စီစဉ်မှုဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



ဆောင်းပါး

# တစ်မူထူးခြားသည့် ရခိုင်လူမျိုးတို့၏ သင်္ကြန်ပွဲတော်

ဒေါက်တာ-မောင်မြေ
ဓာတ်ပုံ-တင်စိုး

တန်ခူးလသည် ဂိမှာန္တရာသီ၏ဒုတိယမြောက်လ ဖြစ်သည်။ ဆောင်းရာသီလွန်မြောက်၍ နွေရာသီသို့ ပီပြင်စွာရောက်ရှိလာသော ရာသီလည်းဖြစ်သည်။ တော၊ တောင်၊ ရေ၊ မြေသဘာဝအနေဖြင့် ရွက်ဟောင်း ခြွေလှစ် ရွက်သစ်ပေါ်ထွက်ကာ ဆန်းသစ်လှပနေသည်။ ဤသို့ ထူးခြားသော ရေမြေသဘာဝကို ရှုမြင်ခံစားသော ရှင်ဥတ္တမကျော်က "သဘင်ဂိမှာန်၊ တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍ ဥဇ္ဇာဂုနတ်၊ ဖလ်ရဟတ် လည်း၊ သဟာသရောင်၊ ခြည်တထောင်ဖြင့်၊ ပြောင်ပြောင်ဝင်းထိန်၊ အာဏာနှိမ်လျက်၊ ပြင်းရှိန်အန္တ၊ စွမ်းကုန်ပြသော်၊ လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ကြွန္ဒနိဝယ်၊ သိင်္ဂီတဝက်၊ ဖက်၍ ဆေးစုံ၊ ခြယ်သပုံသို့. . ."ဟု တောလားဖွဲ့ဆိုထားသည်။

တန်ခူးလ၏အဓိကမှာ သင်္ကြန်ပွဲတော်ဖြစ်သည်။ သင်္ကြန်ဟူသော ဝေါဟာရသည် "သင်္ကြာန္တ" ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရ ဖြစ်သည်။ သင်္ကြန်ဖြစ်ပေါ်လာခြင်းနှင့် ပတ်သက်၍ ဝေဒပညာရှင်တို့က တနင်္ဂနွေဂြိုဟ်မင်းသည် တန်ခူးလ မိဿရာသီပထမနဝင်းမှစ၍ တပေါင်းလ မိန်ရာသီ၏ အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်သို့အရောက်တွင် နက္ခတ်နဝင်းပေါင်း ၁၀၈၊ နဝင်းလပေါင်း ၁၂ လ၊ ရက်ပေါင်း ၃၆၅ ရက်ကြာခဲ့ကာ တစ်ပတ်လည်ခဲ့၏။ မိန်ရာသီ၏အဆုံးနဝင်းဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီအစ နဝင်းဖြစ်သည်။ အဿဝတီနက္ခတ်သို့ ကူးပြောင်းချိန်ကျရောက်သည်။ ယင်းသို့ တနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီမှ မိဿရာသီသို့ကူးပြောင်းချိန်ကျရောက်လျှင် သင်္ကြန်ကျခြင်းဖြစ်သည်။

ရှေးမြန်မာဘုရင်များဦးခေါင်းဆေးမင်္ဂလာပြုလုပ်ကြသည်ကို သင်္ကြန်ခေါ်သည်ဟု သုံးနှုန်းလေ့ရှိခဲ့သည်။ တစ်ပတ်လျှင် တစ်ကြိမ်လျှော်သော "ပကတိသင်္ကြန်" ဂြိုဟ်စီး၊ ဂြိုဟ်နင်းညံ့ဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတော်တောက်ရန်လျှော်သော "သင်္ကြန်လတ်"နှင့် ဘိသိက်ခံယူသည့်အခါလျှော်သော"မဟာသင်္ကြန်"ဟူ၍ သင်္ကြန်သုံးမျိုးပင်ရှိ၏။ ဤသည်ကို ထောက်ရှုသော် သင်္ကြန်အခါ ရေပက်ကစားခြင်း၊ ခေါင်းဆေးခြင်းပြုလုပ်ကြသည်မှာ အဆိုးကိုပျောက်စေပြီး အကောင်းရောက်စေရန် ရည်သန်၍ ပြုခြင်းဖြစ်သည်။

သင်္ကြန်အခါတွင် ရေပက်ကစားသောဓလေ့သည် သာကီဝင်မင်းမျိုးတို့ကစသည်။ သာကီဝင်မင်းမျိုး ရေပက်ဖျန်းကစားလေ့ရှိကြောင်းကို ကျမ်းဂန်များ၌တွေ့ရသည်။

## မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မဟာသင်္ကြန်

ဇေယတုကောဇာသက္ကရာဇ် ၁၃၇၆ ခု နှောင်းတန်ခူးလပြည့်ကျော် ၁၁ ရက်(၁၄-၄-၂၀၁၅) အင်္ဂါနေ့ နေ့လွဲ စက် ၄ နာရီ ၃၁ မိနစ် ၁၅ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။ (၁၅-၄-၂၀၁၅) ဗုဒ္ဓဟူးနေ့ မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။ ၁၃၇၆ ခု နှောင်း တန်ခူးလပြည့်ကျော် ၁၃ ရက်(၁၆-၄-၂၀၁၅) ကြာသပတေးနေ့ ညစက် ၈ နာရီ ၃၅ မိနစ် ၅၇ စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်သည်။ ထို့ကြောင့် ၁၃၇၇ ခုနှစ် တန်ခူးလပြည့်ကျော် ၁၄ ရက်(၁၇-၄-၂၀၁၅) သောကြာ နေ့ နှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်။ ဤနှစ်သည် လေးလရက်စုံဝါကြီးထပ်သောနှစ်ဖြစ်သည်။

ရဟန်းတော်အရှင်သူမြတ်တို့သည် သက္ကရာဇ် ၁၃၇၇ ခုနှစ်တွင် ဝါထပ်သောကြောင့် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်(၁-၈-၂၀၁၅)ခု စနေနေ့တွင် ပထမပုရိမာဝါကပ်သင့်ပါကြောင်း၊ ဝါခေါင်လပြည့်ကျော် ၁ ရက်(၃၁-၈-၂၀၁၅) ခု တနင်္လာနေ့တွင် ဒုတိယပစ္ဆိမဝါကပ်သင့်ပါ ကြောင်း။

သင်္ကြန်ကျရောက်ချိန်တိုင်း သင်္ကြန်စာရှိခဲ့သည်။ သင်္ကြန်စာနှင့်ပတ်သက်၍ ဥတုဝတီပြက္ခဒိန်အမည်ဖြင့် နက္ခတ်ဗေဒင်ပညာရှိ ဆရာကြီး ဦးထွန်းလှခိုင်က တစ်နှစ်တစ်စောင်ကျစီ အင်္ဂလိပ်-မြန်မာ-ရခိုင် သုံးဝါဒ ပါဝင်သော ပြက္ခဒိန်ကို ရှေးအခါက ထုတ်ဝေခဲ့လေသည်။

## ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်းသက္ကရာဇ်

မြန်မာတို့၏ပြက္ခဒိန်မှာ အနောက်မဇ္ဈိမတိုင်းမှရရှိခဲ့သကဲ့သို့ ရခိုင်အမျိုးသားပြက္ခဒိန်မှာလည်း ထိုမူရင်းဒေသမှပင် ရရှိခဲ့ကြခြင်းဖြစ်သည်။ မြန်မာတို့မှာ ဝါဆိုလတွင် ပထမဝါဆို၊ ဒုတိယဝါဆိုဟု ဝါဆိုနှစ်လထပ်ကြသကဲ့သို့ ရခိုင်အမျိုးသားတို့မှာလည်း တန်ခူးလ မိဿရာသီတွင် ပထမတန်ခူး၊ ဒုတိယတန်ခူးဟု နှစ်လထပ်ကြသည်။ ထို့ကြောင့် မြန်မာတို့မှာ နှစ်ဝါဆိုနှင့် ရခိုင်တို့မှာ နှစ်တန်ခူးဟု အတည်ပြုလာခဲ့ကြပေသည်။ ရခိုင်ပြက္ခဒိန်နှင့် မြန်မာပြည် ပြက္ခဒိန်တို့မှာ နှစ်ဝါဆို၊ နှစ်တန်ခူးဟူ၍ ကွဲပြားနေသော်လည်း သက္ကရာဇ်မှာ အတူတူပင်ဖြစ်သည်။



မြန်မာပြည်၌ သက္ကရာဇ်ဖို့ခြင်း သုံးကြိမ်ရှိခဲ့သည်။ မြန်မာပြည်တွင် သက္ကရာဇ် သုံးကြိမ်ဖို့ခြင်းနှင့် ရခိုင်ပြည်တွင် သက္ကရာဇ်တစ်ကြိမ်ဖို့ခြင်းတူနေသောကြောင့် မြန်မာနှင့် ရခိုင်သက္ကရာဇ်မှာ အတူတူဖြစ်နေတော့သည်။

တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်၊ လူမျိုးတစ်မျိုးနှင့် တစ်မျိုး မတူကြချေ။ ယဉ်ကျေးမှုကိုလိုက်၍ ရှေးရှေးနှောင်းနှောင်းရှိကြသည်။ ဓညဝတီခေတ် ရာလမာယုမင်း သက္ကရာဇ် ၆၈ သို့ ရောက်သောအခါ မြတ်ဘုရားရှင်အလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်၍ ၁၀၃ ခုနှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ၄၅ နှစ်ကြာသောကာလပတ်လုံး တရားဟောတော်မူလျက် သက္ကရာဇ် ၁၄၈ ခုနှစ်တွင် ပရိနိဗ္ဗာန်စံလွန်တော်မူ၏။ ယင်းသက္ကရာဇ်သည် ဘိုးတော်အဋ္ဌနမင်း ဖြိုကြွင်း သက္ကရာဇ်တစ်နည်းအားဖြင့် ရာလမာယုမင်း ဖြိုကြွင်း သက္ကရာဇ်ပင်ဖြစ်သည်။

## သကျသာကီဝင် သဃ်သဿရဋ္ဌနွယ်ဖွား ရခိုင်သင်္ကြန်ပွဲတော်

အတာရှင်မြူး နှစ်သစ်ကူးသည့်အချိန်တွင် တိုင်းရင်းသားလူမျိုးများသည် ရိုးရာဓလေ့ ထုံးစံအရ သင်္ကြန်နှစ်သစ်ကူးပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထိုအထဲတွင် ယဉ်ကျေးမှုများမြစ်ဖျားခံရာ သကျသာကီဝင် သဃ်သဿရဋ္ဌနွယ်ဖွား ရခိုင်လူမျိုးတို့ သင်္ကြန်ပွဲတော်၏ ယဉ်ကျေးမှုများ ထုံမွမ်းနေမှုကို တင်ပြပါ၏။ သကျ=သာကီဝင်မျိုးနွယ်ဖြစ်၍ သဃ်သဿရဋ္ဌ=ဓညဝတီရခိုင်ပြည်ဟူ၍ ရည်ညွှန်းတင်စားပါ၏။

ရခိုင်သင်္ကြန်ပွဲတော်သည် သင်္ကြန်မကျမီ သုံးရက်ခန့်ကတည်းက သင်္ကြန်ပွဲတော် ကျင်းပကြရန် တိုင်ပင်ဆွေးနွေးကြသည်။ သင်္ကြန်အကြိုနေ့တွင် မဏ္ဍပ်ကြီးငယ်များဆောက်ပြီး ကရမက်၊ နံ့သာဖြူ၊ နံ့သာနီ၊ သနပ်ခါးစသော အမွှေးတုံးတို့ကို အမျိုးသမီး ၊ အမျိုးသားများစုပေါင်းလျက် နံ့သာသွေးကြသည့် အစဉ်အလာအရ ညဥ့် ၁၂ နာရီခန့်တိုင်အောင် လူကြီးလူငယ်မရွေး သွေးကြသည်။ သွေးပြီးသော အမွှေးနံ့သာရည်တို့ကို ထမ်းရွက်လျက် ဗုံမောင်းတီးကာ တစ်ညလုံး လှည့်လည် ကခုန်မြူးတူးကြသည်။

သင်္ကြန်အကျနေ့ နံနက်တွင် မွှေးပေါင်းဖြာသည့် သွေးပြီး နံ့သာရည်တို့ကို ဘုရားပုထိုးများသို့ သွားရောက်၍ ရေသပ္ပာယ်ပြီး နံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။ ၎င်းအပြင် မိမိတို့ကိုးကွယ်ရာ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဘုရားရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာဖျန်းခြင်း၊ ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းခြင်း အစရှိသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။ နံနက်ပိုင်း ဘုရားရေသပ္ပာယ်ခြင်း အလေ့အထမှာ စစ်တွေမြို့ပေါ်တွင်သာရှိပြီး တောမြို့ဒေသနှင့် ကျေးလက်ဒေသများတွင်မူ ညပိုင်း၌ ပြုလုပ်လေ့ရှိကြသည်။

ဘုရားများကို လှည့်လည်ရေသပ္ပာယ်ရာတွင် အမျိုးသားများသာ ပါဝင်လေ့ရှိကြသည်။ ထိုနေ့ကို "ဘုရားရေချိုးနိမ့်" ဟု ရခိုင်လူမျိုးများက ခေါ်ဝေါ်ကြသည်။

ဘုရား ရေချိုးနိမ့်ဟူသည် သင်္ကြန်အကြိုနေ့ ဘုရားရေသပ္ပာယ်သည့်နေ့ဟု လိုလိုခြင်းဖြစ်သည်။

**"ပိတောက်ဝါဝါ၊ ပင်လုံးကျွတ်**
**အတာလမြတ် ရောက်သောအခါ**
**နွဲပျော်စရာ၊ စည်ဒုပ္ပာနန့်**
**ပတ်သာဗုံမောင်းတီးလို့လာ**
**နံ့သာချိုးရီ ကိုယ့်စီထမ်း**
**ကျောင်းတက်လမ်းနန့် ဝင်္ကဘာ**
**ဗုဒ္ဓမြတ်စွာ သပ္ပာယ**
**ဆုမွန်တောင်းကြ ငါရို့မှာ**
**သင်္ကြန်ကျစွာ၊ စဉ်လာထွန်း**
**ရိုကမော်ကွန်းစာအဆို**
**ငါရိုလူမျိုး၊ ဖော်ကသင်းက**
**ဇင်းခါကြောင်းလမ်း ယောင်လို့ပါ**
**မဏ္ဍပ်ကညာ၊ ပျိုဖြူလှရို့**
**ကနွဲ့ကယ ထပြီးကေ...**"ဟူသော ရခိုင်သင်္ကြန်သံချပ်ကြီးကို ထိုးကြသည်။

သင်္ကြန်ရေကစားရာတွင် အမျိုးသမီးများက ရေပတ်ခံရခြင်း အလေ့အထမရှိဘဲ မိမိတို့၏နီးစပ်ရာ မဏ္ဍပ်များအတွင်းမှသာ ရေကစားလေ့ရှိသည်။ မဏ္ဍပ်များတွင် လောင်းလှေကြီးများဖြင့် ရေကစားကြသည်။ အမျိုးသမီးများ ထိုင်နေရာနှင့် လက်တစ်လှမ်းကျော်ခန့် အကွာတွင် ရေလောင်းသူ အမျိုးသားများသည် အမျိုးသမီးများနှင့် ရောထွေးမနေပေ။ အတားအဆီး ပြုလုပ်ထားရှိသည်။ ပထမရောက်ရှိလာအဖွဲ့ ရေကစားနေကြစဉ် နောက်တစ်ဖွဲ့ရောက်လာလျှင် မဏ္ဍပ်ထဲသို့ မဝင်ဘဲ အပြင်တွင် ကခုန်သီဆို၍နေကြသည်။ တစ်ဖွဲ့ကစားပြီးမှ နောက်တစ်ဖွဲ့ကဝင်၍ ကစားရသည်။ တစ်ဖွဲ့ရေလောင်းနေလျှင် ကျန်တစ်ဖွဲ့က ဝင်ရောက်ကစားလေ့မရှိပေ။ အလွန်စည်းကမ်းရှိလှပေသည်။ ရေကစားရာတွင် အများအားဖြင့် နေ့လယ်ပိုင်းမှ ညနေစောင်းအထိသာ ကစားလေ့ရှိသည်။

ရှေးရှေးအခါက အမျိုးသား ရေပက်ခံအဖွဲ့များသည် မြင်းရထား၊ နွားလှည်းများနှင့် အမျိုးသမီးရေလောင်းမဏ္ဍပ်များသို့ လှည့်လည်ဝင်ထွက် ရေကစားလေ့ရှိသည်။ လူပျိုနှင့် အပျိုတွေ့ဆုံခွင့်ရသည့် အချိန်ဖြစ်သည်။ သို့ရာတွင် မောင်နှမချင်း၊ သားအမိသား အဖချင်း၊ ယောက်ျားချင်း၊ မိန်းမချင်း၊ တူအရီးချင်း၊ ခဲအိုခယ်မစသည့်တို့အချင်းချင်း ရေလောင်းလေ့မရှိကြပေ။ မရီးက မတ်ကို ရေလောင်းနိုင်၏။ သမီးယောက်ဖသူငယ်ချင်း၊ ကလေးချင်း၊ လူပျိုနှင့် အပျို၊ မိတ်ဆွေအချင်းချင်း ရေလောင်းနိုင်ခွင့်ရှိသည်။ ထိုအစဉ်အလာများကို ထိန်းသိမ်းကြဆဲဖြစ်သည်။

"တစ်နှစ်တစ်ခါ သင်္ကြန်ကျ၊ ပျော်လဲပျော်ရပါရေ၊ ပိုးလဲပိုးရပါရေ၊ ပိုးမယ်ပန်းမယ် ဇာဖြစ်တယ်လဲ၊ အခွန်တော်လဲ မပြီးရပါလေ။ အမြတ်တော်ကြေးလဲ မပြီးရပါလေ (အပျိုကို ဝါကြီးပိုးရေ) လူပျိုပိုးကေလမ်းကို လျှောက်တယ်၊ ဝါကြီးပိုးကေ အိမ်ကိုရောက်တယ်၊ အလို. . . အစွမ်းကုန်ပိုးကပ်ပါရလေ" ဟူသော သံချပ်များကို ထိုးလာကြသည်။

အမျိုးသားများက မိမိရေလောင်းလိုသည့် အမျိုးသမီးထံသို့ သွားရောက်၍ "မရီးချေ၊ မရီးချေ၊ ရေတဆိပ်ချေပြီးပါလာလေ"ဟု ယဉ်ကျေးစွာ ရေတောင်းကြသည်။ အမျိုးသမီးများက ဖလားဖြင့်ရေခပ်၍ အမျိုးသား၏ ဖလားထဲသို့ ထည့်ပေးရသည်။ ဤရေဖြင့် အမျိုးသားများက စတင်ပက်ရသည်။

မဏ္ဍပ်တွင်းရှိ လောင်းလှေကြီးတွင် ရေအပြည့်ထည့်ကာ အမျိုးသမီးနှင့် အမျိုးသား တစ်ဖက်စီ မျက်နှာချင်းဆိုင် ပျော်ရွှင်စွာ ရေပက်ကစားလေ့ရှိသည်။ တစ်ဖက်နှင့်တစ်ဖက် အနိုင်ကြဲ၍ လောင်းလှေထဲမှရေကို ကုန်သည်အထိ ပက်ကြသည်။ ရေကိုခပ်သွက်သွက်ခပ်၍ မြန်မြန်ပက်ကြသည်။ တစ်ဦးချင်း မျက်နှာချင်းဆိုင်သူများသာ ပက်ရသည်။ အခြားသူကိုကျော်၍မပတ်ရ။ မျက်နှာကိုလက်နှင့် သပ်ချသူကရှုံးသည်။ အနိုင်အရှုံးကို ဒိုင်လူကြီးက ဆုံးဖြတ်ပေးလေ့ရှိသည်။

သင်္ကြန်အတက်နေ့တွင် သင်္ကြန်စာ၌ ပါသည့် အတာအတက်နေ့ အဆိုအမိန့်အတိုင်း သက်ဆိုင်သည့် နေ့ရက်ဖွား သားသမီးများအတွက် အတာတက်မုန့် (မုန့်လုံး)များ ပြုလုပ်၍ အတာတက်ကြရသည်။ နေ့နံသင့်ရာ အရပ်ကိုသွားရောက်၍ ရွှေရည် ငွေရည် အမွှေးနံ့သာရည်တို့ဖြင့် ဦးခေါင်းလျှော်ကြသည်။ သပြေ၊ ချရား၊ အုန်းစသည့် နေ့သင့်နံသင့်အညွန့်များဖြင့် ရေစင်ဖျန်း၍ နှစ်သစ်အတွက် မင်္ဂလာရှိစေရန် ဆုမွန်ကောင်းတောင်းကြသည်။

ယဉ်ကျေးမှု မြစ်ဖျားခံရာ သကျသာကီဝင် သဃ်သဿရဋ္ဌနွယ်ဖွား ရခိုင်တို့၏ သင်္ကြန်ပွဲတော်ဖြစ်သည်။ ရခိုင်လူမျိုးတို့သည် ရာစုနှစ်ပေါင်းများစွာကပင် ရာဇဝင်မှတ်တမ်းများရှိခဲ့ကြသူများဖြစ်သဖြင့် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကြသူများ ဖြစ်ကြလေသည်။ အတာရှင်မြူးနှစ်ကူးသည့်အချိန်တွင် လူမျိုးတိုင်းသည် ရိုးရာဓလေ့ထုံးစံအရ သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြသည်။ ထိုအထဲတွင် တစ်မူထူးခြားသည့် ရခိုင်လူမျိုးတို့၏ သင်္ကြန်ပွဲတော် နွဲပျော်ပုံကို တင်ပြလိုက်ပါသည်။

# တစ်ပြိုင်နက်ဖြန့်ဖြူးရေးစနစ်များကျင့်သုံးနေချိန် အရှေ့တောင်အာရှဈေးကွက်ဖြန့်ဝေမှုတွင် မြန်မာကို ထည့်သွင်းစဉ်းစားရန် ကမ္ဘာကျော်အမှတ်တံဆိပ်များ ပိုမိုစိတ်ဝင်စားလာ

သတင်းဆောင်းပါး-ခင့်ရတနာ၊ ဓာတ်ပုံ-မေဦးမွှေး

**ရန်ကုန် မတ် ၃၁**

နိုင်ငံတကာအဆင့်မီ စီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်များကို ဖြန့်ဖြူးရာတွင် ဈေးနှုန်းတူ၊ ဒီဇိုင်းတူ ကုန်စည်များကို နိုင်ငံအသီးသီး တစ်ချိန်တည်း မိတ်ဆက်ခြင်းဖြင့် ဘုံဈေးကွက်သစ်ကို ဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံသို့ ယခင်က ကုန်စည်သစ်များ မိတ်ဆက်မှု နောက်ကျခဲ့သော်လည်း ယခုအခါ အာဆီယံဈေးကွက် ဖော်ဆောင်ရာတွင် ထိပ်တန်းမှ ထည့်သွင်းစဉ်းစားရမည့် နိုင်ငံတစ်ခုဖြစ်လာကြောင်း စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ယခုအခါ ဆမ်ဆောင်းမှ ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းနည်းပညာများကို အသုံးပြုကာ ထုတ်လုပ်ထားသည့် နည်းပညာသစ် တစ်ခုအား ဧပြီ ၁၀ရက်တွင် မိတ်ဆက်နိုင်ရေးအတွက် အရှေ့တောင်အာရှ နိုင်ငံအနည်းငယ်တွင် မြန်မာနိုင်ငံအား ထည့်သွင်းထားကြောင်း ဆမ်ဆောင်းအီလက်ထရွန်နစ်၏ စီအီးအိုနှင့် မိုဘိုင်းဖုန်းနည်းပညာဌာန ဦးဆောင်အရာရှိ မစ္စတာ ဂျေကေရှင်းက ပြောကြားသည်။

ကမ္ဘာ့ပထမဆုံး ဘောင်နှစ်ဖက် ကွေးညွတ်မျက်နှာပြင် ပါရှိသည့် ဖန်သားပြင်မှန်သား စမတ်ဖုန်းသစ်ကို ဆမ်ဆောင်းမှ မိတ်ဆက်ခြင်းဖြစ်ပြီး "Galaxy S6 နဲ့ Galaxy S6 edge အသစ်တွေနဲ့အတူ ကမ္ဘာလုံးဆိုင်ရာ Mobile Agenda ကို မောင်းနှင်နိုင်မယ့် စံနှုန်းသစ်တစ်ခုနဲ့ တိုးတက်ရွေ့လျားလာမှုအဆင့်တစ်ဆင့်ကို အခြားနိုင်ငံတွေနဲ့ အချိန်တူ ဆမ်ဆောင်းကပေးအပ်လိုက်တာပါ"ဟု ဂျေကေရှင်းကဆိုသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးပွားဝင်ရောက်လာချိန်တွင် ဈေးကွက်ဖြန့်ချိမှုတွင်လည်း သာတူညီမျှ ဖြန့်ဝေသည့်စနစ်ကို ပိုမိုတိုးချဲ့လာရာ ဒေသတွင်းဈေးကွက်မြှင့်တင်ရေးအစီအစဉ်များတွင် မြန်မာကိုလည်း ထည့်သွင်းစဉ်းစားရကြောင်း မာစီးဒီးစ်-ဘန့်စ်ကားများ တင်သွင်းရောင်းချသည့် အော်တိုမိုဘိုင်း အလိုင်းရင့်စ် ကုမ္ပဏီမှ တာဝန်ရှိသူကလည်း ဖြေကြားသည်။

"မြန်မာနိုင်ငံက အရှေ့တောင်အာရှ နိုင်ငံတွေထဲမှာ ဈေးကွက်အသစ်ကြီး တစ်ခုဖြစ်ပါတယ်။ မမျှော်မှန်းနိုင်တဲ့ Customer တွေ ရှိနေတယ်လို့ ခန့်မှန်းရတယ်။ သူတို့အတွက် အသစ်အသစ်တွေကို သူများထက် ပိုပြီးပေးနိုင်မယ်ဆိုရင် ဈေးကွက်မှာခြေဆန့်နိုင်မယ်လို့ နိုင်ငံတကာအမှတ်တံဆိပ်တွေက စိတ်ဝင်စားကြတယ်။ သုံးစွဲသူအတွက် အခုလို ဝင်ရောက်လာတဲ့အခါ ရွေးချယ်စရာတွေ ပိုများလာမယ်။ အမြင်ပိုကျယ်လာမယ်။ သို့သော် ပြည်တွင်းက ဈေးကွက်ငယ်တွေနဲ့ ပို့ကုန်သွင်းကုန်လုပ်ငန်းငယ်တွေအတွက်တော့ သတိပြုစရာတွေရှိနိုင်တယ်" ဟု စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေအကြံပေး ဒေါက်တာမောင်မောင်အောင်က ပြောသည်။

အလားတူ ဟောင်ကောင်အခြေစိုက် တိုက်ရိုက်ရောင်းချရေးကုမ္ပဏီ




Qnet ကလည်း မြန်မာနိုင်ငံတွင်း တိုက်ရိုက်ရောင်းချသည့်စနစ်ဖြင့် စားသုံးသူများထံ တိကျသည့် လက်လီဈေးနှုန်းများဖြင့် အချိန်နှင့် တစ်ပြေးညီ တိုက်ရိုက်ဖြန့်ဖြူးမည်ဖြစ်ကြောင်း ဒေသတွင်းစီမံခန့်ခွဲမှု အကြီးအကဲ မစ္စတာ စတီဗင်စင် ချာလီက မြန်မာ့အလင်းသို့ပြောကြားပြီး ထိုင်းအခြေစိုက် ဘီလပ်မြေစက်ရုံ အက်စီဂျီကလည်း မြန်မာနိုင်ငံမှ စားသုံးသူများအတွက် အရှေ့တောင်အာရှနိုင်ငံများနှင့်တန်းတူ ဝန်ဆောင်မှု ပေးအပ်မည့် တိုက်ရိုက်အရောင်းပြခန်းကို ၂၀၁၆ နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း မတ် ၂၈ရက်က ထုတ်ပြန်ကြေညာသည်။

တရုတ်စမတ်ဖုန်း ထုတ်လုပ်သူ Vivo ကလည်း ၎င်းတို့၏ နည်းပညာသစ်များကို မြန်မာနိုင်ငံအတွင်း တစ်ပြိုင်နက် ဖြန့်ဖြူးနိုင်မည်ဟုဆိုကာ ဈေးကွက်ရောင်းချမှု တစ်ပြိုင်နက်စနစ်ဖြင့် ထုတ်ကုန်သစ် X5 Max ကို မတ် ၂၇ရက်က မိတ်ဆက်ခဲ့ပြီး ယခုကဲ့သို့ မြန်မာကို ထည့်သွင်းစဉ်းစားရခြင်းမှာ ဈေးကွက်ဝေစုရရှိရေးအတွက် အသိသာဆုံးသော ပထမခြေလှမ်းဖြစ်ကြောင်း Vivo မြန်မာမှ စီအီးအို ဝမ်ချမ်းက ပြောသည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် နိုင်ငံတကာစီးပွားရေးနယ်ပယ်များ ချဲ့ထွင်မှုအသီးအပွင့်ကို ခံစားနေရသည့် မြန်မာနိုင်ငံအဖို့ နိုင်ငံတကာစီးပွားရေး ကျင့်ဝတ်များ၊ လှည့်ကွက်များကို သိရှိထားခြင်းဖြင့် အပြောင်းအလဲများကို လွယ်ကူစွာ ဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် နိုင်ငံတကာ အမှတ်တံဆိပ်များ ပြည်တွင်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာချိန်တွင် ပြည်တွင်းလုပ်ငန်းရှင်များအနေနှင့်လည်း စံအရည်အသွေးသတ်မှတ်ချက်များကို လေးစားအတုယူဖွယ်ဖြစ်ကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ နိုင်ငံခြား ဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပသည့် စီးပွားရေးဆိုင်ရာ ဟောပြောပွဲတွင် ထည့်သွင်းပြောကြားသည်။

**(မြန်မာ့အလင်း)**

# ဝက်ဘိုးကျေးရွာ၌ ကျေးလက်ဖွံ့ဖြိုးရေးတံတားတည်ဆောက်

**ရေဦး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မြင်းပေါက်ကျေးရွာအုပ်စု ဝက်ဘိုးကျေးရွာ၌ တည်ဆောက်လျက်ရှိသော ကျေးရွာချင်းဆက် ကျေးလက်ဖွံ့ဖြိုးရေး တံတားတည်ဆောက်မှုလုပ်ငန်းများ မကြာမီပြီးစီးမည်ဟု သိရသည်။

အဆိုပါ ကျေးလက်ဖွံ့ဖြိုးရေးတံတားကို တိုင်းဒေသကြီးလွှတ်တော်ရန်ပုံငွေ ကျပ် ၂၅ သိန်းနှင့် ဒေသခံပြည်သူများ၏ထည့်ဝင်ငွေ ကျပ် ၁၅ သိန်းဖြင့် ဖေဖော်ဝါရီ ၂၈ ရက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ အရှည် ၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေရှိသံကူကွန်ကရစ်တံတားဖြစ်သည်။ တံတားတည်ဆောက်မှုများအချိန်မီ သတ်မှတ်စံနှုန်းများနှင့်အညီ ပြီးစီးရေးအတွက် မြင်းပေါက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းကျော်၊ ကျေးရွာဖွံ့ဖြိုးရေးနှင့်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားသည် ဒေသတွင်းပြည်သူများအတွက် အရေးပါသော တံတားဖြစ်ပြီး ယခင်က ကျေးရွာအနေဖြင့် ငွေအင်အားမလုံလောက်သောကြောင့် ထန်းသားတံတားထိုး၍ ယာယီအသုံးပြုနေရကြောင်း၊ ယခုကဲ့သို့ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးသည့်အတွက် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးတားဆီးရေးနှင့် မှုခင်းကြိုတင်တားဆီးကာကွယ်ရေး ပညာပေးဟောပြော

**ကျောက်ပန်းတောင်း မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မူးယစ်ဆေးဝါးတားဆီးရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကြိုတင်တားဆီးကာကွယ်ရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မဟာဗောဓိမ္မာရုံ၌ မတ် ၂၉ ရက်က ကျင်းပသည်။



ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦးက မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်အောင်က မှုခင်းလျှော့နည်းကျဆင်းရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဟောပြောသည်။ ထို့နောက် မြို့နယ်မှုခင်းမှတ်တမ်းတာဝန်ခံ ရဲအုပ်စိုးဝင်းက ယာဉ်တိုက်မှုအန္တရာယ်နှင့် ပြစ်မှုဆိုင်ရာဥပဒေများကိုလည်းကောင်း၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၃) တပ်ဖွဲ့ခွဲ(၆၀) ညောင်ဦးမှ ဒုတိယတပ်ကြပ်မြင့်ဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း ပညာပေးရှင်းလင်းဟောပြောသည်။

ဟောပြောပွဲသို့ အောင်မင်္ဂလာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟံလင်းနှင့် ရပ်ကွက်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(iprd)**

# မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အကြောင်းနှင့် ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**တောင်ကြီး မတ် ၃၁**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်(UNCRPD)အကြောင်း အသိပညာပေးသင်တန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့ လူမှုဝန်ထမ်းဦးစီးဌာန ရှမ်းပြည်နယ် လူမှုဝန်ထမ်းရုံက မြို့မရပ်ကွက်ရှိ တောင်ကြီးမူလတန်းကြိုကျောင်း အစည်းအဝေးခန်းမ၌ မတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးတင်အောင်ရီက လူမှုဝန်ထမ်းလုပ်ငန်းကြီး (၈)ရပ်နှင့် မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်းများအကြောင်း၊ NH(Myanmar)၏ ရပ်ရွာအခြေပြု မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များအကြောင်းတို့ကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း အမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းသို့တက်ရောက်ကြသော သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ပို့ချသည်။

သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးတင်အောင်ရီ၊ ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇင်လတ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်း ပရဟိတအသင်း၊ ရတနာမေတ္တာအဖွဲ့နှင့် အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မသန်စွမ်းသူအခွင့်အရေးဆိုင်ရာ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုးများ အခမဲ့စစ်ဆေးပေး

**စစ်ကိုင်း မတ် ၃၁**

အသည်းရောင် ဘီပိုးနှင့် စီပိုး ကမ္ဘာပေါ်မှ ပပျောက်ရေးအားလုံးလက်တွဲဆောင်ရွက်ပေး ဟူသည့်ဆောင်ပုဒ်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဒေသခံပြည်သူများအား မတ် ၂၉ ရက်က နေရာသုံးခုခွဲ၍ အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုးအခမဲ့စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်း Myanmar Liver Foundation က စစ်ကိုင်းမြို့ မျက်မမြင်ကျောင်း၊ မြို့မဈေးဒုတိယထပ်နှင့်ပညာရေးကောလိပ်တို့၌ စစ်ဆေးပေးခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းမှ ဒေါက်တာယုယုဝေ ဦးဆောင်သော ဆရာဝန်များ၊ ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများက မျက်မမြင်ကျောင်းမှကျောင်းသားကျောင်းသူ ၃၇ ဦး၊ မြို့မဈေးဒုတိယထပ်၌ ပြည်သူ ၁၆၉ ဦးနှင့် စစ်ကိုင်းပညာရေးကောလိပ်၌ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ သင်တန်းတက်နေသူ ၄၄၀ စုစုပေါင်း ၆၄၆ ဦးတို့ကို ဘီပိုးနှင့် စီပိုးအခမဲ့စစ်ဆေးပေးနိုင်ခဲ့ကြောင်း သိရသည်။

သွေးဖောက်စစ်ဆေးရာတွင် စစ်ဆေးခံသူမှ ဘီပိုးနှင့် စီပိုးရောဂါ ရှိ မရှိ စိစစ်ပေးရန် သဘောတူညီကြောင်း ဖောင်စာရွက်တွင်ရေးသွင်းထားသည့် လက်မှတ်နှင့်အတူ တာဝန်ခံဆရာများက စစ်ဆေးပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက စစ်ဆေးမှုတွင် လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်းအနေဖြင့် ဘီပိုးနှင့်စီပိုးရောဂါများကာကွယ်ရေးအတွက် အခမဲ့စစ်ဆေးပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**



စစ်ကိုင်းပညာရေးကောလိပ်၌ ဘီပိုးနှင့်စီပိုး အခမဲ့စစ်ဆေးပေးစဉ်။

ပြည်တွင်းသတင်း



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာအုပ်စု ဆယ်ရွာကျေးရွာ၌ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေးရွာနေပြည်သူများ၏ မတည်လှူဒါန်းငွေများဖြင့် စုပေါင်းတည်ဆောက်ခဲ့သည့် မရှိမအလင်းစာကြည့်တိုက်ကို မတ် ၂၉ ရက်က ဖွင့်လှစ်စဉ်။

အောင်(မန်းတက္ကသိုလ်)

# ယာဉ်တိုက်မှုဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသောမော်တော်ယာဉ်ကို သံလွင်တံတားမှ CCTV မှတ်တမ်းဖြင့် ဖော်ထုတ်ဖမ်းဆီးနိုင်

**ဘားအံ မတ် ၃၁**

ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာအုပ်စု ရွာကြီးကျေးရွာဇရပ်အနီး ဘားအံ-သထုံကားလမ်းပေါ်၌ မတ် ၂၇ ရက် ညနေပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး မောင်းနှင်ထွက်ပြေးခဲ့သောယာဉ်ကို သံလွင်တံတားမှ CCTVမှတ်တမ်းဖြင့် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ ဘားအံ-သထုံကားလမ်းပေါ်၌ သထုံဘက်မှ ဘားအံဘက်သို့ မောင်းနှင်လာသော ဒိုင်နာယာဉ်တစ်စီးသည် ရွာကြီးကျေးရွာဇရပ်အနီး မိုင်တိုင်အမှတ်(၁/၀)တွင် ရှေ့မှယာဉ်တစ်စီးကို အရှိန်ဖြင့်ကျော်တက်စဉ် ဆန့်ကျင်ဘက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး ဘားအံမှသထုံဘက်သို့ ယာဉ်ကြောအတိုင်း မောင်းနှင်လာသော မောင်အေးချမ်း (၂၅ နှစ်) မောင်းနှင်ပြီး စောတာပေါ (၁၅ နှစ်) လိုက်ပါစီးနင်းလာသည့် နံပါတ်မပါ Wave S အမျိုးအစား ခဲရောင်ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ပွားသည့်သတင်းအရ မြိုင်ကလေးရဲကင်းစခန်းမှ ရဲကင်းစခန်းမှူး ဒုရဲအုပ်စိုးခိုင်၊ နယ်ထိန်းတပ်ကြပ်ကြီး အောင်မြင့်ဦး၊ တပ်ကြပ်မျိုးဇော်မြင့်၊ ရွာကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးခွန်စိုးနိုင်နှင့် ဦးဝင်းခိုင်တို့က သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်တိုက်မှုဖြစ်ပြီးနောက် ဒိုင်နာယာဉ်မောင်းသည် ဘားအံဘက်သို့ သံလွင်တံတားလမ်းကြောင်းအတိုင်း မောင်းနှင်ထွက်ပြေးခဲ့ကြောင်း သတင်းရရှိသဖြင့် သံလွင်တံတားဂိတ်နှင့် ထွက်ပြေးတိမ်းရှောင်နိုင်သော လမ်းကြောင်းများရှိ လုံခြုံရေးဂိတ်များသို့ သတင်းပေးပို့ဆက်သွယ်ခဲ့ပြီး ဒဏ်ရာရရှိသူများကို ဘားအံပြည်သူ့ဆေးရုံကြီးသို့ မှုခင်းဆေးစာဖြင့်တင်ပို့ပေးခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူအေးချမ်းတွင် ပွန်းပဲ့ဒဏ်ရာများနှင့် နောက်မှလိုက်ပါစီးနင်းလာသူ စောတာပေါတွင် ပြင်းထန်ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့ပြီး ဆိုင်ကယ်လည်းပျက်စီးခဲ့ကြောင်း သိရသည်။

ထို့နောက် ထွက်ပြေးသွားသောယာဉ်ကို ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့ရာ ယာဉ်အမျိုးအစားနှင့် ယာဉ်နံပါတ်များကို သံလွင်တံတားလုံခြုံရေး CCTV မှတ်တမ်းများဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါ ယာဉ်မောင်းနှင်ပြေးနိုင်သည့် လမ်းကြောင်းများရှိ လုံခြုံရေးအဖွဲ့များသို့ အကြောင်းကြားကာ ပိတ်ဆို့ဖမ်းဆီးခဲ့ရာ ဂျိုင်း-ဇာသပြင်တံတားဂိတ်၌ ည ၁၀ နာရီအချိန်တွင် အခင်းဖြစ်ရပ်မှ မောင်းနှင်ထွက်ပြေးတိမ်းရှောင်ခဲ့သော ဒိုင်နာယာဉ်နှင့် ယာဉ်မောင်းရဲမင်းလတ် (၂၇ နှစ်) သာကေတမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်၍ ယာဉ်တိုက်မှုဖြစ်ပွားကာ နာကျင်ဒဏ်ရာများရရှိစေပြီး အခင်းဖြစ်ရပ်မှထွက်ပြေးတိမ်းရှောင်ရန်ကြိုးစားသူ ဒိုင်နာယာဉ်မောင်းရဲမင်းလတ်အား ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်ထားရှိပြီး ဒုရဲအုပ်စိုးခိုင်က စစ်ဆေးလျက်ရှိသည်။ အမှုဖွင့်ထားပြီးနောက် ယာဉ်တိုက်ခံရသော စောတာပေါမှာ ဆေးရုံတွင်ဆေးကုသမှုခံယူနေစဉ် ရရှိသောဒဏ်ရာများဖြင့် မတ် ၂၈ ရက် နံနက် ၃ နာရီခန့်တွင် သေဆုံးသွားသဖြင့် အမှုအား (၃၀၄-က)သို့ ပြောင်းလဲဖွင့်လှစ်ထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

“ယာဉ်နံပါတ်ကို သံလွင်တံတားလုံခြုံရေး CCTV မှတ်တမ်းများဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး အဆိုပါယာဉ် မောင်းနှင်ပြေးနိုင်သည့်လမ်းကြောင်းများရှိ လုံခြုံရေးအဖွဲ့များသို့ အကြောင်းကြားကာ. . .”

**ထွန်းထွန်းထွေး(ဘားအံ)**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ၂၀၁၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၃၀ ရက်က သင်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်တီဘီဆရာဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်များမှ တီဘီတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်နေကြသော ဆရာဝန်များ၊ NGO များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး တီဘီရောဂါတိုက်ဖျက်ရေးတွင် ထူးချွန်ဆုရရှိသော မြို့နယ်များမှဆရာဝန်များကို ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၅ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားဖွင့်ပွဲမိန့်ခွန်းကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ဖတ်ကြားပြီး ခရိုင်တီဘီဆရာဝန်ကြီးက တီဘီရောဂါအကြောင်းသိကောင်းစရာများနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တီဘီရောဂါတိုက်ဖျက်ရေးပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ရဲမင်းထွန်း**

# သင်္ကြန်ကာလအတွင်း မှုခင်းကြိုတင်ကာကွယ်ရေး ဆွေးနွေး

**သနပ်ပင် မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ သင်္ကြန်ရက်များအတွင်း မှုခင်းများဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရန် သနပ်ပင်မြို့မရဲစခန်း၌ မတ် ၂၇ ရက်က ဆွေးနွေးခဲ့ကြသည်။

သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေးအတွက် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးရေး၊ ဆေးဆိုင်များနှင့် လမ်းဘေးဈေးဆိုင်များတွင် ကာမစိတ်နှိုးဆွသော ဆေးဝါးများ ရောင်းချမှုမရှိစေရေး၊ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မည့်သူများ ဝင်ရောက်မှု မရှိစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးသိန်းက ပြောသည်။

ဆွေးနွေးပွဲသို့ သနပ်ပင်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များနှင့် လိုင်စင်ရအရက်ဆိုင်ရှင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ရဲထွဋ်(မင်းရွာ)**

# မကွေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ နွေရာသီစာတတ်မြောက်ရေးလုပ်အားပေးမည်

**မကွေး မတ် ၃၁**

နွေရာသီကျောင်းပိတ်ရက်အတွင်း မကွေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၁၀၀ က မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာ ၄၇ ရွာမှ စာမတတ်သူပြည်သူများအတွက် စာတတ်မြောက်ရေး လုပ်အားပေး သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာအေးကျော်က အောင်လံမြို့နယ်တွင်ရှိသော စာမတတ်သူများ စာတတ်မြောက်စေရေးအတွက် မကွေးတက္ကသိုလ်မှ ကြီးကြပ်သူဆရာ၊ ဆရာမများလိုက်ပါလျက် ကျောင်းသား ကျောင်းသူများက သွားရောက်သင်ကြားပေးကြမည်ဖြစ်ကြောင်း၊ မကွေးတက္ကသိုလ်အနေဖြင့် နိုင်ငံတကာစာတတ်မြောက်ရေး (အသုံးလုံး)လုပ်ငန်းများကို ၂၀၁၃ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ်အဖြစ် ငဖဲမြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် နတ်မောက်မြို့နယ်နှင့် မင်းဘူးမြို့နယ်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် အောင်လံမြို့နယ်သို့ သွားရောက်ခြင်းဖြစ်ကြောင်း၊ ကြီးကြပ်သူဆရာ၊ ဆရာမ ၁၁ ဦးနှင့် လုပ်အားပေးကျောင်းသား ၂၇ ဦး၊ ကျောင်းသူ ၈၃ ဦး စုစုပေါင်းကျောင်းသားကျောင်းသူ ၁၁၀ ပါဝင်မည်ဖြစ်ကြောင်း၊ အောင်လံမြို့နယ်အတွင်းရှိ ကျေးရွာ၄၇ ရွာမှ စာသင်သား ၁၂၆၂ ဦးအား စာသင်ဝိုင်း ၁၁၀ ဝိုင်းဖြင့် ၄၅ ရက်ကြာ သင်ကြားသွားမည်ဖြစ်ကြောင်း မကွေးတက္ကသိုလ်ဘက်စုံခန်းမ၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျောင်းသား ကျောင်းသူများတွေ့ဆုံပွဲ၌ ပြောကြားသည်။

လုပ်အားပေးကျောင်းသားကျောင်းသူများအနေဖြင့် မိမိကိုယ်ကို မြင့်မြတ်သည့်ဆရာဘဝကိုခံယူပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သင်ကြားပို့ချပေးပြီး နိုင်ငံဂုဏ်ကိုဆောင်နိုင်သောပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားကြရန်လည်း ပါမောက္ခချုပ်က မှာကြားသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေက ကျောင်းသား ကျောင်းသူများအား ဩဝါဒစကား ပြောကြားပြီး လုပ်အားပေးသွားမည့် ကျောင်းသား ကျောင်းသူများအား နွေရာသီစာတတ်မြောက်ရေး အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

တွေ့ဆုံပွဲသို့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပါမောက္ခ (ဌာနမှူး)များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆရာ ဆရာမများ၊ လုပ်အားပေး ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ကျော်ဇေယျ**



# ပဲငပိဈေးကောင်းရသဖြင့် အင်းတော်မြို့နယ်မှတောင်သူများ တိုးချဲ့စိုက်ပျိုးမှုများလာ

**မိုးညှင်း မတ် ၃၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသအတွင်းရှိ တောင်သူများအနေဖြင့် မိုးစပါးရိတ်သိမ်းပြီးချိန်တွင် လယ်ယာမြေများ၌ ပဲငပိပင်များကို အဓိကထားကာ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

“အရင်နှစ်တွေက ပဲငပိတစ်တင်းကို ငွေကျပ် ၁၆၀၀၀ ကျော်နှုန်းနဲ့ ရောင်းချရပါတယ်။ ဒီနှစ်မှာတော့ စိုက်ပျိုးသူများတဲ့အတွက် တစ်တင်းကို ငွေကျပ် တစ်သောင်းခွဲဈေး လောက်တော့ ရောင်းရလိမ့်မယ်လို့ ထင်ပါတယ်။ အခု ကျွန်မတို့လယ်မှာ စပါးဆယ်ဧကကွင်းမှာ ၇ ဧကကို ပဲငပိပင်တစ်မျိုးတည်းကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားပါတယ်။ တစ်ဧကကို ပျမ်းမျှတင်း ၂၀ နှုန်းလောက်ထွက်လိမ့်မယ်လို့ ခန့်မှန်းပါတယ်။ ပဲငပိရောင်းရငွေက အနည်းဆုံးငွေကျပ်သိန်း ၁၀၀ ကျော်လောက်တော့ ရနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်မတို့ မိသားစုရဲ့ မိုးစပါးရိတ်သိမ်းပြီးချိန်မှာ ဆောင်းသီးနှံအဖြစ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးတဲ့ သီးနှံကနေ အပိုဝင်ငွေရတာပေါ့။ ဒီထက်ပိုပြီး အထွက်နှုန်းကောင်းချင်တယ်ဆိုရင်တော့ သဘာဝဓာတ်မြေဩဇာတွေ ရွက်ဖျန်းအားတိုးဆေးနဲ့ ပိုးသတ်ဆေးတွေကို စနစ်တကျသုံးစွဲရမှာပါ။ ဒါပေမယ့် စိုက်ပျိုးငွေကုန်ကျစရိတ်များလွန်းတော့ မတတ်နိုင်ဘူး” ဟု အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာနေ ပဲငပိပင်စိုက်ပျိုးသည့် တောင်သူ ဒေါ်ချိုမာမြင့်က ပဲငပိပင်များ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေကို ပြောသည်။

အင်းတော်ကြီးဒေသမှ တောင်သူများအတွက် ရာသီချိန်ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို နိုင်ငံတော်က ကြိုထုတ်ပေးမည်ဆိုပါက ပဲစိုက်တောင်သူများအတွက် ပိုအဆင်ပြေမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင်မူ စိုက်ပျိုးစရိတ်ချေးငွေမရသဖြင့် ဓာတ်မြေဩဇာ၊ ရွက်ဖျန်းအားတိုးဆေး၊ ပိုးသတ်ဆေးများကို လုံလုံလောက်လောက် မသုံးစွဲနိုင်သဖြင့် အထွက်နှုန်းနည်းကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေရရှိပါက အထွက်နှုန်းပိုမိုကောင်းမွန်လာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အင်းတော်ကြီးဒေသသည် ကချင်ပြည်နယ်၏ စပါးစိုက်ပျိုးမှုတွင် စတုတ္ထနေရာရှိ အထွက်တိုးဒေသတစ်ခုဖြစ်ကြောင်း၊ ပျမ်းမျှအထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ ခန့်ထွက်ရှိကြောင်း၊ အင်းတော်ကြီးဒေသတွင် ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာပေါင်း ၄၃ ရွာရှိပြီး စပါးစိုက်လယ်မြေဧကပေါင်း တစ်သိန်းခန့်ရှိကြောင်း သိရသည်။

ယင်းလယ်ယာမြေများပေါ်တွင် မိုးစပါးစိုက်ပျိုးရိတ်သိမ်းပြီးချိန်တွင် ပဲအမျိုးမျိုး၊ ဖရဲ၊ ပန်းအမျိုးမျိုးတို့ကို ဆောင်းသီးနှံအဖြစ် နှစ်စဉ်စိုက်ပျိုးလေ့ရှိကြပြီး ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းလည်းရရှိသည့် ပဲငပိပင်များကို စိုက်ပျိုးလာကြခြင်းဖြစ်ကာ ယခုနှစ်တွင် ပဲငပိပင်စိုက်ပျိုးဧကနှစ်သောင်းကျော်ခန့်ရှိနေကြောင်း သိရသည်။

**နီတိုး(မော်လူး)**

ပြည်တွင်းသတင်း

# သင်္ကြန်ကာလအတွင်း ရေကစားသူများနှင့် မော်တော်ယာဉ်များလိုက်နာရန် သတိပေးချက်များ မုံရွာမြို့နယ်စီမံခန့်ခွဲမှုကော်မတီ ထုတ်ပြန်

**မုံရွာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်လုံခြုံရေး၊ ပြည်သူများဘဝလုံခြုံမှုရှိရေး၊ ဝိသမလောဘသမားများ မိမိအကျိုးစီးပွားအလို့ငှာ လုပ်ဆောင်မှုကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်စေရေးအတွက် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၅)ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီက မတ် ၂၉ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အမိန့်ကြော်ငြာစာထုတ်ပြန်မှုနှင့်ပတ်သက်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညွန့်စိုးက "ပြီးခဲ့တဲ့နှစ်မဟာသင်္ကြန်ကာလမှာလည်း အခုလိုသတိပေးအမိန့်တွေထုတ်ပြန်ပြီး ကြိုတင်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် သင်္ကြန်ရေကစားတဲ့သူတွေ၊ ရေပက်ခံထွက်တဲ့သူတွေနဲ့ ပတ်ဝန်းကျင်ကလူတွေပါ စိတ်အေးချမ်းသာစွာနဲ့ နေနိုင်ခဲ့တယ်။ ယာဉ်မတော်တဆမှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုတွေလည်း လျော့ကျခဲ့တယ်။ အခုနှစ်မှာလည်း ပြီးခဲ့တဲ့နှစ်လိုဖြစ်ဖို့အတွက် အခုလိုသတိပေးအမိန့်တွေ ထုတ်ပြန်တာပါ။ အခုနှစ်က မုံရွာမြို့မှာ သင်္ကြန်အကမဏ္ဍပ် ၁၃ ခုနဲ့ အလှပြယာဉ် ခုနစ်စီးပါမယ်" ဟု ပြောသည်။

အဆိုပါသတိပေးအမိန့်တွင် ရေပက်ကစားသူများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ဂုဏ်သိက္ခာပျက်ပြားစေပြီး အကြည်ညိုပျက်စေရန်၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်းများ လှုပ်ရှားဆောင်ရွက်ခြင်းမပြုရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားစေမည့် လှုပ်ရှားဆောင်ရွက်မှုမျိုးမပြုလုပ်ရန်၊ နိုင်ငံတကာအလံများကို မည်သည့်နည်းနှင့်မျှ ယူဆောင်ပြီး ရေကစားခြင်း၊ ရေပက်ခံထွက်ခြင်းမပြုရန်၊ ယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှုများနှင့် မျက်နှာဖုံးစွပ်ပြီးရေကစားခြင်းများ၊ ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်စေလောက်သော မူးယစ်သောက်စားပြီး ရေပက်ခံထွက်ခြင်းများ မပြုရန်ဟူ၍ ပါရှိသည်။

> **"ပြီးခဲ့တဲ့နှစ်ကလည်း အခုလို သတိပေးအမိန့်တွေထုတ်ပြန်ပြီး ကြိုတင်ဆောင်ရွက်ခဲ့တဲ့အတွက် သင်္ကြန်ရေကစားတဲ့သူတွေ ရေပက်ခံထွက်တဲ့သူတွေနဲ့ ပတ်ဝန်းကျင်က လူတွေပါ စိတ်အေးချမ်းသာစွာ နေနိုင်ခဲ့တယ်။ ယာဉ်မတော်တဆမှုတွေ၊ ခိုက်ရန်ဖြစ်ပွားမှုတွေလည်း လျော့ကျခဲ့တယ် . . ."**

ယာဉ်များနှင့်ပတ်သက်၍ မည်သည့်ယာဉ်မဆို ခံနိုင်ဝန်ထက်ပိုပြီးတင်ဆောင်ခြင်းမပြုရန်၊ ထော်လာဂျီယာဉ်များ ရေပက်ခံမထွက်ရန်၊ မော်တော်ဆိုင်ကယ်များစီးနင်းပါက ဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုပြီး တင်ဆောင်ကာ ရေပက်ခံထွက်ခြင်းမပြုရန်ဟု ပါရှိပြီး အရေးယူမှုအနေဖြင့် စည်းကမ်းမဲ့ဆိုင်ကယ်စီးနင်းမောင်းနှင်ခြင်းကို တွေ့ရှိက ဆိုင်ကယ်ကို သင်္ကြန်ကာလအတွင်း ယာယီသိမ်းဆည်း၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း၊ လိုင်စင်မဲ့ယာဉ်များ အသုံးပြုသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ပါဝင်သည်။

မူးယစ်သောက်စားပြီး မော်တော်ယာဉ်များမောင်းနှင်ခြင်းမပြုရန်၊ မည်သည့်ယာဉ်မဆိုနံပါတ်ပြား၊ သက်သေခံကတ်ပြားများတပ်ဆင်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြရန်၊ မော်တော်ဆိုင်ကယ်များ အိတ်ဇောဖွင့်၍ဆူညံစွာမောင်းနှင်ခြင်းမပြုရန်၊ မီးသတ်ဥဩသံနှင့်တူသောဟွန်းသံများ တပ်ဆင်ခြင်းမပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ မောင်းနှင်ရာတွင် တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်ခြင်းမပြုရန်၊ ရေခဲထုပ်၊ ရေပူပေါင်း၊ ဆပ်ပြာရေထည့်ထားသောဂက်စ်ဘူးများ အသုံးမပြုရန်၊ ကွန်ပရက်ဆာပန့်များအသုံးပြု၍အနာတရဖြစ်အောင်ရေကစားခြင်းမပြုရန် ဟူသောအချက်များလည်းပါဝင်ကြောင်းသိရသည်။

အဆိုပါအမိန့်များကို လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေအပြင် ပြစ်မှုဆိုင်ရာ ဥပဒေ ၁၈၈ အရ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်းလည်း ကြေငြာချက်တွင် ဖော်ပြထားချက်အရ သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မင်းဘူး–အမ်းလမ်းပေါ်မှ ပဒါန်းတံတားသစ် စတင်အသုံးပြုနိုင်

**ငဖဲ မတ် ၃၁**

ရခိုင်ပြည်နယ်၏ ကုန်သွယ်ရေးကဏ္ဍတိုးတက်ရေးအတွက် အရေးပါမည့်တံတားတစ်ခုဖြစ်သည့် မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ် (၂/၃၂) ရှိ ပဒါန်းတံတားတည်ဆောက်မှုများ ပြီးစီးပြီဖြစ်ရာ မတ် ၃၁ ရက်က စတင်ဖြတ်သန်းအသုံးပြုခွင့်ပြုခဲ့ကြောင်း သိရသည်။

ပဒါန်းတံတားသည် ယခင်က ၁၃ တန်သာ ဖြတ်သန်းခွင့်ပြုသည့် ဘေလီသံပေါင် ပျဉ်ခင်းတံတားဖြစ်သည်။ ထိုတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၁၃၀ ဖြင့် ယာဉ်တစ်စီးချင်း ခွင့်ပြုတန် ၆၀ အထိ ခံနိုင်သည့် ဘိုးပိုင်သံကူကွန်ကရစ်တံတားအဖြစ် တံတားအရှည် ပေ ၈၀၊ အကျယ် ၃၀ ပေအထိ အဆင့်မြှင့်တင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။



တည်ဆောက်မှုများ ပြီးစီးနေပြီဖြစ်သော ပဒါန်းတံတားကို မတ် ၂၉ ရက်က တွေ့ရစဉ်။

မင်းဘူး-အမ်းလမ်းပေါ်မှ အဆိုပါတံတားသည် မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဆက်သွယ်သည့် အဓိကလမ်း၊ တံတားဖြစ်သည့်အပြင် ငဖဲမြို့နယ် ပဒါန်းကျေးရွာအနီးတွင် တည်ရှိပြီး ပဒါန်းကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ပြည်သူများအနေဖြင့်လည်း ယင်းတံတားကို အမှီပြု၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ကုန်စည်စီးဆင်းမှုကဏ္ဍများတွင် ပိုမိုအဆင်ပြေလာတော့မည်ဖြစ်ကြောင်း သိရသည်။ နယ်စပ်ဒေသအပါအဝင် ကျေးလက်ဒေသနှင့် မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်က ငွေစာရင်းခေါင်းစဉ်အလိုက် နှစ်စဉ်ရန်ပုံငွေများ ခွဲဝေချထားဆောင်ရွက်ပေးလျက်ရှိသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပိုးသတ်ဆေးထိရောက်စွာအသုံးပြုနည်းနှင့် စနစ်တကျအသုံးပြုရေးသင်တန်းဖွင့်

**မြင်းခြံ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ တောင်သူများအနေဖြင့် ပိုးသတ်ဆေးများကို ထိရောက်စွာနှင့် လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရေး အသိပညာပေးနိုင်ရန်အတွက် မြင်းခြံခရိုင်အတွင်း မြို့နယ်လေးခုရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ သင်တန်းသားများအား ပိုးသတ်ဆေးများစနစ်တကျအသုံးပြုရေးအသိပညာပေးသင်တန်းကို မတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ဝါသီးနှံ) ဦးထွန်းဝင်းက သင်တန်းသားသင်တန်းသူများအား ပိုးသတ်ဆေးအမျိုးအစားခွဲခြားနည်း၊ ပိုးသတ်ဆေးဖျော်စပ်ပုံနည်းပညာများ၊ ပိုးသတ်ဆေးများကို ထိရောက်စွာအသုံးပြုနည်း၊ ပိုးသတ်ဆေးပက်ဖျန်းပုံနည်းစနစ်၊ ပိုးသတ်ဆေး၏ အဆိပ်သဘာဝ၊ ပိုးသတ်ဆေးအသုံးပြုသူ၏ ခန္ဓာကိုယ်အတွင်းသို့ ပိုးသတ်ဆေးဝင်ရောက်နိုင်ပုံများနှင့် သတိပြုရန် အချက်များ၊ အဆိပ်သင့်မှုလက္ခဏာများပြသခြင်းနှင့် ရှေးဦးပြုစုနည်းများ၊ တောင်သူများအနေဖြင့် ပိုးသတ်ဆေးကို လုံခြုံစိတ်ချစွာသုံးစွဲနည်းများကို သင်ကြားပို့ချခဲ့ပြီး သင်တန်းသားသင်တန်းသူများအနေဖြင့် နည်းပညာများကို တောင်သူများအား ပြန်လည်ဖြန့်ဝေပေးရန်နှင့် တောင်သူများအနေဖြင့်လည်း စိုက်ခင်းအတွင်း ပိုးများကျရောက်မှသာ ပိုးသတ်ဆေးကို လိုအပ်သလောက် သုံးစွဲကြရန်လည်း မှာကြားသည်။

သင်တန်းသို့ မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်များရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနများမှ သင်တန်းသားသင်တန်းသူ ၂၇ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# မြန်အောင်၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

**မြန်အောင် မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သံဃာ့မဟာနာယကဥက္ကဋ္ဌ ဆရာတော်နှင့် နာယကဆရာတော်များက ဦးဆောင်၍ ငြိမ်းချမ်းရွှေပြည် သာသနနုဂ္ဂဟအဖွဲ့က မြန်အောင်မြို့ အမှတ်(၄)ရပ်ကွက်ရှိ မင်္ဂလာဦးကျောင်းတိုက်၌ ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို မတ် ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသည် ငြိမ်းချမ်းရွှေပြည် သာသနနုဂ္ဂဟအဖွဲ့က ဒုတိယအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းတွင် ပညာရေးဌာနမှဝန်ထမ်းများ၊ မြန်အောင်မြို့ ပရဟိတမြို့ရွှေကျောင်းတိုက်မှ ဓမ္မစကူးလ် ဆရာ ဆရာမများက သင်ကြားပေးခဲ့ကြောင်း၊ မတ် ၁၆ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် မူကြိုမှပထမတန်းအထိ ကျောင်းသား ကျောင်းသူများကို ပထမအဆင့်၊ ဒုတိယတန်းကျောင်းသား ကျောင်းသူများကို ဒုတိယအဆင့်၊ တတိယတန်းကျောင်းသား ကျောင်းသူများကို တတိယအဆင့်၊ စတုတ္ထတန်းကို စတုတ္ထအဆင့်၊ ပဉ္စမတန်းနှင့်ဆဋ္ဌမတန်းကို ပဉ္စမအဆင့်နှင့် သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်းကျောင်းသားကျောင်းသူများကို ဆဋ္ဌမအဆင့်ဟူ၍ အဆင့်ခြောက်ဆင့်ခွဲကာ သင်ကြားပေးခဲ့သည်။

သင်တန်းကြီးကြပ်ရေးအဖွဲ့အဖြစ် မူလတန်းကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ဆောင်ရွက်ခဲ့ပြီး သာသနနုဂ္ဂဟအဖွဲ့မှ ဆရာတော်ကြီးများကလည်း ကြီးကြပ်ပေးခဲ့ကြောင်း၊ နောင်နှစ်များတွင်လည်း သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သာသနနုဂ္ဂဟအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်အောင်မြို့နယ်ရှိ ငြိမ်းချမ်းရွှေပြည် သာသနနုဂ္ဂဟအဖွဲ့ကို ဖွဲ့စည်းခဲ့သည်မှာ ရှစ်နှစ်ရှိခဲ့ပြီဖြစ်ကာ စုပေါင်းရှင်ပြုပွဲများ၊ ယဉ်ကျေးလိမ္မာသင်တန်းများနှင့် ဘာသာရေးဆိုင်ရာပွဲများတွင် ပါဝင်ကူညီလျက်ရှိကြောင်း၊ ယခုယဉ်ကျေးလိမ္မာသင်တန်းဆင်းပြီးနောက် စုပေါင်းရှင်ပြုပွဲကို နွေရာသီကျောင်းပိတ်ရက်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

# အမှတ်ပြည့်ယူဦးမယ့် ဂျူဗင်တပ်စ်ရဲ့ ပွဲစဉ်(၁၉)




➢ ➢ မိုးမြင့်လင်းလက်

စီးရီးအေပွဲစဉ်(၂၉)ကို ဧပြီ ၄ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်လို့ တစ်ပတ်နားခဲ့ရတဲ့ စီးရီးအေပွဲစဉ်တွေရဲ့ အကြိတ်အနယ်ရှိမှုတွေကို ပြန်လည်မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ထိပ်ဆုံးက ဂျူဗင်တပ်စ်တို့က အမ်ပိုလီတို့နဲ့ ဆုံတွေ့ရမှာဖြစ်သလို ရိုးမားတို့လည်း နာပိုလီနဲ့ ရင်ဆိုင်ရမှာမို့ ပွဲကောင်းဖြစ်နေပါတယ်။

**ဂျူဗင်တပ်စ်နှင့် အမ်ပိုလီ**

အမ်ပိုလီတို့က ဂျူဗင်တပ်စ်ကို ကောင်းကောင်းဒုက္ခပေးနိုင်တဲ့အသင်းဖြစ်ပြီး နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် နိုင်ပွဲ၊ သရေပွဲတွေရအောင် အားထုတ်နိုင်တာတွေ့ရပါတယ်။ ဂျူဗင်တပ်စ်ရဲ့ နောက်ဆုံး သုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ပါလာမို၊ ဒေါ့မွန်နှင့် ဂျီနိုအာတို့ကို အားလုံးနိုင်ပွဲရအောင် ကစားနိုင်ခဲ့တာမို့ အမ်ပိုလီတို့အတွက် လွယ်ကူတဲ့ပွဲတော့ မဟုတ်ပါဘူး။ အိမ်ကွင်းလည်းဖြစ်နေတဲ့ ဂျူဗင်တပ်စ်တို့ ကပ်ပြီးနိုင်ပွဲရသွားမယ့်ပွဲပါပဲ။

**ရိုးမားနှင့် နာပိုလီ**

ရိုးမားတို့က နာပိုလီနဲ့ဆုံတိုင်း ရလဒ်မကောင်းတတ်တာမို့ အခုပွဲမှာ အိမ်ကွင်းဆိုပေမယ့် ရိုးမားတို့ အားစိုက်မှ ရပါလိမ့်မယ်။ ရိုးမားရဲ့ရလဒ်ဆိုးရွားနေမှုတွေက နာပိုလီအတွက် အခွင့်အရေးကောင်းတွေ ရရှိသွားနိုင်ပါတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ကြိုးစားနေတဲ့ ရိုးမားတို့ကလည်း အိမ်ကွင်းမှာ ခြေကုန်ထုတ်ဖို့ ရှိနေပါတယ်။ ရိုးမားရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် ဆမ့်ဒိုးရီးယား၊ ဖီအိုရင်တီးနားတို့ကို ရှုံးပွဲကြုံပြီး ဆက်ဆနာကိုတော့ နိုင်ပွဲရထားတာမို့ နာပိုလီတို့အတွက် ဒီပွဲမှာ တစ်မှတ်ရရင်ပဲ ကျေနပ်စွာ အိမ်ပြန်သင့်တဲ့ပွဲပါပဲ။

**အင်တာမီလန်နှင့် ပါးမား**

ပါးမားတို့က အင်တာမီလန်တို့ ခြေရည်တူကစားနိုင်တဲ့အသင်းဖြစ်ပေမယ့် လက်ရှိအသင်းရဲ့ ဘဏ္ဍာငွေအခက်အခဲကြောင့် ကစားသမားတွေ စိတ်ဓာတ်ပျက်ပြားနေတာတော့အမှန်ပါပဲ။ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ အင်တာမီလန်တို့အတွက် ပါးမားကို အင်တိုက်အားတိုက်ကစားရင် အမှတ်ပြည့်ရနိုင်တဲ့ အခြေအနေရှိတာမို့ အခွင့်အရေးတစ်ရပ်လိုအသုံးချပြီး နိုင်ပွဲကိုဖော်ဆောင်နိုင်မယ်လို့ ယုံကြည်နေမိပါမယ်။

**ဖီအိုရင်တီးနားနှင့် ဆမ့်ဒိုးရီးယား**

ဖီအိုရင်တီးနားတို့က ဆမ့်ဒိုးရီးယားနဲ့ဆုံတိုင်း နိုင်ပွဲရအောင်ဖော်ထုတ်နိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဖီအိုရင်တီးနားတို့က အခုတလောရလဒ်တွေ ကောင်းအောင်ကစားနိုင်နေပြီး အေစီမီလန်၊ ရိုးမား၊ အူဒီးနီစ်တို့ကို ရှုံးပွဲမရှိအောင် ကစားထားနိုင်ပါတယ်။ ဆမ့်ဒိုးရီးယားတို့ကလည်း ခြေတက်နေတာမို့ ဒီပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

**ကက်ဂလီယာရီနှင့် လာဇီယို**

လာဇီယိုတို့အတွက် အဝေးကွင်းဆိုပေမယ့် ဒီပွဲဟာ အခြေအနေကောင်းနိုင်တဲ့ပွဲပါပဲ။ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ကက်ဂလီယာရီတို့ဟာ လာဇီယိုရဲ့ တိုက်စစ်ဖွင့်ကစားမှုကို ထိန်းချုပ်ရခက်ခဲပါလိမ့်မယ်။ ဖီအိုရင်တီးနား၊ တိုရီနိုနဲ့ ဟယ်လက်စ်အသင်းတွေကို နိုင်ပွဲတွေချည်းကစားထားတဲ့ လာဇီယိုတို့ပဲ ဒီပွဲမှာ သုံးမှတ်အပြည့်ယူပါလိမ့်မယ်။

**ပါလာမိုနှင့် အေစီမီလန်**

ပါလာမိုနဲ့ဆုံတိုင်း နိုင်ပွဲများတတ်တဲ့ အေစီမီလန်တို့ကတော့ အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရအောင်ကြိုးစားပါလိမ့်မယ်။ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ပါလာမိုအတွက် အေစီမီလန်တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုကို ခွင့်ပြုရကိန်းတွေဆိုက်နိုင်ပါတယ်။ အကြိုက်က အေစီမီလန်ဖြစ်ပြီး အမှတ်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။



# ကမ္ဘာ့ထိပ်တန်း ၁၀၀ စာရင်းအပြင်ရောက်သွားတဲ့ တိုက်ဂါးဝုဒ်

တိုက်ဂါးဝုဒ်ဟာ ဂရင်းဆလမ်ဖလား ၁၄ လုံး ဆွတ်ခူးထားတဲ့ ကမ္ဘာကျော်ဂေါက်သီးကစားသမားဖြစ်ပါတယ်။ သို့ပေမယ့် ရလဒ်တွေမကောင်းခဲ့တဲ့အတွက် ကမ္ဘာ့ထိပ်တန်းဂေါက်သီးကစားသမား ၁၀၀ စာရင်းတောင် မပါဝင်တော့ဘူးလို့ ဆိုပါတယ်။ ၁၉၉၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အနိမ့်ဆုံးအဆင့် ကျဆင်းသွားခဲ့ရတယ်လို့ ဆိုပါတယ်။

သူ့ရဲ့ ဂေါက်သီးကစားသမား သက်တမ်းတစ်လျှောက် ၆၈၃ ပတ်ကြာ ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားအဖြစ် ရပ်တည်ခဲ့တာပါ။ သို့ပေမယ့် နောက်ဆုံးအဆင့်ထုတ်ပြန်တဲ့စာရင်းမှာတော့ အဆင့်(၁၀၄) သို့ ရောက်ရှိသွားပါတယ်။ အသက် ၃၉ နှစ်အရွယ် အမေရိကန်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်ဟာ ဖေဖော်ဝါရီ ၆ ရက် Famers Insurance Open ပြိုင်ပွဲပြီးကတည်းက မကစားနိုင်တော့ပါဘူး။ ဧပြီ ၉ ရက်မှာ စတင်မယ့် မာစတာဖလားပြိုင်ပွဲမှာတော့ ပထမဆုံးသော အဓိကဖလားပြိုင်ပွဲအဖြစ် ပြန်လည်ကစားဖို့ မျှော်လင့်ထားတယ်လို့ သူကဆိုပါတယ်။

# ဂါးရက်ဘေးလ်ကို ပေါင် ၇၅ သန်းပေးရင် ရောင်းထုတ်ဖွယ်ရှိ




ချယ်လ်ဆီးအသင်းက ဂါးရက်ဘေးလ်ကို နွေရာသီမှာ ခေါ်ယူဖို့ ကြိုးစားလျက်ရှိရာမှ ပေါင် ၇၅ သန်းပေးမယ်ဆိုရင် ရီးရဲမက်ဒရစ်အသင်းက ရောင်းမယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်များက ဂါးရက်ဘေးလ်ကို ချယ်လ်ဆီးအသင်းက ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ခဲ့ပါတယ်။ ဂါးရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်က ထွက်ခွာလိမ့်မယ်လို့လည်း မီဒီယာအသိုင်းအဝန်းက ပြောဆိုနေကြပါတယ်။

ချယ်လ်ဆီးအသင်းက ပေါင် ၇၅ သန်းအထိ ပေးခေါ်ဖို့ အသင့်ဖြစ်နေတယ်လို့လည်း သတင်းများထွက်ပေါ်နေပါတယ်။ သို့ပေမယ့် ဂါးရက်ဘေးလ်ဟာ ရီးရဲမက်ဒရစ်အသင်းနဲ့ နေသားတကျဖြစ်နေပြီလို့လည်း ဆိုပါတယ်။ သို့ပေမယ့် ချယ်လ်ဆီးက တစ်ပတ်လုပ်ခလစာ ပေါင် ၃၀၀၀၀၀ အထိ ဈေးအမြင့်ဆုံးပေးပြီး ခေါ်ယူသွားဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးအသင်းက ခေါ်ယူဖြစ်ခဲ့ရင်တော့ ဂါးရက်ဘေးလ်ဟာ ချယ်လ်ဆီးအသင်းနဲ့ တစ်ပတ်လခကြေးအမြင့်ဆုံး ကစားသမားဖြစ်လာနိုင်ပါတယ်။

# ဟာမီနိုရဲ့ ဂိုးကြောင့် ဘရာဇီး ရှစ်ပွဲဆက်တိုက်နိုင်

ကမ္ဘာ့ဖလားအပြီး ဘရာဇီးအသင်းဟာ ပြိုင်ဘက်အသင်းတွေကို ဆက်တိုက်အနိုင်ရရှိနေပါတယ်။ အာဆင်နယ်ရဲ့ အီးမရိတ်ကွင်းမှာ ကစားခဲ့တဲ့ပြိုင်ပွဲမှာ ချီလီကို ဘရာဇီးက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်ပါတယ်။ ဒီပြိုင်ပွဲဟာ ဘရာဇီးအသင်း ကမ္ဘာ့ဖလားအပြီး ရှစ်ပွဲဆက်တိုက် အနိုင်ရတဲ့ပွဲဖြစ်ပါတယ်။ ဘရာဇီးအသင်းရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ရောဘတ်တိုဖာမီနိုက သွင်းယူခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားအပြီး ဘရာဇီးအသင်းကို ဒွန်ဂါက ပြန်လည်ကိုင်တွယ်ခဲ့ပြီး အောင်မြင်မှုများ ပြန်လည်ရရှိနေခြင်းဖြစ်ပါတယ်။




# ပရီမီယာလိဂ်မှာ ကစားရရင် လီဗာပူးမှာသာ ကစားမယ်ဆိုတဲ့ ဆွာရက်ဇ်



တိုက်စစ်မှူး ဆွာရက်ဇ်က သူ့အနေနဲ့ ပရီမီယာလိဂ်သို့သာ ပြန်ကစားရမယ်ဆိုရင် လီဗာပူးတစ်သင်းမှာသာ ကစားနိုင်မယ်လို့ ပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီက ဆွာရက်ဇ်ဟာ လီဗာပူးမှ ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဘာစီလိုနာသို့ ပြောင်းခဲ့ရပေမယ့် အင်္ဂလန်ပရီသတ်ကို လွမ်းမိပါတယ်လို့လည်း လီဗာပူးအသင်းရဲ့ ရန်ပုံငွေပွဲမှာ ပြောဆိုလိုက်ပါတယ်။ ဆွာရက်ဇ်ဟာ လီဗာပူးအသင်းနဲ့အတူ သုံးနှစ်ခွဲကစားခဲ့ပြီး ပြီးခဲ့တဲ့နှစ်က လီဗာပူးအသင်းအတွက် ၃၁ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်ဟာ ဂျရတ်ဦးဆောင်တဲ့အသင်းနဲ့ လီဗာပူးနောက်တန်းကစားသမားဟောင်း ကာရေဂါတို့ ဦးဆောင်တဲ့အသင်းတို့ တစ်ဖက်နှစ်ဂိုးစီနဲ့ သရေကျတဲ့ ရန်ပုံငွေပွဲမှာ ဒုတိယပိုင်း လူစားအဖြစ်ပါဝင်ကစားခဲ့ပါတယ်။ ဒီပွဲမှာ ကာရေဂါဦးဆောင်တဲ့ အသင်းဘက်က လီဗာပူးတိုက်စစ်မှူး ဘာလော့တယ်လီ၊ ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာတို့လည်း ပါဝင်ကစားခဲ့ပါတယ်။ အာဆင်နယ်ကစားသမားဟောင်း အွန်နရီ၊ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီတို့လည်း ပါဝင်ကစားခဲ့ကြပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။



မကွေးမြို့တွင် မတ် ၂၇ ရက်က တိုက်ခတ်သည့် လေပြင်းကြောင့် မကွေးဆေးရုံကြီးအတွင်းရှိ ဘောစကိုင်းပင်ကြီးလဲ၍ ဆေးရုံ မြောက်ဘက်ဆိုင်းဘုတ်ကြီး ပေါ်သို့ ကျိုးကျကာ အုတ်တံတိုင်းပျက်စီးသည်ကို တွေ့ရစဉ်။

ဇာဇာ(မကွေး)

## အချိန်အခါမဲ့မိုးကြောင့် ပြင်ဦးလွင်၌ သရက်နှင့်မက်မန်းပိုမိုအထိနာ

**ပြင်ဦးလွင် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ဒေသထွက်မက်မန်းနှင့်သရက်တို့ စိုက်ပျိုးလျက်ရှိရာ အချိန်အခါမဲ့မိုးကြောင့် ဒေသထွက်သီးနှံများ ပျက်စီးမှုများ ကြုံတွေ့ရသည်။

သရက်နှင့်မက်မန်းတို့၏ သဘောသဘာဝမှာ နွေဦးဆန်းစအချိန်တွင် အပွင့်များ ဝေဝေဆာဆာပွင့်၍ သီးကင်းများပင်ရာပြည့်သီးတတ်သော အပင်မျိုးများဖြစ်ကြသည်။ သို့သော်လည်း မတ် ၂၅ ရက်က မထင်မှတ်ဘဲရွာသွန်းလိုက်သော အချိန်အခါမဲ့မိုးကြောင့်လည်းကောင်း၊ အရွယ်အစားငယ်လှသော မိုးသီးအများအပြား ကြွေကျခြင်းတို့ကြောင့်လည်းကောင်း သီးကင်းစသရက်နှင့် မက်မန်းတို့မှာ အထိနာကာ ကြွေကျခဲ့ကြရသည်။

အဆိုပါ မိုးသီးမိုးပေါက်တို့ကြောင့် စတော်ဘယ်ရီစိုက်တောင်သူများထိခိုက် နစ်နာမှုရှိခဲ့ကြသော်လည်း သုံးလကျော်လေးလအထိခူးယူရောင်းချခဲ့ရပြီးဖြစ်ပြီး သရက်နှင့်မက်မန်းတို့မှာ ယခုမှစတင်ကာသီးကင်းများလိုက်သည့် အချိန်ဖြစ်သောကြောင့် တောင်သူတို့များစွာထိခိုက်နစ်နာခဲ့ရသည်ဟု စိုက်ပျိုးသူတစ်ဦးကဆိုသည်။

ယခင်နှစ်က မေလအတွင်း တိုက်ခတ်ရွာသွန်းခဲ့သော လေဒဏ်မိုးဒဏ်များကြောင့် အရွယ်ရောက်ကာက မက်မန်းသီးငယ်လေးများကို တစ်တင်းလျှင် ငွေကျပ် ၄၅၀၀ ဖြင့် စျေးဖွင့်ဝယ်ယူသောလုပ်ငန်းရှင်တစ်ဦးက ယခုနှစ် မက်မန်းသီးအခြေအနေမှာပြော၍ မရနိုင်သေးကြောင်း ကျန်ရှိခဲ့သည့်အသီးအခြေအနေကို ဥယျာဉ်ခြံများအထိ လိုက်လံကြည့်ရှု၍ စျေးဖွင့်ဝယ်ယူရမည်ဖြစ်ကြောင်း ပြောပြသည်။

**သက်နိုင်(ပြင်ဦးလွင်)**

## အသည်းရောဂါ ဆေးပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပ

**မန္တလေး မတ် ၃၁**

အသည်းရောဂါနှင့်ပတ်သက်သော ဆေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို မန္တလေးမြို့လမ်း ၇၀ နှင့် ၃၁ လမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး) ရတနာပုံ ခန်းမ၌မတ် ၂၉ရက်က ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲသို့ တိုင်းရင်း ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ သန်းမောင်နှင့် အငြိမ်းစားပါမောက္ခချုပ်များ တက်ရောက်ကြပြီး အသည်းရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ သန်းစစ် (ငြိမ်း) အသည်းရောဂါနှင့်သက်ဆိုင်သည့် ရောဂါလက္ခဏာများအကြောင်းကိုလည်းကောင်း၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ဆံ့အသည်းရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဝင်းနိုင်က အရက်ကြောင့် အသည်းအဆီဖုံးခြင်း ရောဂါဖြစ်ပွားမှုနှင့် အသည်းရောဂါကြိုတင်ကာကွယ်ကုသစီမံမှုတို့အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**


## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်၊ ဘာသာ၊ သာသနာအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရုံသာမက မြန်မာလူမျိုးတို့သည် ရှေးယခင်ကပင် ကိုယ့်ထီးကိုယ်နန်းဖြင့် ယဉ်ကျေးမှုအဆင့်မြင့်မားစွာ နေထိုင်လာခဲ့ကြသော လူမျိုးများဖြစ်ကြောင်း ဖော်ပြရာရောက်သည့် မန္တလေးမြို့တည်နန်းတည် သတ္တဌာန (၇)ဌာန ရှိသည့်အနက် (၃)ဌာနဖြစ်သော မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ သုဓမ္မာရွှေဇရပ်တော်ကြီး၊ သုဓမ္မာ ရွှေကျောင်းတော်ကြီးနှင့် အခြားသော သာသနိကအဆောက်အအုံများစွာတို့ကို ကျပ်သိန်းပေါင်း ၅၀၀၀၀ (သိန်းပေါင်းငါးသောင်းကျော်) တစ်ဦးတည်း အကုန်အကျခံကာ သဒ္ဓါထက်သန်စွာဖြင့် ၂၉-၃-၂၀၁၅ရက်တွင် သမိုင်းဝင်အဆောင်တော်များ ဖွင့်ပွဲနှင့် လှူဒါန်း မှုအစုစုတို့အတွက် ရေစက်သွန်းချမဟာအောင်ပွဲမင်္ဂလာအခမ်း အနားကို ခြိမ့်ခြိမ့်သဲကျင်းပပြီး လှူဒါန်းခဲ့ကြပါသော **အလှူဒါယကာ သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာ သုဓမ္မာ ဦးကျော်ဝင်းနှင့်ဇနီး အလှူဒါယိကာမ သုဓမ္မသီဂီ ဒေါ်မြင့်မြင့်သန်း၊ 'မန်းမြေရာဇာ' ကုမ္ပဏီ** မိသားစုတို့အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါရန် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးထွန်းထွန်း၊ ဦးညီညီထွန်း၊ ဦးလှဝင်း၊ ဦးမြင့်ဇော်၊ ဦးဝေလင်းဖြိုး (ဒါရိုက်တာအဖွဲ့)နှင့်ဝန်ထမ်းများ**
**ROYAL AYAR Creative & Construction Co.,Ltd.၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**

## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

မန္တလေးမြို့၊ မြို့တည်နန်းတည် သတ္တဌာနများအနက် (၃)ခုဖြစ်သော မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ သုဓမ္မာဇရပ်တော်ကြီး၊ သုဓမ္မာကျောင်းတော်ကြီးနှင့် အခြားသောသာသနိက အဆောက်အအုံများစွာတို့ကို ကျပ်သိန်းပေါင်း ၅၀၀၀၀ (သိန်းပေါင်းငါးသောင်းကျော်)တစ်ဦးတည်း လှူဒါန်းခဲ့ပါ သော အစ်ကိုကြီး **အလှူဒါယကာ သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာသုဓမ္မာ ဦးကျော်ဝင်းနှင့် အစ်မကြီး အလှူဒါယိကာမ သုဓမ္မသီဂီ ဒေါ်မြင့်မြင့်သန်း၊ မန်းမြေရာဇာကုမ္ပဏီ** တို့၏ ရှားမှုရှားသော သဒ္ဓါစိတ်ကို လေးစားမြတ်နိုး ဂုဏ်ယူမိပါကြောင်းနှင့် ၂၉-၃-၂၀၁၅ရက်တွင် ပြုလုပ်သော သမိုင်းဝင် အဆောင်တော်များဖွင့်ပွဲနှင့် ရေစက်ချမဟာမင်္ဂလာ အခမ်းအနားကြီးအတွက် များစွာမုဒိတာပွားရပါကြောင်း၊ နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာအကျိုးကို ယခုထက်ပိုမိုထမ်းဆောင်နိုင်ရန် အစ်ကိုကြီးနှင့်အစ်မကြီးတို့မိသားစု ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးဝင်းအောင်-ဒေါ်သန်းသန်းဝင်းမိသားစု၊ ပုသိမ်မြို့၊**
**ဧရာဝတီတိုင်းဒေသကြီး**

## "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

မန္တလေးမြို့၊ မြို့တည်နန်းတည် သတ္တဌာနများအနက် (၃)ခုဖြစ်သော မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ သုဓမ္မာဇရပ်တော်ကြီး၊ သုဓမ္မာကျောင်းတော်ကြီးနှင့် အခြားသောသာသနိက အဆောက်အအုံများစွာတို့ကို ကျပ်သိန်းပေါင်း ၅၀၀၀၀(သိန်းပေါင်းငါးသောင်းကျော်)တစ်ဦးတည်း လှူဒါန်းခဲ့ပါသော အစ်ကိုကြီး **အလှူဒါယကာ သီရိသုဓမ္မမဏိဇောတရေ ဒေါက်တာသုဓမ္မာ ဦးကျော်ဝင်းနှင့်အစ်မကြီး အလှူဒါယိကာမ သုဓမ္မသီဂီ ဒေါ်မြင့်မြင့်သန်း၊ မန်းမြေရာဇာကုမ္ပဏီ** တို့၏ ရှားမှုရှားသော သဒ္ဓါစိတ်ကို လေးစားမြတ်နိုး ဂုဏ်ယူမိပါကြောင်းနှင့် ၂၉-၃-၂၀၁၅ရက်တွင် ပြုလုပ်သော သမိုင်းဝင်အဆောင်တော်များ ဖွင့်ပွဲနှင့်ရေစက်ချ မဟာမင်္ဂလာအခမ်းအနားကြီးအတွက် များစွာမုဒိတာပွားရပါကြောင်း၊ နောင်တွင်လည်း အမျိုးဘာသာ၊ သာသနာအကျိုးကို ယခုထက်ပိုမိုထမ်းဆောင်နိုင်ရန် အစ်ကိုကြီးနှင့် အစ်မကြီးတို့မိသားစု ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးသန်းဦး-ဒေါ်ရင်ထွေးမိသားစု၊ တူးမြောင်း၊ လပ္ပတ္တာမြို့နယ်၊**
**ဧရာဝတီတိုင်းဒေသကြီး**

ကြော်ငြာ



4 + TV5 NETWORK
JNBC ATM
ERROR
နွေရာသီ ကျောင်းပိတ်ရက် အထူးပရိုမိုးရှင်း
အသစ်ဝယ်ယူသူများအတွက် အထူးဈေးနှုန်း
စက် + ကတ် 25,000 KS
ဧပြီလ (၁) ရက်နေ့မှ မေလ (၃၁) ရက်နေ့ အထိသာ
PREMIUM PACKAGE
တစ်လလျှင် 4,750 KS
SPORTS PACKAGE
တစ်လလျှင် 5,900 KS
အမြို့မြို့အနယ်နယ်ရှိ အရောင်းပြခန်းများနှင့် အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူသက်တမ်းတိုးနိုင်ကြပါပြီ။
HOTLINE : 01-400878 | 01-2306166

ကြော်ငြာ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ နန္ဒိယ မဟာထေရ်
### သာသနဓဇ ဓမ္မာစရိယ
### သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း ၆ လမ်း၊ ဓမ္မမဥ္ဇရီကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်သည် (၁၃၇၆ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ရက်) ၂၉-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ် နှောင်းတန်ခူး လဆန်း ၁၄ ရက်) ၂-၄-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိ ဈာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

(ကျောင်းတိုက်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

**တပည့်သံဃာတော်များနှင့်ဈာပနကျင်းပရေးကော်မတီ**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ရီရှူခင်(ခ)ဒေါ်စုကျင်
### အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၉)လမ်း၊ အမှတ် ၁၄ နေ (ဦးပြုံးချို(ခ) တန်ကတ်ကင်း)၏ ချစ်လှစွာသောဇနီး၊ (ဦးသန့်ဇင်)-ဒေါ်ကျင်ထွေး၊ (ဦးအေးခွန်)၊ ဦးလှမိုး-ဒေါ်ဘေဘီ၊ ဦးပွေဝမ်း-ဒေါ်သိန်းရင်၊ ဝီ(လ်)စင်တန်-ဝမ်ပီကြူး-လင်လီယို၊ ဦးဇော်လွင်-ဒေါ်လေဘန်း၊ ဦးပွာဘမ်-ဒေါ်သီတာ၊ ဦးထွန်းလှိုင်-ဒေါ်မြင့်မြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၃၄ယောက်၊ မြစ် ၁၃ ယောက်၊ တီသုံးယောက်တို့၏ အဘွားသည် ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၆း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ရေဝေး(ဖုကျန့်)သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးလှမြင့် (ကြင်ကြင်ပိုးထည်)
### အသက်(၈၃)နှစ်

(ဦးဖိုးသုံ-ဒေါ်ရွှေသက်)တို့၏သား၊ (ဦးစံတင်-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ် ၄၄၃-၄၄၄ နေ (ဒေါ်လှကြင်(ခ) ဒေါ်ကြင်ကြင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဆွေဆွေမြင့်၊ ဦးအောင်မြင့်-ဒေါ်နီနီဝေ၊ ဦးဝင်းဌေး-ဒေါ်အေးအေးသက်တို့၏ဖခင်ကြီး၊ ဦးသက်နိုင်ဦး-ဒေါ်ဇာဇာဌေး၊ ဦးကျော်သက်ဇော်-ဒေါ်ဇင်မာအောင်၊ ဦးစိုးညွန့်အောင်-ဒေါ်စုဝေဖြိုး၊ မောင်ဟိန်းလင်းစိုး(ခ)Steven (ခေတ္တ-စင်ကာပူ)၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက်ပိုင်းတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အမည်ပြောင်း**

ဦးဟန်ကိုဝင်း၏ သမီး ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစံပြကျေးရွာ၊ မြောင်းတကာ အထကမှ မဇပရယ်ကိုကိုအား မအိန္ဒြေဦးဟု ပြောင်းလဲခေါ်ပါရန်။ **မအိန္ဒြေဦး**

---

## ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### မြစ်ကြီးနားမြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းများအား (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| | လုပ်ငန်းစီမံကိန်းသစ်များ |
| ၁ | ပြည်နယ်ရုံး အမှုတွဲခန်းဆောက်လုပ်ခြင်း |
| ၂ | ပြည်နယ်ရုံး(၁၁)ခန်းတွဲမော်တော်ယာဉ်ဂိုဒေါင် ဆောက်လုပ်ခြင်း |
| ၃ | ဟိုပင်မြို့ (၂)ခန်းတွဲရေလောင်းအိမ်သာနှင့် ရေစင်ဆောက်လုပ်ခြင်း (RC) |
| ၄ | နောင်မွန်မြို့နယ်(၂)ခန်းတွဲရေလောင်းအိမ်သာနှင့် ရေစင်ဆောက်လုပ်ခြင်း(RC) |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ်ရေစင်ဆောက်လုပ်ခြင်း |
| ၆ | ပန်နန်းဒင်မြို့ငွေတိုက်ခြံစည်းရိုးကာရံခြင်း |
| ၇ | ခေါင်လန်ဖူးမြို့နယ် ဒုဦးစီးမှူးနေအိမ် (၃)လုံးဆောက်လုပ်ခြင်း (ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး) |
| | **ပြုပြင်မွမ်းမံခြင်း** |
| ၁ | ပြည်နယ်ရုံးဝန်ထမ်းနေအိမ်ပြုပြင်ခြင်း |
| ၂ | ဝိုင်းမော်မြို့နယ်အမှုထမ်းနေအိမ် (၃)လုံးပြုပြင်ခြင်း |
| ၃ | အင်ဂျန်းယန်မြို့နယ် (၆)ခန်းတွဲဝန်ထမ်းအိမ်ရာဝရန်တာနှင့် မီးဖိုချောင်ပြုပြင်ခြင်း |
| ၄ | ရွှေကူမြို့နယ် ဒုဦးစီးမှူး နေအိမ် (၂)လုံးပြုပြင်ခြင်း |
| ၅ | ဆွမ်ပရာဘွမ်မြို့နယ်ရုံးအကြီးစားပြုပြင်မွမ်းမံပြင်ဆင်ခြင်း |
| ၆ | ပန်နန်းဒင်မြို့အုပ်ချုပ်ရေးမှူး နေအိမ်ပြုပြင်ခြင်း |
| ၇ | ပန်နန်းဒင်မြို့ (၆)ခန်းတွဲဝန်ထမ်းနေအိမ်ပြုပြင်ခြင်း |
| ၈ | ပန်နန်းဒင်မြို့ရုံးပြုပြင်မွမ်းမံခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ၁-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့် ကိစ္စရပ်များအား ဖုန်း-၀၇၄-၂၉၅၄၄၊ ၀၇၄-၂၄၂၃၀၊ ၀၇၄-၂၂၇၂၇၊ ၀၇၄-၂၃၆၁၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
### တောင်ကြီးခရိုင်တရားရုံး
### ၂၀၁၄ ခုနှစ် တရားမထွေထွေမှုအမှတ် ၃၇

ဒေါ်မိုးမိုးထွေး နှင့် ၁။ ဒေါ်အေးမေ
၂။ ဒေါ်ခေါင်လီခင်(ခ)ဒေါ်ခင်မိုးမိုး(ခ) မအားလီ

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ဒေါ်ခေါင်လီခင်(ခ)ဒေါ်ခင်မိုးမိုး(ခ)မအားလီ အကျဉ်းဦးစီးဌာန၊ သာယာဝတီ အကျဉ်းထောင်၊ သာယာဝတီမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်မိုးမိုးထွေးက ဤရုံးတရားမဇာရီမှုအမှတ် ၇၈/၂၀၁၃ အမှုတွင် တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း ၅၄ အရ ပညတ်မိန့်ဝရမ်းကပ်ထားခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၅၈အရ ပြန်လည်ရုပ်သိမ်းဖယ်ရှားပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ထိုလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယုအောင်)
**ဒုတိယခရိုင်တရားသူကြီး(၁)**
**တောင်ကြီးခရိုင်တရားရုံး**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### သက်တော်ရှည်ဆရာတော်ကြီး
### ဘဒ္ဒန္တဝါသဝ မဟာထေရ်
### သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၈၂)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ နဂါးတွင်းစံပြကျေးရွာ၊ ချမ်းသာကြီးကျောင်းတိုက်၊ ဦးစီးပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တဝါသဝ မဟာထေရ်မြတ်သည် (၁၃၇၆ခုနှစ် တပေါင်းလဆန်း၁၄ရက်) ၃-၃-၂၀၁၅ရက် (အင်္ဂါနေ့) ည ၉း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တန်ခူးလပြည့်ကျော် ၃ရက်) ၆-၄-၂၀၁၅ရက် (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင်ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမန်းအောင်ဇော်ဦး-ဒေါက်တာမီခိုင်သန်းလှိုင်တို့၏ဖခင် ဦးတင်စိုး (မန်နေဂျာ-ငြိမ်း၊ ကုန်ထုတ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) အသက် (၇၇)နှစ်သည် ၂၁-၃-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**
**မြစ်ကြီးနားမြို့**

---

# အထူးကျေးဇူးတင်ရှိခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း၊ စေတီ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးသန်းအောင် (ရွှေမောင်းဖိနပ်)
## အသက် (၇၂)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၅၂၈)၊ မျက်ဝင်းရပ်နေ ရွှေမောင်းဖိနပ် ဒေါ်ကျင်၏ခင်ပွန်း နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်စောင့်ကြပ်ကုသပေးခဲ့သော မိသားစုဆရာဝန်ကြီး ဒေါက်တာ ဦးအောင်အောင်၊ နန်းတော်ဆေးရုံမှ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးရဲထွန်းနှင့် တာဝန်ကျ ဆရာ ဆရာမများအားလည်းကောင်း၊ မေတ္တာရှေ့ထားပြီး လိုက်ပါပို့ဆောင်ကြပါသော မဟာအောင်မြေ ပေါင်းလဲ့တိုက်မှ ဆရာတော်ကြီးများ၊ မိုးကောင်းတိုက်မှ ဆရာတော်ကြီးများ၊ စစ်ကိုင်းညောင်ပင်စဉ်မှ ဆရာတော်ကြီးများ၊ ပုပ္ပားအောင်နန်းမြေကျောင်းမှ ဆရာတော်များနှင့် မြဝတီစာသင်တိုက်မှ တိုက်အုပ်ဆရာကြီးနှင့် သီလရှင်ဆရာလေးများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း လာရောက်အားပေးနှစ်သိမ့်ပြီး လိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟ ရပ်မိရပ်ဖများအားလုံးတို့အားလည်းကောင်း၊ မဟာအရှေ့မှစေတနာအောင်မြေလူမှုကူညီရေးအသင်းအဖွဲ့အားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ပုလဲမြို့နယ်တရားမရုံးတော်၌
### ၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၃၃ နှင့်ဆက်နွှယ်သည့်
### ၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၈

ဒေါ်ခင်မျိုးကြည် နှင့် ဦးမြင့်ဆွေ
**တရားနိုင်** **တရားရှုံး**

ဦးမြင့်ဆွေ၊ မုံသွင်ကျေးရွာ၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၃၃တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်မျိုးကြည် လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၇ခုနှစ် ကဆုန်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ ခုနှစ် မတ် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်ခိုင်)
**မြို့နယ်တရားသူကြီး**
**ပုလဲမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6B/4125 အမည်ပေါက်သူ ဦးသိန်းမြင့် ၉/မမန(နိုင်)၀၁၄၆၀၅ က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်ဦးလွင်)

---

## ဒေါ်တင်တင်ဦး(တိုက်ကြီး)
### အသက်(၈၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ခေမာသီရိလမ်း၊ အမှတ် (၄၉၉/၅၀၀) (သုံးလွှာ) ခေါင်းရင်းနေ (ဦးသိန်းမောင်-ဒေါ်ထွေး)တို့၏သမီး၊ ဗိုလ်မှူးကြီးခင်မောင်အေး (ငြိမ်း)[ခင်မောင်အေး(မန္တလေး)]၏ဇနီး၊ ဒေါ်သီတာခင်-ဦးမင်းဝေ၊ (ဒေါ်နီလာခင်-ဦးထွန်းသန့်ဇင်)၊ ဦးလူမော်အေး-ဒေါ်ခင်စန္ဒာအောင်၊ ဒေါ်ချိုမာလွင်-ဦးတင်ထွဋ်အေး၊ ဒေါ်မြတ်သူဇာ၊ ဦးအောင်မော်အေး-ဒေါ်မိုးသန္တာနိုင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၉-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)ည ၁၁း၃၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)(ဦးဝိစာရလမ်း)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### မိတ္ထီလာခရိုင်တရားရုံးတော်
### ၂၀၁၅ ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၁

ဒေါ်အမာစိန် နှင့် ၁။ မညိုညိုဝင်း(ကွယ်လွန်သူ ဦးထွန်းရင်၏ တရားဝင်ကိုယ်စားလှယ်)
၂။ ဦးခင်မောင်အေး ၃။ မတင်မေ
၄။ မသန်းသန်းဦး ၅။ ကိုမျိုးသန့်
၆။ မအေးအေးခိုင် ၇။ ကိုဇော်အောင်
၈။ မတင်တင်စိုး ၉။ မဖြူဖြူစိုး
၁၀။ ဒေါ်မယ်ကြဲ ၁၁။ ဒေါ်ကြည်မွေး
၁၂။ ကိုဝင်းဇော်ဦး ၁၃။ ကိုထွန်းနိုင်
၁၄။ ကိုကုလား ၁၅။ ဒေါ်တင်ဥ

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူများ(၄)မှ (၁၅)အထိ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဒေါ်အမာစိန်က ဤရုံးသို့ မိတ္ထီလာမြို့နယ် တရားရုံး၏ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်(၂၅)တွင် ၂-၁၂-၂၀၁၄ရက်က ချမှတ်ထားသည့် ကြားဖြတ်အမိန့်အပေါ် ပြင်ဆင်ပေးရန်အကြောင်း လျှောက်ထားသည်ဖြစ်၍ သင်ကဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၅ ခုနှစ် ဧပြီ ၂၄ ရက် (၁၃၇၇ ခုနှစ် ကဆုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် မတ် ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဝင်း)
**ဒုခရိုင်တရားသူကြီး(၁)**
**မိတ္ထီလာခရိုင်တရားရုံး**

ကြော်ငြာ

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးတင်ရွှေ (အရာခံဗိုလ်၊ ငြိမ်း)

**အသက်(၈၅)နှစ်**

ဦးမောင်မောင်သန်း (ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ အတွင်းရေးမှူး)-ဒေါ်မေသူတို့၏ဖခင်၊ ဒေါ်ခင်ကြည်၏ခင်ပွန်း ဦးတင်ရွှေ (အရာခံဗိုလ်၊ ငြိမ်း) အသက်(၈၅)နှစ်သည် ၂၃-၃-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် ဇနီး ဒေါ်ဝါဝါမြင့်**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးသန်းဝင်း (ဗဟိုစာရင်းရုံး၊ ဒုညွှန်မှူး၊ ငြိမ်း)

**အသက်(၇၈)နှစ်**

စာရင်းကိုင်ပညာကို တစ်ခေတ်ဆန်းစေသူ၊ မှတ်ပုံတင်စာရင်းကိုင် (အာရ်အေ)နှင့် အစိုးရစာရင်းစစ်များကို မွေးထုတ်ပေးခဲ့သူ ကျေးဇူးရှင် ဆရာ ဦးသန်းဝင်းသည် ၁၉-၃-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျော်ညွန့်၊ သိန်းဇံ (KKK Group Auditors)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်ကြည်

**အသက်(၇၅)နှစ်**

ပုသိမ်မြို့၊ အလက(၁)မြို့မကျောင်း၊ ယခုအထက(ခွဲ)စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီဝင် ဒေါ်ညိုညိုလှ (ဘဏ္ဍာရေးမှူး)၊ ဦးမောင်မောင်ရွှေ(အမှုဆောင်)တို့၏မိခင် ဒေါ်တင်ကြည်သည် ၂၈-၃-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ**
**ကျင်းပရေးကော်မတီအဖွဲ့**
**အလက(၁)မြို့မကျောင်း(ပုသိမ်မြို့)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မမလေး

**အသက်(၇၃)နှစ်**

ဦးမင်းသူရိန်(ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်အေးစန္ဒာစိုးတို့၏မိခင် ဒေါ်မမလေးသည် ၃၁-၃-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

**(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း**

## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ထွေးကြည်

**(စာရေးဆရာမ ခင်လေးမွန်)**

**၁-၄-၂၀၁၁မှ ၁-၄-၂၀၁၅**

မေမေရေ...အရမ်းသတိရနေပါတယ်။ မေကြီးချစ်တဲ့ ဘွားမြေးလေးကလဲ ဘွားဘွားကြီးကို သတိရလို့ ပြောမိတိုင်း မျက်ရည်ဝဲကျလာပြီး အရမ်းဝမ်းနည်းမိတယ်လို့ ပြောပါတယ်။ မမြဲတဲ့သင်္ခါရက ခွဲခဲ့ပေမယ့် ကြီးမားတဲ့ချစ်ခြင်းမေတ္တာများက အမြဲနီးလျက်ပါ။ ချစ်သမီးတို့မိသားစု ချစ်မေမေအတွက် ရည်စူးပြုသမျှ ကုသိုလ်တို့အား အမြဲတမ်း အမျှဝေလျက်ပါ။ မေမေမြင့်သထက် မြတ်သောနေရာမှာ နိဗ္ဗာန်ရောက်ကြောင်းတရားများ ကျင့်ကြံပွားများအားထုတ်နိုင်ပါစေ။

**ချစ်သမီး မိသားစု-ဒုရဲမှူးကြီးသန့်ဇင်အောင်-ဒေါ်ပန်းမြတ်မွန်**
**ဘွားမြေးလေး-မောင်ရှင်းသန့်ကိုကို(ပန်းမြတ်ညီလာ မိသားစု)**

---

## ဦးထွန်းအောင်ကျော် (စစ်မှုထမ်းဟောင်း)

**အသက်(၅၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၅၀၁ နေ (ဦးထွန်းမြအောင်-ဒေါ်မသောင်း)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဒူးယားကျေးရွာအုပ်စု၊ လိန်ကုန်းကျေးရွာနေ (ဦးကျော်မြင့်)-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဒေါ်သင်းသင်းဦး၏ချစ်လှစွာသောခင်ပွန်း၊ မယုသဇင်ထွန်း၊ မောင်မျိုးမင်းထွန်းတို့၏ဖခင်သည် ၃၁-၃-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၄း၁၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၅ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

**ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ ကသစ်ဝိုင်ဓမ္မရိပ်သာ**

**ဆရာတော်၏မယ်တော်ကြီး**

## ဒေါ်သိန်းနု

**(ရာသက်ပန်ကသစ်ဝိုင်ယောဂီ)**

**အသက်(၉၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်ဦးကျေးရွာနေ ( ဦးထွန်းအေး-ဒေါ်ကွမ်း)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကဥ္စနသာရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ ရဟန်းမယ်တော်ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ခေါင်းကွဲကျေးရွာနေ (ဦးချစ်ရွှေ-ဒေါ်လှရင်)၊ ဦးလှသောင်း-ဒေါ်မြခင်၊ ကူးတို့ဆိပ်ကျေးရွာနေ ဦးမြသောင်း-ဒေါ်မြရင်၊ (မအုံးကျင်)တို့၏မိခင်သည် ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာမှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ရဟန်းမယ်တော်ကြီး ဒေါ်သိန်းနု

**အသက်(၉၆)နှစ်**

ပဲခူးမြို့၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကဥ္စနသာရ၏ မယ်တော်ကြီး ဒေါ်သိန်းနု အသက်(၉၆)နှစ်သည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အကျိုးတော်ဆောင်အဖွဲ့ (ကသစ်ဝိုင် ဓမ္မရိပ်သာ၊ ပဲခူးမြို့)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်နု

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၁၁)ရပ်ကွက်၊ ဓမ္မာရုံလမ်းမကြီး၊ အမှတ် ၅၈၄ နေ (ဦးမြတင်-ဒေါ်သန်းသန်း)တို့၏သမီးကြီး၊ (ဦးသန်းလွင်)-ဒေါ်ခင်ခင်၊ ဗိုလ်ကြီးခင်ညို(ငြိမ်း)-ဒေါ်ခင်ခင်အေး၊ ဦးအုန်း-ဒေါ်ခင်လှမြင့်(S.A.T-ငြိမ်း)၊ ဦးဝင်းဖေ၊ ဒေါက်တာမောင်ချို(ဖြိုတိန်)၊ ဦးညီညီ၊ ဦးမိုးသူ-ဒေါ်ကြည်ကြည်တင်(S.A.T-ငြိမ်း)တို့၏အစ်မကြီး၊ ဦးချစ်ကိုကို 2nd MATE (F.G)-ဒေါ်မူမူဟန်၊ ဒုတိယဗိုလ်မှူးကြီးတင်ဦး(ငြိမ်း)-ဒေါ်ညိုမာဝင်း၊ ဗိုလ်ကြီးသိန်းဇော်ဝင်း(ငြိမ်း)-ဒေါ်ကေသီဇော်(ကေသီအထည်ချုပ်)၊ ဦးကျော်သန်း-ဒေါ်သီတာဝင်း(Dozo FASHION)၊ အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့နေ ဒေါ်သဇင်ဝင်း၊ ဒေါ်မာလာဝင်းတို့၏မိခင်ကြီး၊ မြေး ၁၄ယောက်တို့၏အဘွားသည် အမေရိကန်ပြည်ထောင်စု၊ လော့စ်အိန်ဂျလိစ်မြို့နေအိမ်၌ ၂၈-၃-၂၀၁၅ရက် ဒေသစံတော်ချိန် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒုအရာခံဗိုလ်ယောဟန်(ငြိမ်း)

**အသက်(၈၀)**

ကချင်ပြည်နယ်၊ ရှင်ဗွေယန်မြို့နယ်နေ (ဦးရှောင်ခ-ဒေါ်ကျေးဖင်း)တို့၏သား၊ (ဦးထွန်းမောင်-ဒေါ်စောရှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊သီရိမြိုင် ၇လမ်း၊ အမှတ်(၁)နေ ဒေါ်ဖွားကြည်၏ခင်ပွန်း၊ ဦးဟန်ကြည်-ဒေါ်အေးသိန်း၊ ဒေါ်ကြည်သန်းနွယ်၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်ဟန်၊ ဒေါ်ကြည်ဝင်းဟန်၊ဒေါ်ကြည်သောင်းဟန်၊ဦးမြင့်ဆွေ-ဒေါ်ကြည်ဟန်မော်၊ဦးဟန်ကြည်ထွေး-ဒေါ်ခင်မျိုးသက်၊ ဦးဟန်ကြည်ခိုင်-ဒေါ်လင်းနန္ဒာ၊ ဦးဟန်ကြည်တူး(ခ)ဇော်တူးတို့၏ဖခင်၊မောင်ဟန်မြင့်မြတ်(G.X IISY)၊မဟန်မဉ္ဇူ(G.IX IISY)၊ မောင်ကျော်နသန်ဟန်မြင့်ဆွေ(J.II IISY)၊ မသက်ကြည်ဖြူဟန်တို့၏အဘိုးသည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သုခကမ္ဘာဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂-၄-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မေမေအောင် (လက်ထောက်မန်နေဂျာ၊ ငြိမ်း)

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ကျိုက်ဝိုင်းအိမ်ရာ၊ တိုက် ၂/၀၀၃နေ (ဦးသောင်းကြည်-ဒေါ်သန်းသန်း)တို့၏သမီး (ဦးအုန်းမောင်-ဒေါ်သန်းရင်)တို့၏ချွေးမ၊ ဦးခင်မောင်ကြည် [လ/ထညွှန်မှူး(ငြိမ်း)၊ မြို့ရွာ/အိုးအိမ်]၏ဇနီး၊ ဒေါ်ငွေငွေအောင်၊ ဦးခင်မောင်ဝင်းတို့၏ညီမ၊ ဦးထွန်းရီ၊ ဒေါ်ဝင်းဝင်းသောင်းတို့၏အစ်မ၊ ဒေါ်နွဲ့ယဉ်ကြည်(လ/ထ ညွှန်မှူး၊ ပတခ)၊ဦးကျော်ဇေ-ဒေါ်စန္ဒာလှိုင်(M.I.C.B)၊ ဦးအောင်ခန့် (ဒုတိယမြို့နယ်တရားသူကြီး၊ လှိုင်မြို့နယ်တရားရုံး)တို့၏မိခင်၊ မထက်အိန္ဒြေလှိုင်၏အဘွားသည် ၃၁-၃-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်းငွေ

**အသက်(၆၂)နှစ်**

မကွေးမြို့၊ သိင်္ဂါဂီရိရပ်၊ စိန်ပန်းပင်လမ်းနေ (ဦးလှမြင့်)-ဒေါ်အေးမြင့်တို့၏သမီး၊ ပေါက်မြို့၊ အောင်တော်မူရပ်၊ အောင်သုခလမ်းနေ (ဦးတင်မြင့်)-ဒေါ်ခင်ညိုတို့၏သမီးချွေးမ၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(ငြိမ်း)၏ဇနီး၊ ဦးတူးတူး-(ဒေါ်ခင်မိ)တို့၏ညီမ၊ ဒေါ်ခင်ဆွေဝင်း၊ ဦးမျိုးသန့်-ဒေါ်မြမြစန်း၊ ဦးမျိုးခန့်-ဒေါ်ဝင်းဝင်းခိုင်တို့၏အစ်မ၊ဦးသက်ဇော်ဦး(မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ ရွှေတောင်မြို့)နှင့် ဦးဖြိုးဝေဟိန်း-ဒေါ်အေးအေးခိုင်သိန်း (မင်္ဂလာဈေး)တို့၏မိခင်၊ မောင်သာထက်အောင်(Grade-IV)-တီတီစီ(လှိုင်နယ်မြေ)၏အဘွားသည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)တွင် မကွေးမြို့၌ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် မကွေးမြို့နေအိမ်မှ မကွေးမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါမကွေးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်သီဝင်း

**ဌာနခွဲစာရေး၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၄၃)နှစ်**

နေပြည်တော်ကောင်စီရုံး၊နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနခွဲစာရေး ဒေါ်သီဝင်းသည် ၂၅-၃-၂၀၁၅ရက် ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဒက္ခိဏခရိုင်နှင့်မြို့နယ်လေးမြို့နယ်မှအမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ**

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သင်းကြည်(ဘီလူးကျွန်း)

**အသက်(၈၅)နှစ်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်တင်ဝင်း)တို့၏သမီး၊ (ဦးဖိုးဆိုင်-ဒေါ်ဒွေးဖြူ)တို့၏ချွေးမ၊ (ဦးချစ်စိန်)၏ဇနီး၊ ဒုတိယရဲမှူးကြီး သိန်းထွန်း(ငြိမ်း)-(ဒေါ်စူးဟန်)၊(ဦးဘန်ရှိန်-ဒေါ်ငွေငွေမြင့်)တို့၏မိခင်၊ ကိုသန့်ဇင်ထွန်း-မဝါဝါလွင်ဦး၊ ကိုအောင်ကျော်ခိုင်၊ကိုကျော်စွာထွန်း-မနှင်းယမုံထွန်း၊ မပြုံးပြုံးခိုင်တို့၏အဘွား၊မအိဖြူစင်ကို၊ မအိမ့်ဝတီသန့်၊ မောင်ကောင်းမြတ်ကိုတို့၏ဘွားဘွားကြီးသည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့)ည၁၁း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။[အမှတ်၁၀၆/က-ပထပ်၊ နန္ဒဝန်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးမျှင်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိမြိုင် ၉လမ်း၊ (၁၃)ရပ်ကွက်၊ အမှတ် ၈၉နေ (ဦးရှိန်ဝမ် - ဒေါ်ရွှေမှိန်)တို့၏ သမီး၊ (ဦးတင်သန်း)၏ဇနီး၊ ဦးစိုးညွန့်-ဒေါ်ကျင်သန်းတို့၏အစ်မ၊ ဦးလှအုမ်-ဒေါ်ကျင်ဝင်း၊ ဦးဝင်းထွန်း-ဒေါ်ခင်ငွေ၊ (ဦးမြမောင်)-ဒေါ်နှင်းကြည်၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်း၊ ဦးစိုးနိုင်-ဒေါ်သန်းသန်းအေး၊ဦးတင်မြ-ဒေါ်ပပဝင်း၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၅ရက် နံနက် ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နော်မေလုံဖော

**အထက(၄)ကြည့်မြင်တိုင်**
**အမက(၁၁)မရမ်းကုန်း**
**အလက(၈)မရမ်းကုန်း**
**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ခဝဲခြံ(၁)လမ်း၊အမှတ် ၆၀၄နေ (ဦးစောလှရွှေ-နော်တလု)တို့၏စတုတ္ထသမီးကြီး၊ (နော်စေးဖော-စောရော့ဖတ်မင်း)၊ နော်ထူးဖော-ဦးစောဘိုလ်စမ်၊ နော်တာမလာဖော-စောမောင်မောင်ပန်းတို့၏ညီမ၊ နော်ချယ်ရီဖော-ဦးစောဘီးဒါ၊ Saw Vanquisher-နော် Rosebelle Thoung၊ စောဒယ်နီယယ်-နော်စာရားတို့၏အစ်မ၊ တူ/တူမ ၂၃ယောက်၊ မြေး ၂၇ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘွားသည် ၃၀-၃-၂၀၁၅ရက် (တနင်္လာနေ့) ည ၇း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် သမိုင်းကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ငွေငွေ (မြောင်းဘွေ့)

**အလယ်တန်းပြဆရာမ**

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၆၄)ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၁လမ်း(A)၊ အမှတ် ၁၇၊ အခန်းအမှတ် ၃၀၃နေ (ဦးအောင်သိန်း)-ဒေါ်ခင်ကြည်တို့၏ဒုတိယသမီး၊ ဒေါ်မြင့်မြင့်အေး-ဦးအေးကိုတို့၏ညီမ၊ ဒေါ်သန်းသန်းနွယ် - ဦးသန်းထွန်းဦး၊ ဦးသိန်းဇော်-ဒေါ်သန္တာခိုင်၊ ဦးသိန်းလွင်-ဒေါ်သိန်းဝင်း၊ ဒေါ်ဖြူဖြူစော၊ ဦးသက်တင်၊ ဒေါ်အေးအေးသက်-ဦးဝင်းသိန်းတို့၏အစ်မ၊ တူ၊ တူမ ၁၃ ယောက်တို့၏အဒေါ်သည် ၃၁-၃-၂၀၁၅ရက်နံနက်၁း၅၀နာရီတွင်ရန်ကုန်(ခတင်-၅၀၀)ဆံ့ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးစန်းရီ

**အသက်(၇၇)နှစ်**

မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဦးအောင်ငြိမ်းနီ - အမျိုးသမီးတာဝန်ခံ ဒေါ်လေးဇာဇာလှိုင်မြင့်တို့၏ဖခင် ဦးစန်းရီ အသက်(၇၇)နှစ်သည် ၃၀-၃-၂၀၁၅ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ၊**
**အားကစားသမားများ**
**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Pu.Van Lal Ruata (ဦးဗန်လာလ်ရွတ်သာ)

**အသက်(၇၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၈၁/၈၃(A3)နေ (Pu.Bual Sailova Leh-Pi.Hau Tiali)တို့၏ ပဉ္စမမြောက်သား၊ (Pu.Kap Thang Vunga Leh -Pi.Khuang RO Zingi)တို့၏ချစ်လှစွာသောသားသမက်၊ ကလေးမြို့နေ Pu. Thang Hauva, (Pi. Thang Ngilh Lovi),Pi Thang Ngilh Lovi,(Nl. Lal Chawi Liani),(Pu. Sang RO Zanma),Pu.Biak Zama,(Pi Herh Mawii) တို့၏မောင်/ညီ/အစ်ကို၊ Pi. Kei Lam Tami ၏ချစ်လှစွာသောခင်ပွန်း၊ (Tv.Biak Sang Lara),Tv.Thang Sai Khuma(USA),(Pu.Bsc.C. Thanga),Pi.Malsawm Zaui,Pi.Lal Hlim Puii(USA),Nl.Rual Za Lawmpuii,(Pu.Lal Din Thara)တို့၏ချစ်လှစွာသောဖခင်၊ (Lal Rin Chhana), Tv.Lal Chhanhima (BEHS No(1),Dagon),NI.Lal Rem Liani (BEHS No (1),Dagon),Lal Hruai Tluanga,Lal Rin Zami တို့၏အဘိုးသည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၀၀း၄၀နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်နှင့်ဆူးလေ ဧမာနွေလ ဘုရားကျောင်းရှေ့မှ မွန်းတည့် ၁၂နာရီ၊ မြောက်ဒဂုံ၊ စစ်တောင်းမှတ်တိုင်နှင့် အင်းစိန်၊ ထန်းပင်ကုန်းတို့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတို့တွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ကအစ္စမိုင်အင်(ခ)

## ဦးတင်မြင့် (မော်ဘီမြို့)

**အသက်(၇၈)နှစ်**

(ဦးဘူတာ-ဒေါ်ဖာတဘီ)တို့၏သား၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ဦး၊ ဦးထွန်းထွန်း-ဒေါ်သန်းသန်းရွှေ၊ ဦးနိုင်နိုင်မြင့်၊ ဟာဂျီ ဦးဘုန်းမြင့်-ဟာဂျီမ ဒေါ်အေးအေး၊ ဒေါ်စန္ဒာမြင့်၊ ဒေါ်သိင်္ဂီမြင့်တို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ မော်ဘီမြို့၊ (၄)ရပ်ကွက်၊ ကန်သာယာလမ်း၊အမှတ်၁၁၇နေ ဒေါ်အုန်း၏ခင်ပွန်း၊ဦးတင်မြင့်(သတင်းထောက်၊ သတင်းစာကိုယ်စားလှယ်)သည် ၂၇-၃-၂၀၁၅ရက် ည ၁၀း၃၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ၂၈-၃-၂၀၁၅ရက်(စနေနေ့)တွင် ဇဟိုရ်နမာဇ်အပြီးတွင် အနောက်ပိုင်း ကဘာစတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း**
**ဒါယကာကြီး**

## ဦးဝင်းထွန်း

**အသက်(၄၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၅/B၊ သီရိလမ်း၊ ပါရမီရိပ်သာနေ (ဦးတင်အောင်)-ဒေါ်ခင်အေးတို့၏သား၊ ဒေါ်ချိုချိုအောင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်-ဒေါ်ခင်မြသိန်း၊ ဒေါ်တင်တင်လှိုင် - CEO Managing Director Hightech Princess Group of Company၊ ဦးဇင်ဦး-ဒေါ်နန်းအုန်းအုန်းမြင့်(ခ)မဆုဆု၊ (ဦးအောင်မြိုင်)တို့၏ညီ/မောင်၊ဦးအောင်နိုင်ဝင်း-ဒေါ်ညွန့်ညွန့်တို့၏အစ်ကို၊ မကြယ်စင်သန့် (Grade-10, အထက-၂၊ ဗဟန်း)၊ မောင်ကောင်းစည်သူ (Grade-8, အထက-၂၊ ဗဟန်း)တို့၏ဖခင်၊ မောင်ဝေယံ(မန်နေဂျင်းဒါရိုက်တာ Campro Tech၊ မောင်ဇေယျာ၊ မောင်ဖြိုးဝေဝင်း (Director of Max Myanmar Co., Ltd.) - မသန္တာမြင့် (KBZ Bank လက်ထောက်မန်နေဂျာ)၊ ဗိုလ်ကြီးလှိုင်ထွန်း(လေတပ်စခန်းဌာနချုပ်၊ မြစ်ကြီးနား)၊ မမျိုးမျိုးဝင်း၊ မချစ်အိမ်သူ၊ မောင်ရဲဟိန်းငွေ (ခ) Henry James ၊မောင်မင်းဟိန်းငွေ(ခ)Brian James တို့၏ဦးလေးသည် ၃၁-၃-၂၀၁၅ရက် နံနက် ၈း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၂နာရီအထိ အမှတ် ၃၁၊ မိုးစွေလမ်း၊ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစန်းရီ (သူရဲသမိန်)

**အသက်(၇၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သူရဲသမိန်ကျေးရွာနေ (ဦးသိန်းအောင်-ဒေါ်လှ)တို့၏သား၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စည်ပင်အားကစားဝင်းနေ ဒေါ်မာလာ၏ခင်ပွန်း၊ ဒေါ်ချောအိဟန်၊ ဦးအောင်ငြိမ်းနီ(မြန်မာ့လက်ရွေးစင် သေနတ်ပစ်ကစားသမား)-ဒေါ်လေးဇာဇာလှိုင်မြင့်(မြန်မာ့လက်ရွေးစင် သေနတ်ပစ်ကစားသမား)တို့၏ ဖခင်သည် ၃၀-၃-၂၀၁၅ရက်(တနင်္လာနေ့) ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်သန်း(ရန်ကင်း)

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**

**အသက်(၆၇)နှစ်**

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ အခန်း ၃၁၊ တိုက် ၁၇နေ(ဦးသန်း-ဒေါ်ရီ)တို့၏သမီးကြီး၊ ဦးခင်မောင်သန်း (တက္ကသိုလ်များ ပုံနှိပ်တိုက်)၏ ညီမ၊ ဒေါ်ကြူကြူသန်း၊ ဒေါ်တင်တင်သန်း (ဆေးသုတေသန၊ ငြိမ်း)တို့၏ အစ်မ၊ ဦးခင်ဦး (ဗဟိုအလုပ်သမား အစည်းအရုံး၊ ငြိမ်း)၏ဇနီး၊ ဦးသန်းထွဋ်ဦး (Bangkok) - ဒေါ်ခင်စိုးလင်းတို့၏ မိခင်၊ မောင်အောင်ချမ်းမင်း၊ မောင်ပြည့်ဖြိုးမင်းတို့၏အဘွားသည်၂၉-၃-၂၀၁၅ရက် ညနေတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးကို

**အသက်(၅၀)**

ဗဟန်း ၁လမ်း၊ ကန်ဦးကျောင်းတိုက် ဆရာတော် ဦးကေလာသအား အမှူးထား၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊မိုးခိုင်ကြီးကျေးရွာနေ(ဦးခေတ်လင်)-ဒေါ်ဝင်းကြည်တို့၏ တတိယမြောက်သား၊ မိုးကုတ်မြို့၊ အရှေ့ပိုင်းနေ (ဦးအုန်းဖေ - ဒေါ်မြဝင်း)တို့၏ သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊တိုက် ၁၁၊ အခန်း ၄၃နေ ဒေါ်ညွန့်ရီ၏ချစ်လှစွာသောခင်ပွန်းသည် ၃၁-၃-၂၀၁၅ရက် နံနက် ၆း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၄-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကုန်သွယ်ရေးနှင့်ရေကြောင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး ဆွေးနွေး (စာ » ၅)

# ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဇနီး လာအိုနိုင်ငံ နမ့်ငွမ်း(၁)ရေအားလျှပ်စစ်စက်ရုံ လေ့လာ

**ဗီယင်ကျန်း  မတ်  ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညွန့်ထွန်းနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် လာအိုသမ္မတရုံးဝန်ကြီးနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးနှင့်ဇနီးတို့နှင့်အတူ လာအိုနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ တည်ရှိရာ နမ့်ငွမ်း(၁) ရေအားလျှပ်စစ်စက်ရုံသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့သည် ဗီယင်ကျန်းမြို့၏မြောက်ဘက် ကီလိုမီတာ ၉၀ အကွာတွင်တည်ရှိသည့် နမ့်ငွမ်း(၁)ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိရာ ဗီယင်ကျန်း ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့အား နမ့်ငွမ်း(၁)ရေအားလျှပ်စစ်စက်ရုံတွင် လာအိုနိုင်ငံစွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန စွမ်းအင်မူဝါဒနှင့် စီမံကိန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Khamso Kouphokham က လာအိုနိုင်ငံ၏ စွမ်းအင်အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှု မြှင့်တင်ရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Anousak PHONGSAVATH က လာအိုတစ်နိုင်ငံလုံး ၁၅ နှစ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ Sunlabob Renewable Energy ကုမ္ပဏီမှ CEO Andy Schroeler က နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လာအိုနိုင်ငံ၏ ကျေးလက်ဒေသ ရေရရှိရေး ဆောင်ရွက်နေမှုကိုလည်းကောင်း *စာမျက်နှာ ၄ ကော်လံ ၁* ❋



**ဒုတိယသမ္မတဦးညွန့်ထွန်း နမ့်ငွမ်း(၁) ရေအားလျှပ်စစ်စက်ရုံအတွင်းရှိ ရေအားလျှပ်စစ်ထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

## အာရှ ယူ-၂၃ ခြေစစ်ပွဲ မြန်မာ ဩစတြေးလျကို ဂိုးပြတ်ရှုံး

ညီမြတ်သော်တာ

ရန်ကုန်  မတ်  ၃၁

**အာရှယူ-၂၃ ခြေစစ်ပွဲ အုပ်စု (F) နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းမှာ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။**



**ဩစတြေးလျ ယူ-၂၃ - ငါးဂိုး**
**မြန်မာ ယူ- ၂၃ - တစ်ဂိုး**

မြန်မာအသင်းသည် ခြေစစ်ပွဲ အောင်မြင်နိုင်သည့် သရေတစ်မှတ်ကို ရယူနိုင်ခဲ့ခြင်းမရှိသကဲ့သို့ ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် အကောင်းဆုံး အုပ်စုဒုတိယနေရာအတွက် ထိပ်ဆုံးငါးသင်းဝင်ရန် အခွင့်အရေးနည်းသွားရပြီဖြစ်သည်။ သုံးပွဲဆက် အနိုင်ရခဲ့သည့်ဩစတြေးလျအသင်းသည် အုပ်စုပထမဖြင့် ခြေစစ်ပွဲအောင်သွားခဲ့ပြီး *စာမျက်နှာ ၅ ကော်လံ ၄* ❍

## ဦးနှောက်သွေးကြောရောဂါများ ခွဲစိတ်စရာမလိုဘဲ မြန်မာနိုင်ငံ၌ ပထမဆုံးကုသနိုင်ပြီ

သတင်း-မြင့်မောင်စိုး

**ရန်ကုန်  မတ်  ၃၁**

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုသဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Japan International Medical Cooperation Organization -JIMCO) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဦးနှောက်သွေးကြောရောဂါများကို ခွဲစိတ်စရာမလိုဘဲ မြန်မာနိုင်ငံ၌ ပထမဆုံးကုသပေးနိုင်ပြီဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

" ဂျပန်နိုင်ငံ JIMCO အဖွဲ့မှ ပါမောက္ခ ဒေါက်တာ HARAKAWA ဦးဆောင်တဲ့အဖွဲ့နဲ့ မြန်မာနိုင်ငံမှ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဆရာဝန်များ ပူးပေါင်းပြီး ဦးနှောက်အတွင်း သွေးကြောဆုံခြင်းနဲ့အလားတူ ရောဂါတွေကို ခွဲစိတ်စရာမလိုဘဲ ပေါင်သွေးကြောမှတစ်ဆင့် ပိုက်သွင်းကုသတဲ့နည်းနဲ့ ကုသပေးနိုင်ပါတယ်။ ဒါက မြန်မာနိုင်ငံမှာ ပထမဆုံးကုသတဲ့နည်းဖြစ်ပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန ဒေါက်တာအောင်သူစိုးမြင့်ထံမှ သိရသည်။

အဆိုပါ ကုသနည်းဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဌာန၌ မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် *စာမျက်နှာ ၆ ကော်လံ ၁* ❖




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488